မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ္ဋကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ တနလင်္ဂနေ့ အတွဲ (၅၇)၊ အမှတ် (၃၅၇)

ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အစိုးရယန္တရား ပြုပြင်ပြောင်းလဲမှု

❖ နိုင်ငံတော်အစိုးရ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ဒီမိုကရေစီ တန်ဖိုးအရ၊ လူ့အခွင့်အရေးစံနှုန်းအရ လိုက်လျောညီထွေမဖြစ်တော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။

❖ နိုင်ငံတော်အစိုးရ ရည်မှန်းထားသည့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ တရားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ တရားရေးဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးယန္တရားများကို ပြုပြင်ပြောင်းလဲ အရည်အချင်းမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

ပုဂံဒေသရှိ သဗ္ဗညုစေတီတော် ပြုပြင်ထိန်းသိမ်းရေးစာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

ပုဂံဒေသရှိ သဗ္ဗညုစေတီတော် ပြုပြင်ထိန်းသိမ်းရေးစာလွှာကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြတမ်းအတွင်းဝန်ဦးထွန်းအုံတို့ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

ပုဂံ စက်တင်ဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ပုဂံဒေသရှိ သဗ္ဗညုစေတီတော် ပြုပြင်ထိန်းသိမ်းရေးအတွက် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစာလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက်ညနေ ၃ နာရီတွင် သဗ္ဗညုဘုရား ပထမဗစ္စယံရှိ အာရုံခံလိုဏ်အတွင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာ၌ ၂၀၁၆ ခုနှစ် သြဂုတ်

စာမျက်နှာ ၃ ကော်လံ ၁

ပြည်သူ့အလုပ်သမားပါတီနှင့် အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) တို့၏ ဟောပြောစည်းရုံးမှုများ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူ့အလုပ်သမားပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၅ ရက်တွင် လည်းကောင်း၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၇ ရက်တွင် လည်းကောင်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်သည်။ **သတင်းစဉ်**

တောင်ငူမြို့၊ ဒေသခံအလှူရှင်များ၏ အကူအညီဖြင့် ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်ဆေးစက်ထားရှိမည် စာ » ၆

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ စာ » ၉

ကန်နှင့် တရုတ် ကုန်သွယ်ရေးတိုက်ပွဲ ပြင်းထန်လာသောကြောင့် အမေရိကန် ဆိပ်ကမ်းများ စိုးရိုမ်နေ စာ » ၁၄

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

မြန်မာနိုင်ငံနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

မျက်မှောက်ခေတ်ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်း(Globalization)ကို အကောင်အထည်ဖော်နေရသော ကမ္ဘာကြီး ဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံချင်းစီက နိုင်ငံတကာထံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကို ဆွဲဆောင်လျက် ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်နိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ချိတ်ဆက်ရာ၌လည်း နိုင်ငံတကာထံမှရရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာတို့ကို အသုံးပြုပြီး တစ်နိုင်ငံချင်းစီက မိမိတို့ထုတ်လုပ်ဖန်တီးသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှု၏ ယှဉ်ပြိုင်နိုင်စွမ်းကို အမြင့်မားဆုံး ဖန်တီးခြင်း ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်း အမြင့်မားဆုံးဟူသည် အကောင်းဆုံးအရည်အသွေးကို အသက်သာဆုံးဈေးနှုန်းဖြင့် နိုင်ငံတွင်းနှင့် ဒေသတွင်းအပါအဝင် တစ်ကမ္ဘာလုံးရှိပြည်သူတို့အား ရောင်းချပေးခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရာ၌ တခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၌ မလွဲမသွေ ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်နည်းတူ အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community -AEC)၌ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အာဆီယံနိုင်ငံအားလုံး ပါဝင်ဆောင်ရွက်ရန် ရည်မှန်းထားသည်။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR)၌လည်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို ပူးတွဲထူထောင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို တရုတ်နိုင်ငံနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တရုတ်ပြည်ခရီးစဉ် အတွင်း ဤကဲ့သို့ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။ နားလည်မှုစာချွန်လွှာဟူသော သဘောတရားနှင့်အညီ နှစ်နိုင်ငံအကြား အခြေခံသဘောထားတို့ကိုသာ ညှိနှိုင်းသဘောတူခဲ့ခြင်းဖြစ်ပြီး အသေးစိတ်အချက်အလက်တို့ကို ထပ်မံညှိနှိုင်းဆွေးနွေးကြရမည် ဖြစ်ပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၌ ဖွံ့ဖြိုးဆဲနိုင်ငံတို့သည် ဒေသတွင်းနိုင်ငံတို့၏ စုစည်းမှုအင်အားကိုရယူလျက် ယှဉ်ပြိုင်နိုင်စွမ်း အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည်လည်း အာဆီယံစီးပွားရေးရိပ်မြုံ (AEC) နှင့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR)ကဲ့သို့ သော ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၌ မလွဲမသွေ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပါဝင်ဆောင်ရွက်ရာ၌ တိုင်းပြည်၏ ပကတိအခြေအနေအပေါ်မူတည်လျက် မြန်မာနိုင်ငံသည် ယှဉ်ပြိုင်နိုင်စွမ်းအကောင်းဆုံး ဖန်တီးပေးနိုင်မည့်လုပ်ငန်းတို့ကို ရွေးချယ်သတ်မှတ်ပေးရမည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၌ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် မှီခိုနေသည်ဖြစ်၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဖြစ်စဉ်များ၌ မလွဲမသွေ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

ပေါင်းတည်မြို့ ၁၁၈ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အား ဆင်ရတနာ သုံးစီးဖြင့် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံ

ပေါင်းတည် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ ၁၁၈ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စက်တင်ဘာ ၂၁ ရက် ညနေ ၅ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား နှစ်ပတ်လည်စံမြန်းရာ ဂန္ဓကုဋီတိုက် ရွှေကျောင်းတော်မှ အာရုံခံတန်ဆောင်းအတွင်းရှိ ရွှေကျောင်းဆောင် ရှေ့ပလွင်ထက်ပေါ်သို့ တာဝန်ရှိသူများက ပင့်ဆောင်ကာ အပူဇော်ခံထားရှိပြီး စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်အတွင်းမှ ငွေကြုတ်အတွင်းသို့ ပြောင်းရွှေ့ပြီး သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပါရဂူနှင့်တာဝန်ရှိသူများက ဆင်တော်ရတနာတစ်စီး၊ အရန် ပိဋ္ဌကတ်သုံးပုံတင် ဆင်ရတနာတစ်စီးနှင့် သိကြားမင်းလိုက်ပါပူဇော်မည့် ဆင်ရတနာတစ်စီး တို့ဖြင့် ပင့်ဆောင်ကာ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများက ပန်းများခင်း၍ ပူဇော်ကြပြီး ရှေ့ဆုံးမှ မဂ်လာစည်တော် အကအဖွဲ့ ဝတ်အသင်းများ၊ ပရိတ်အသင်းများ၊ ဒေဝါဝင်း ရာဇာဝင်းသာသနာ့အဆောင်အယောင် ကိုင်ဆောင်သည့်အဖွဲ့ သက္ကမုနိမိုယ်းကောင်းကြီး ဝေယျာဝစ္စအသင်း မြိုနယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်၊ မြိုနယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်၊ လ္ဘတ်တော်ကိုယ်စားလှယ်များ၊ ဗုဒ္ဓမြတ်စွယ်တော်ပွဲတော် ကျင်းပရေးအခမ်းအနားစီစဉ်မှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆင်ဖောင်သူကြီး မျိုးနွယ်စုနှင့် ဆင်ပိုင်ရှင်များ၊ ဇာတ်နိပါတ် သုံးခုအလှပြယိမ်းကားခြောက်စီးမှ နိုင်ငံကျော်တေးသံရှင်များနှင့် ဒေသခံဝါသနာရှင်များက လိုက်ပါသီဆို ကပြဖြေဖျော်၍ မြို့တွင်းရှိ ဆင်ရပ်နားစခန်း ကိုးခုနှင့် စတင်ထွက်ခွာလာ သည့် ရွှေကျောင်းကြီး တိုက်အတွင်းထိ လှည့်လည်အပူဇော်ခံရာ နိုင်ငံအဝန်းနှင့် အနယ်နယ်အရပ်ရပ်တို့မှ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးဧည့်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုး ကြက်ပျံမကျ စည်ကားကြောင်း သိရသည်။

အဆိုပါ လှည့်လည်အပူဇော်ခံရာ လမ်းများတွင် မြိုနယ်ရှိ ဓေတနာရှင်များက လာရောက်ကြသည့် ဘုရားဖူးပရိသတ်များအား အာဟာရဒါနအဖြစ် မုန့်နှင့် အချိုရည်၊ ရေသန့်များအား ကျွေးမွေးလှူဒါန်းကြပြီး ပွဲတော်တွင် ဈေးဆိုင်မျိုးစုံ အပါအဝင် အညာကုန်များ၊ ငြိမ်းချမ်းရွှေတည် ပြည်သူ့ပန်းခြံတွင် နေ့စဉ် ဖြေဖျော်ပွဲများ၊ ကလေးကစားကွင်းများ၊ ကြည့်ချင်ဖွယ် ပွဲများ အဖြစ် အဆင့်မြင့် ဇာတ်သဘင်အဖွဲ့ နှစ်ဖွဲ့မှ အခမဲ့ မိုးအလင်းကပြပေးခြင်း အပြင် မြိုနယ်အာဂစားဘောလုံးကွင်းတွင်လည်း ပွဲတော်အထိမ်းအမှတ်အဖြစ် မြိုနယ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ပါဝင်ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

ညောင်ရွှေမြို့တွင် အင်းလေးရိုးရာဖောင်တော်ဦးဘုရားပွဲတော် ကျင်းပမည်

ညောင်ရွှေ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းလေးရိုးရာ ဖောင်တော်ဦးဘုရားပွဲကြီးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ခါတိုင်းနှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၀ ရက်တွင် အင်းလေး နမ့်ဟူးရွာ စံကျောင်းတော်မှ စတင်၍ ဒေသစာရီကြွဆင်းတော်မူမည်ဖြစ်ပြီး အင်းတိမ်၊ ကျေးပေါခုံရွာတွင် တစ်ည၊ ၁၁ ရက်၊ ၁၂ ရက်တွင် ဟဲယာရွာမ၌ နှစ်ည၊ ၁၃ ရက်နေ့ ငါးဖယ်ချောင်းရွာတွင် တစ်ည၊ ၁၄ ရက်နေ့ ကျေးစားကုန်းကျေးရွာတွင် တစ်ည၊ ၁၅ ရက်နေ့ လင်းကင်းရွာတွင် တစ်ည ကျိန်းစက်တော်မူမည်ဖြစ်ပြီး ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ဒေသစာရီကြွချီကာ နံနက် ၉ နာရီအချိန်၌ ညောင်ရွှေဖောင်တော်ဆိပ်ကမ်းသို့ ကြွရောက်တော်မူကာ အဋ္ဌဒိသာမမ္ဘဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက် သုံးညကြာမျှ အပူဇော်ခံ သီတင်းသုံးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ရွှေမြို့ ဖောင်တော်ဦးဘုရားပွဲတော်တွင် အမျိုးသား၊ အမျိုးသမီးများ ပါဝင်သော အင်းသားရိုးရာ လှေပြိုင်ပွဲ၊ ရာကျော်လှေ၊ လေးချိပ်ခြောက်လှေနှင့် တစ်ဦးချင်း လှေပြိုင်ပွဲများကို ဖောင်တော်ပြန်ဆိပ်ကမ်းတွင် ကျင်းပပေးမည်ဖြစ်ပြီး ပွဲတော်အတွင်း ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများအပြင် မြိုနယ်ခန်းမတွင် လှိုင်ဘွားအောင်ပန်တျာဇာတ်သဘင်နှင့် ကျောက်တိုင်ကွင်းတွင် ချိုတူးအင်ဂြိမ့်သဘင်တို့ဖြင့် ဧည့်ခံဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရွှေ-ခင်မောင်မြ

ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု လေကြောင်းရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

(၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ထူးအောင်၊ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ရဲမှူးကြီး မျိုးမင်း၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မိုးဦးတို့ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခြင်းနှင့် တပ်ဖွဲ့ဝင် ၆၂ ဦး စုစုပေါင်း ၁၁၃ ဦးတို့က ဆေးရုံကြီးဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရဲမြန်ကြား**

သက်ကြီးမြို့နယ်သတင်းထောက်များအား ပူဇော်ကန်တော့မည်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာ့အလင်းသတင်းစာ မြိုနယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ဒုတိယအကြိမ်မြောက် အသက်(၇၅)နှစ်ပြည့် သက်ကြီး သတင်းထောက်ကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၇ ရက် တနင်္ဂနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပူဇော်ပွဲသို့အဖွဲ့ဝင်များနှင့် အပူဇော်ခံ သတင်းထောက်ကြီးများထံ ဖိတ်စာများ ပေးပို့လျက်ရှိရာ အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်ဝင်းလေး(အတွင်းရေးမှူး)ဖုန်း-၀၉ -၇၇၇၆၄၂၆၉၉၊ ဦးသန်းဝင်း(တွဲဖက်အတွင်းရေးမှူး-သန်လျင်)ဖုန်း- ၀၉-၇၇၆၂၇၃၂၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြု ဥတ္တရသီရိမြို့နယ်၌ စုပေါင်းသန့်ရှင်း

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် ဥတ္တရသီရိမြို့နယ် တက်ရှိန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်လေးနိုင်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက် က (၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တက်ရှိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ကိုကိုရူပ (နေပြည်တော်)

❁ *ကျောဖုံးမှ*

သိုက်မြိုက်တာမဟုတ်ဘဲ ညဘက်အချိန်တွေမှာလည်း လာရောက်လည်ပတ်သူတွေနဲ့ ကြိတ်ကြိတ်တိုး စည်ကားပါတယ်”ဟု (၁၃၅)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် သတင်းပြန်ကြားရေးဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ကျင်းပလျက်ရှိသည့် ၁၃၅ ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ၊ ချားရဟတ်၊ ချားဒုံးပျံ၊ ပင်လယ်လှေ စသည့်ပျော်ပွဲရွင်ပွဲများအပြင် ဘုရားပွဲစျေးတွင် စျေးဆိုင်ခန်း ကြီး ငယ် ၈၀၀ ကျော်ဖြင့် မြန်မာ့ရိုးရာအစားအစာများ ၊ လူသုံးကုန်ပစ္စည်းများ၊ စားဖိုချောင်သုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ စသည်တို့ကို ခင်းကျင်းရောင်းချလျက်ရှိရာ နေ့အချိန်တွင်သာမက ညအချိန်တွင်လည်း ဘုရားပွဲတော် လာရောက်လည်ပတ်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံမုခ်ဦးဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး၏ မြိုနယ်အသင်းအသီးသီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်း၍ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ယင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ အကျိုးတော်ဆောင်အဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများ အမျှားပြုသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆရာတော်သံဃာတော်များ၊ ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး၏ မြိုနယ်အသင်းအသီးသီးမှ အသင်းဝင်မိသားစုများ၊ ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကျိုးတော်ဆောင်အဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၊ ဂုဏ်ထူးဆောင်နာယက ဦးသိန်းအောင်၊ ဗိုလ်ချုပ် ကိုကိုနိုင်(ငြိမ်း)တို့က မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ထို့နောက် အလှူရှင်များက ဓမ္မာရုံပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များ အခန်း ၁၈ ခန်းကို ဆက်လက်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ပြုလုပ်ရာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ရွှေမန်းဦးသူရိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို ကော်မရှင်အဖွဲ့ဝင် ဦးအေးဟန်က ဖတ်ကြားသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အလှူရှင်များသို့ပေးအပ်၍ အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ အောင်ဆန်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

❁ *ရှေ့ဖုံးမှ*

သမိုင်းဝင် မန္တလေးတိုင်းဒေသကြီး ပုဂ္ဂပူဇနီယပွဲတော် ရိုးရာအရုပ်သွန်းအကများဖြင့် ကျင်းပ

ညောင်ဦး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြင်းကပါကျေးရွာတွင် သထုံပြည့်ရှင် မနုဟာမင်းကြီး၏ ကောင်းမှုတော်ဖြင့် တည်ထားကိုးကွယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် မနုဟာဘုရား ပုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တော်သလင်းလဆန်း ၁၄ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အရုပ်သွန်းအကများဖြင့် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း ရိုးရာယဉ်ကျေးမှုအရုပ်သွန်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ သထုံပြည့်ရှင် မနုဟာမင်းကြီး၏ ကောင်းမှုတော်ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် မနုဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တော်သလင်းလဆန်း ၁၄ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အရုပ်သွန်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါတယ်။ အခုလို နှစ်စဉ်နှစ်တိုင်း ရိုးရာယဉ်ကျေးမှု အရုပ်သွန်းအကများဖြင့် ထည့်သွင်းကျင်းပရတာဟာ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းတာလည်း ဖြစ်ပါတယ်။ မနက်ဖြန် တော်သလင်းလပြည့်နေ့မှာတော့ နံနက် ၇ နာရီလောက်ကစပြီး ဘုရားကြီးကို ဆွမ်းသပိတ်လုံးများ ကပ်လှူခြင်း၊ မြိုနယ်အတွင်းက ပင့်ဖိတ်ထားတဲ့ ဆရာတော်၊ သံဃာတော်တွေကို စာရေးတံမဲ ဖောက်ခြင်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းမှုတွေကို ပြုလုပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆရာတော်၊ သံဃာတော်တွေကို လှူဖွယ်ပစ္စည်းတွေ ဆက်ကပ် လှူဒါန်းပြီးသွားရင်လည်း ဒေသခံပြည်သူတွေနဲ့ အလှူရှင်တွေ စုပေါင်းပြီး ငွေသွန်းလှည့်လည်ခြင်း၊ ရွာမှာရှိတဲ့ စိန်ကုန်းရပ်ကွက်၊ ရွှေလယ်ရပ်ကွက်နှင့် ရွှေခြံရပ်ကွက်မှ လူငယ်အဖွဲ့တွေက ရိုးရာအရုပ်သွန်းအကတွေနဲ့ ကပြဖျော်ဖြေပေးသွားဦးမှာ ဖြစ်ပါတယ်။

ဒဲ့အပြင် ဘုရားပွဲလာတဲ့ ပြည်သူတွေ စိတ်အပန်းဖြေ ကြည့်ရှုနိုင်ဖို့အတွက် မန္တလေးမြို့က "ချစ်စွမ်းသာ" ဇာတ်အဖွဲ့ကို ငှားရမ်းထည့်သွင်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ မြင်းကပါကျေးရွာ မနုဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဟာ နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် မြန်မာ့ရိုးရာယဉ်ကျေးမှု အရုပ်သွန်းအကတွေနဲ့ စည်ကားသိုက်မြိုက်စွာကျင်းပတဲ့ ပွဲတော်တစ်ခု ဖြစ်တာမို့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ၊ ပုဂံညောင်ဦးမှာ အလည်အပတ်ရောက်ရှိနေတဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေအပြင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသူတွေနဲ့ အလွန်ကိုစည်ကားတဲ့ ပွဲတော်တစ်ခု ဖြစ်ပါတယ်" ဟု မြင်းကပါကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးဇော်ပွေး၏ ပြောပြချက် အရ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

ရှေ့ဖုံးမှ

၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ စေတီပုထိုးပေါင်း ၄၀၀ နီးပါးခန့် ပျက်စီးခဲ့သည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားသည် ၂၀၁၆ ခုနှစ် သြဂုတ်လတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားများအနက်မှ တစ်ဆူဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရားသည် ပုဂံတွင် စေတီပုထိုးများအနက် အလွန်ထင်ရှားသည့် ဥာဏ်တော်အမြင့်ဆုံး ဘုရားတစ်ဆူဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှုကို သဘောတူကြောင်းနှင့် သဗ္ဗညုဘုရားကို တရုတ် - မြန်မာ ပူးပေါင်းပြုပြင်ထိန်းသိမ်းရန်အတွက် နှစ်နိုင်ငံသဘောတူစာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ဖြစ်ပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းကူညီသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုဂံဒေသမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မူလလက်ရာမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပြည်တွင်းပြည်ပပညာရှင်များ၊ ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုပန်ကြီးဌာနမှ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးမြင့်လာနိုင်ခြင်းနှင့်အတူ ခေတ်မီနည်းစနစ်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ပိုမိုအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ အခြားဒေသများရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားများ ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက်လည်း အလှူငွေ ပါဝင်လှူဒါန်းခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ နိုင်ငံသူ နိုင်ငံသားများ အနေဖြင့်လည်း ကျန်းမာ၊ ချမ်းသာနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပေးပါကြောင်း၊ အာရှတစ်လွှား ငြိမ်းချမ်းရေးကိုလည်း အကောင်အထည်ဖော်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးစာလွှာကို လက်မှတ်ရေးထိုးရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်ကလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ၂၀၁၆ ခုနှစ် သြဂုတ်လ၌ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသမှ စေတီပုထိုးများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို နိုင်ငံတကာမှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ပျက်စီးသွားသော စေတီပုထိုးများအနက်မှ ပုဂံရှိ ဥာဏ်တော်အမြင့်ဆုံး ဘုရားတစ်ဆူဖြစ်သော သဗ္ဗညုဘုရားအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပူးပေါင်းပါဝင်ကူညီခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရာတွင် မိမိတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခေတ်မီနည်းပညာများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကုန်ကျစရိတ်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် မြန်မာ - တရုတ် နစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်ရေးနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ရန်အတွက် အနာဂတ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ အဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် အပြည်ပြည်ဆိုင်ရာ အဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာပြပွဲ - ၂၀၁၈ (International Building & Urban Development Expo - 2018) ပြပွဲကို ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး နည်းပညာမြင့် အိမ်တွင်းအလှဆင် ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အရစ်ကျအတိုးနှုန်းမဲ့အပြင် ဘဏ်ချေးငွေဖြင့် ငွေကျပ်သိန်း ၂၀၀ ကျော် တိုက်ခန်းများမှ Luxury Condo များအထိ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အရေးများအပြင် နေ့စဉ် မွန်းလွဲ ၁ နာရီခွဲတွင် ပညာရှင်ကြီးများကလည်း မြို့ပြဆိုင်ရာ ဗဟုသုတရဖွယ် ဟောပြောပွဲများနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ကံစမ်းမဲအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၃၄၉

မုတ်သုံးလေ ဆုတ်ခွာနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်းရှာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချန်းရှာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံးလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံးလေ အားပျော့နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ လေးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပဲခူးရိုးမဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ဆင်စခန်းများ စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့်အတူ ပဲခူးရိုးမဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ ပြုစုထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ၊ သဘာဝတောထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြည်သူလူထု အပန်းဖြေလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်းများအား စက်တင်ဘာ ၂၂ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ဆင်စခန်းသန့်ရှင်းရေး

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း နတ်မှော်ညှော့ရိပ်သာတွင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာ၌ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်သစ်ထုတ်ရေးဒေသ သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာ့သစ်လုပ်ငန်း၊ ပြည်သစ်ထုတ်ရေးဒေသ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မင်းဦးက နှစ်စဉ် တောထွက်လျာထားချက်အပေါ် သစ်မာပင် ထောင်ရိုက်မှတ်ပြီးစီးမှု၊ ခုတ်လှဲ၊ ငုတ်ထုတ်ဆောင်ရွက်ပြီးစီးမှု၊ သစ်မာအုပ်စုအလိုက် သစ်တစ်ပင်၏ ပျမ်းမျှထွက်နှုန်း၊ သစ်ဆိပ်၌ သစ်လက်ကျန် ကျန်ရှိမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် သစ်ထုတ်လုပ်နိုင်ရေးအတွက် သင်တန်းပို့ချဆောင်ရွက်မှု၊ လျာထားချက်ပြည့်မီအောင် ဆက်လက်ဆောင်ရွက်မည့်အစီအမံ၊ ယခင်သစ်ထုတ်ပြီး သစ်ကွက်များ၌ တန်ဖိုးမြင့်သစ်ပင်စိုက်ပျိုးလျက်ရှိသည့် အစီအစဉ်၊ ဆင်ပြတိုက်နှင့် ဆင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအား တင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် တန်ဖိုးမြင့်စိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေကို စစ်ဆေးတင်ပြရန်၊ သစ်ထုတ်လုပ်မှု လျာထားချက်ပြည့်မီစေရန်အတွက် မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ဆင်စခန်းများ၌ လာရောက်လေ့လာ လည်ပတ်သူများ အဆင်ပြေအောင် ဝန်ဆောင်မှု အပြည့်အဝပေးနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဆင်စခန်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုံခြုံမှုရှိစေရေးနှင့် အပျော်စီးရေယာဉ်၌ အသက်ကယ်အင်္ကျီများ လုံလောက်စွာထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယဉ်ကျေးစွာပြောဆိုဆက်ဆံ

ဆက်လက်၍ ရာထူးအဆင့်ဆင့်အလိုက် တစ်ဦးနှင့်တစ်ဦး လေးလေးစားစားဖြင့် ယဉ်ကျေးစွာပြောဆိုဆက်ဆံကြရန်၊ မိမိတို့လုပ်ငန်းဌာနများ၏ မြေနေရာ ခိုင်မာမှုရှိအောင် ဆောင်ရွက်ရန်နှင့် ကျူးကျော်ဆောင်ရွက်မှုများ ရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်၊ ဌာနအကြီးအကဲများက လစဉ် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ အခက်အခဲတင်ပြချက်များအား ဖြေရှင်းဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်၊ ဝန်ထမ်းများ အနေဖြင့် မိမိအဖွဲ့အစည်းနှင့် ဌာနသိက္ခာကျစေမည့် မူးယစ်ရမ်းကားမှုသာမက မူးယစ်ဆေးဝါးကိစ္စများ၌ ပါဝင်ပတ်သက်မှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် နတ်မှော်ဆင်စခန်းအတွင်း ဖွင့်လှစ်ပြသထားရှိသည့် ဆင်ပြတိုက်အား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ကျွန်းပင်များလေ့လာနိုင်ရန်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာကာ ပြည်ကျွန်းတောဆင်စခန်းအား ကြည့်ရှုစစ်ဆေးသည်။ ဆင်စခန်းတာဝန်ခံ မြန်မာ့သစ်လုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ရတနာမြင့်အောင်က ပြည်ကျွန်းတောဆင်စခန်းအတွင်း ဆင်စီး၍ သဘာဝတော၏ အလှအပများ ခံစားနိုင်စေရန်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်က စိုက်ပျိုးခဲ့သော ကျွန်းပင်ကြီးများအား လေ့လာနိုင်စေရန် ဝန်ဆောင်မှုပေးနေမှု၊ အပန်းဖြေနားနေခြင်း၊ ဆင်စာကျွေးခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းတို့အတွက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်က ပြည်ကျွန်းကြီးဝိုင်းအတွင်း ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေမှု၊ ဒေါက်တာဘရန်းဒစ် ကျွန်းစိုက်ခင်းအတွင်း ပြည်သူလူထုလေ့လာနိုင်ရန်အတွက် သစ်တောပြတိုက်တစ်ခု တည်ဆောက်၍ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် သစ်တောသမိုင်းကြောင်း၊ ဒေါက်တာဘရန်းဒစ်လက်ထက် စိုက်ခင်းတည်ထောင်ဆောင်ရွက်မှုနှင့် အခြားထည့်သွင်းပြသမည့် ပြကွက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားကာ ဆင်စခန်းနှင့် ဒေါက်တာဘရန်းဒစ်၏ ကျွန်းစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာကာ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်း အကွက်အမှတ် ၅၁ ရှိ ၁၉၉၉-၂၀၀၀ ခုနှစ်၊ သစ်စေ့ထုတ်ဧရိယာ ဧက ၄၀ အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် အုတ်တွင်း-ပေါက်ခေါင်း ပဲခူးရိုးမဖြတ်လမ်း မိုင်တိုင်အမှတ် ၅၇/၆ ရှိ ရှုခင်းသာ ရှုရပ်မှ သဘာဝသစ်တောများ ဖုံးလွှမ်းတည်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပဲခူးရိုးမဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အုတ်တွင်း-ပေါက်ခေါင်း ပဲခူးရိုးမဖြတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာကာ မိုင်တိုင်အမှတ် ၉၀/၀ အနီး ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက ခပေါင်းကြီးပြင်ကာကွယ်တော၊ ခုတ်ကွက်ကြီး XVI ၌ ၂၀၁၆ ခုနှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေး (ကျွန်း) စိုက်ခင်း ၁၂၅ ဧက၏ ရှင်သန်ပေါက်ရောက်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

တရားမဝင် သစ်ခိုးထုတ်မှု မရှိရေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုင်တိုင် ၉၄/၀ အနီး ခပေါင်းကြိုးပြင်ကာကွယ်တော၊ ခုတ်ကွက်ကြီး၌ ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်စိုက်ပျိုးခဲ့သည့် စီးပွားရေး (ကျွန်း) စိုက်ခင်း ဧက ၅၀၀ နှင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း သစ်မျိုးစုံ ရောနှောစမ်းသပ်စိုက်ခင်း တစ်ဧက ရှင်သန်အောင်မြင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မိုင်တိုင် ၉၇/၀ အနီးရှိ စိုက်ခင်းရှင်းလင်းဆောင်တွင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝဏ္ဏက မြို့နယ်အတွင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (MRRP) လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် တရားမဝင်သစ်ခိုးထုတ်မှု မရှိစေရေးအတွက် စစ်ကြောင်းများ စုဖွဲ့ဖမ်းဆီး အရေးယူဆောင်ရွက်မှုအခြေအနေတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပဲခူးရိုးမဒေသသည် မြန်မာ့ကျွန်းသစ်များပေါက်ရောက်ရာ မူရင်းဒေသတစ်ခုဖြစ်သည့်အတွက် သစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းကာ ပဲခူးရိုးမဒေသ၌ ကျွန်းတောကြီးများ ပြန်လည်ဖြစ်ထွန်းလာစေရေး အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ၂၀၁၈ ခုနှစ် ဂျပန်ခရီးသွားပြပွဲနှင့် ဒုတိယအကြိမ် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Big Sight Convention Centre ၌ ကျင်းပသော ၂၀၁၈ ခုနှစ် ဂျပန်ခရီးသွားပြပွဲ (Tourism Expo Japan 2018) (JATA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံပြခန်းကို ဖွင့်လှစ်ပေးသည်။

အမြင်နှင့် ခံယူချက်များ ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) နှင့် ခရီးသွားဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ (2nd Tourism Expo Japan Ministerial Round Table in Collaboration with - UNWTO) သို့ တက်ရောက် ပါဝင်ဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲကို "ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပြီး အဓိကနယ်ပယ်ငါးခုဖြစ်သော ရေရှည်တည်တံ့ရေးနှင့် တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်း တိုးတက်ရေး၊ ကောင်းမွန်သော ခရီးသွားလုပ်ငန်းဆိုင်ရာ မူဘောင်ရေးဆွဲရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ခရီးသွားဧည့်သည်များ၏ ခရီးသွားလာမှုပုံစံများ ပြောင်းလဲလာခြင်းတို့ကို အာဆီယံအဖွဲ့ဝင် (၅) နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိုက်စလန်နိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံတို့မှ ခရီးသွားဝန်ကြီးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO)၊ ကမ္ဘာ့ခရီးသွားကောင်စီ (WTTC)၊ အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့ (PATA) နှင့် အာဆီယံခရီးသွားနှင့် ကုန်သွယ်ရေးအဖွဲ့ (ATTA) တို့မှ အတွင်းရေးမှူးချုပ်များ၊ CEO များ၊ စုစုပေါင်း ၁၉ ဦးတို့က မိမိတို့၏ အမြင်နှင့် ခံယူချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် World Travel and Tourism Council ၏ ညှော့ခံကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ ဂျပန်နိုင်ငံ မြေယာ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Mr. Keiichi ISHII နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ မြန်မာ-ဂျပန် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ ၂၀၁၉ ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ချယ်ရီပန်းများ စိုက်ပျိုးရေး၊ ဂျပန်ခရီးသည်များအား ဗီဇာဖြေလျှော့ပေးမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းရှင်များသည် ဂျပန်-မြန်မာ ချယ်ရီပန်းစိုက်ပျိုးရေးအသင်းနှင့်၊ ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းတို့၏ ဥက္ကဋ္ဌ Mr.AISAWA ICHIRO နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် Japan Tourism Agency သို့ သွားရောက်၍ ဂျပန်-မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်နှင့်အတူ တက်ရောက်ခဲ့သည်။ ယင်းနားလည်မှုစာချွန်လွှာကို Japan Toursim Agency မှ Comissioner Mr. Hiroshi Tabata နှင့် ဟိုတယ်နှင့် ခရီးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါနားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်း သတင်းအချက်အလက်များ ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် အထောက်အကူပေးရေးနှင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ခရီးသွားလာရာတွင် လုံခြုံစိတ်ချဘေးကင်းစေရေးတို့ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အနာဂတ်ခရီးသွားဈေးကွက် မြှင့်တင်ရေး

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဂျပန်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် ဗီဇာကင်းလွတ်ခွင့်ပေးမည့်အစီအစဉ်များ၊ အနာဂတ် ခရီးသွားဈေးကွက်မြှင့်တင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းထင်က မြန်မာနိုင်ငံ၏ ပုံရိပ်အမှတ်တံဆိပ် အသစ်ဖြစ်သော စွဲမက်ဖွယ်ရာ ပြည်မြန်မာ (Myanmar - Be Enchanted) ကို မိတ်ဆက်ရှင်းလင်းခဲ့ပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာပြခန်း၌ ကျင်းပသည့် မြန်မာညနေခင်းအခမ်းအနားသို့ တက်ရောက်သည်။ မြန်မာပြခန်းတွင် မြန်မာ့ရိုးရာ စောင်း၊ ဦးရွှေရိုးအကဖြင့် ဖျော်ဖြေခြင်း၊ ချင်း၊ ရခိုင်၊ ရှမ်းရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ မြန်မာ့တိုင်းရင်းသားဝတ်စုံများကို ဝတ်ဆင်၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာ ပြပွဲသို့ ညှော့ပရိသတ်များစွာ လာရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကလည်း စားသောက်ဆိုင်ခန်းဖွင့်လှစ်၍ မြန်မာရိုးရာအစားအစာများကို ရောင်းချခဲ့ရာ ပြပွဲသို့ လာရောက်သောညှော့သည်များက ကြိုက်နှစ်သက်စွာ အားပေးခဲ့ကြသည်။

Tourism EXPO JAPAN 2018 တွင် မြန်မာနိုင်ငံအနေဖြင့် ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီ ၁၃ ခုတို့က ပါဝင်ပြသခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်ရောင်းချခဲ့သည်။ ယခုနှစ်ပြပွဲတွင် နိုင်ငံပေါင်း ၁၃၆ နိုင်ငံမှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၁၄၄၁ ခုတို့က ပြခန်းများ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် ၁၁၀ ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် ၁၁၀ ပြည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်စာတိုက်ကြီး နှစ် ၁၁၀ ပြည့် အခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ရန်ကုန်မြို့ပြအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့မှ ဒေါ်မိုးမိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်တို့က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြခန်းများကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခေတ်အဆက်ဆက်ပြသထားသော တံဆိပ်ခေါင်းပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့စာတိုက်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ကြီးမှူးပြီး မြန်မာနိုင်ငံသားများအတွက် တိုင်းဒေသကြီး သုံးခု၏ စာပို့သင်္ကေတ အသိပညာဝေဖန်ခြင်း အခမ်းအနားကို ကျင်းပသည်။

ကူညီဆောင်ရွက်ပေးနေ

စာပို့သင်္ကေတဆိုင်ရာ ဗဟုသုတကြွယ်ဝခြင်းနှင့် လူမှုရေးနယ်ပယ်တွင် ပိုမိုကောင်းမွန်သော စာပို့လုပ်ငန်းဖြစ်လာစေခြင်းသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီး သုံးခုအတွက် စာပို့သင်္ကေတစာအုပ် ထောက်ပံ့ခြင်းအပါအဝင် တိုင်းဒေသကြီးသုံးခု၏ စာပို့လုပ်ငန်းတိုးတက်လာစေရန် မြန်မာ့စာတိုက်အား ကူညီဆောင်ရွက်ပေးနေသည်။

အခမ်းအနားတွင် စာပို့သင်္ကေတ Ambassador အဖြစ် ခန့်အပ်ခံရသော မိုရီစခ်ဝင်း၏ သီဆိုဖျော်ဖြေမှုနှင့်အတူ တိုင်းဒေသကြီး သုံးခုအတွက် စာပို့သင်္ကေတ စာအုပ်၊ ပိုစတာ၊ ပြက္ခဒိန်နှင့် ပို့စကတ်များကို JICA မှ မြန်မာ့စာတိုက်သို့ တင်ပြပေးအပ်မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများမှလည်း ပို့စကတ်များတွင် စာပို့သင်္ကေတ အသုံးပြုပုံကို ပြသခဲ့သည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပမည့် အားကစားကွင်းနေရာများနှင့် ပြင်ဦးလွင်ရှိ အားကစားလေ့ကျင့်ရေးစခန်းတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် စက်တင်ဘာလ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအသက် (၁၅) နှစ်အောက်နှင့် အသက် (၁၇) နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ငါးနိုင်ငံဖိတ်ခေါ် Criterium စက်ဘီးပြိုင်ပွဲများ လက်ခံကျင်းပမည့် အားကစားကွင်းနေရာများ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အာရှအသက် (၁၅) နှစ်အောက်နှင့် အသက် (၁၇) နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲ လက်ခံကျင်းပမည့် မန္တလေးမြို့ရှိ ဘက်စုံသုံးမိုးလုံလေလုံ အားကစားရုံသို့ ရောက်ရှိခဲ့ပြီး ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အားကစားရုံအတွင်း ပြိုင်ပွဲကျင်းပချိန် ပြိုင်ပွဲစံချိန်/စံညွှန်းအတိုင်း ဆောင်ရွက်ထားရှိမှု၊ ပရိသတ်ကြည့်ရှုနိုင်မှု အခြေအနေ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြိုင်ပွဲလက်ခံကျင်းပနိုင်မှုတွင် လိုအပ်သည့် ပြင်ဆင်လျာထားချက်များကို အချိန်မီပြည့်စုံအောင် စီမံထားရှိနိုင်ရေး လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ငါးနိုင်ငံဖိတ်ခေါ် Criterium စက်ဘီးပြိုင်ပွဲများ လက်ခံကျင်းပမည့် နေရာဖြစ်သော မန္တလေးမြို့ ကျုံးမြောက်ဘက် (၁၂) လမ်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး နိုင်ငံ့လက်ရွေးစင်အားကစားသမားအလုည့်ကျ လာရောက်စခန်းသွင်းလေ့ကျင့်နိုင်ရေးတွင် ပြင်ဦးလွင်ရှိ အားကစားလေ့ကျင့်ရေးစခန်းအားကစားရုံ ပျက်စီးယိုယွင်းနေမှုကို ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများ၊ အားကစားအထောက်အကူပစ္စည်းများ ထားရှိမှုအခြေအနေများ၊ နိုင်ငံလက်ရွေးစင်များသာမကပဲ မန္တလေးတိုင်းဒေသကြီး အားကစားနည်းအလိုက် အားကစားသမားများ စခန်းသွင်းလေ့ကျင့်ပေးနိုင်ရေး၊ ပြင်ဦးလွင်မြို့ရှိ အားကစားဝါသနာရှင်များ အားကစားနည်းအလိုက် စနစ်တကျ လာရောက်လေ့ကျင့်ကစားနိုင်ရေးအခြေအနေများ စီမံဆောင်ရွက်ထားနိုင်မှု အခြေအနေတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

သတင်းစဉ်

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ) ပွဲစဉ် (မော်လမြိုင်) ပြီးစီး

မော်လမြိုင် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ Myanmar Zew Mann Co.,Ltd ၏ အဓိကကူညီပံ့ပိုးမှု ဖြင့် ၂၀၁၈ ခုနှစ်မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ) ပွဲစဉ် စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင် ဂေါက်ကွင်း၌ ကျင်းပသည်။

စတုတ္ထနေ့အပြီးတွင် ဆုပေးပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ရွှေနတ်တောင် (တပ်နယ်) ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လျှုဒါန်ငွေကျပ် သိန်း ၂၀ ကို Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး (၃) ဦးမျိုးသီဟမှ ပေးအပ်ပြီး ရွှေနတ်တောင် (တပ်နယ်) ဂေါက်ကွင်းကိုယ်စား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီး တင်ထွန့်က လက်ခံသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဦးအောင်မြင့်ဦးက ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသော Myanmar Zew Mann Co.,Ltd အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ Myanmar Zew Mann Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က လက်ခံရယူသည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်သီဟက ဝါသနာရှင်အဆင့် (အမျိုးသမီး) တွင် စုစုပေါင်းရိုက်ချက် ၂၄၄ ဖြင့် ဒုတိယရရှိခဲ့သော မေဦးခိုင်နှင့် စုစုပေါင်း ရိုက်ချက် ၂၃၅ ဖြင့် ပထမရရှိခဲ့သော ဇကေရီဝင်းထွန်းအား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် (အမျိုးသား) တွင် စုစုပေါင်း ရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော မောင်မဲနှင့် စုစုပေါင်းရိုက်ချက် ၂၈၉ ဖြင့် ပထမရရှိသော သီဟဌေးအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့် ပထမဆုရရှိသွားသော နိုင်နိုင်လင်းအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်နှင့် ဂုဏ်ပြုချက်လက်မှတ်အား Myanmar Zew Mann Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဇော်က ဆုများချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

၂၀၁၈ ခုနှစ် ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank, INNWA Bank, Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar), Mottama Holding Co.,Ltd နှင့် Myanmar Zew Mann Co., Ltd တို့မှ အဓိကကူညီပံ့ပိုးပြီး သွားလာရေးအဆင်ပြေစေရန် ရွှေမန်းသူကားလိုင်းမှ အခမဲ့ကူညီဆောင်ရွက်ပေးခဲ့သည်။

သတင်း- ဖိုးသော်ဇင်

ဓာတ်ပုံ- မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်း ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ကြည့်မြင်တိုင်မြို့နယ်၏ ဒုတိယအကြိမ် စုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို

စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာရပ်ကွက် ပန်းလှိုင်လမ်းရှိ ရွှေအိမ်သစ်ခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဒေါက်တာ မျိုးသန့်တင်၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဂုဏ်ထူးဆောင်နာယက ဒါရိုက်တာ မောင်ယဉ်ကျော်နှင့် တိုင်းသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားသည်။

မြို့နယ်သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒေါ်ခင်မျိုးဝင်း (ခင်ပြည်ချစ်)က ဖတ်ကြားပြီး ဥက္ကဋ္ဌသစ် ဦးစန်းလွင် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့အား ရွေးနေကြီး ဦးစိမ်းက ဖတ်ကြားအတည်ပြုပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးသတင်းစာဆရာအသင်းသို့ ရန်ပုံငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ခံရယူပြီး ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ သုခမ္မမဏိဇောတရေ ဦးစိုးသန်းထွန်းက မုဒိတာစကားပြောကြားပြီး ဥက္ကဋ္ဌသစ် ဦးစန်းလွင် (ရွှေတိုင်လွင်)က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ညောင်ရှွေ့ တောင်သူများအား မြေသြဇာအိတ်များ ထောက်ပံ့

ညောင်ရှွေ စက်တင်ဘာ ၂၃

တောင်ကြီးခရိုင် ညောင်ရှွေမြို့နယ် မိုင်းပျိုးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းများအတွက် မြေသြဇာထောက်ပံ့ပေးအပ်ပွဲနှင့် စုပေါင်းမြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၂၂ ရက်က ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်နေမှုများနှင့် မြေသြဇာပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး တောင်သူများထံသို့ တာဝန်ရှိသူများက ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ နှင့် Orgaworld Organic မြေသြဇာ အိတ် ၅၀ ကို ထောက်ပံ့ပေးကာ စုပေါင်းမြေသြဇာကြဲပက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၏ စာတမ်း

ယနေ့ မြန်မာနိုင်ငံအနေဖြင့် ပြုလုပ်ကျင်းပသည့် (၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး မင်္ဂလာပါ။

ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဦးခွန်အောင်ကျော် ဖြစ်ပါသည်။

ယနေ့ စက်တင်ဘာလ ၁၅ ရက်နေ့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဒီမိုကရေစီစနစ်ထွန်းကားလာရေးကို ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ရန် နိုင်ငံတကာပါလီမန်အဖွဲ့ (IPU) မှ ၂၀၀၇ ခုနှစ်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်ဟု သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ၂၀၁၁ ခုနှစ်တွင် စတင်ကျင်းပလာခဲ့သည်မှ ယနေ့ထိတိုင် (၈) ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

သင့်တော်သည့် နည်းလမ်းဖြင့် တည်ဆောက်သွားရမည်

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အား ကျင်းပခြင်းသည် "မိမိတို့သည် ဒီမိုကရေစီကို မြတ်နိုးသူနှင့် မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ" ဖြစ်ကြောင်းကို ပြသလိုခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီဟုဆိုပါက "ပြည်သူ့လူထုက မိမိတို့ကြိုက်နှစ်သက်သည့်အစိုးရအား မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ရှိသည့်စနစ်" ဖြစ်သည်ဟု အားလုံးနားလည်လက်ခံထားကြပါသည်။ သို့သော် နိုင်ငံအသီးသီးမှ ကျင့်သုံးနေကြသည့် ဒီမိုကရေစီစနစ်၌ နည်းလမ်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ကွဲပြားခြားနားသည်ကို ကျွန်ုပ်တို့အနေဖြင့် သတိချပ်စရာ အချက်များဖြစ်ပါသည်။ အဓိကအချက်မှာ ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ သမိုင်းအခြေအနေ၊ ယဉ်ကျေးမှုအခြေအနေ စသည့်ရေခံမြေခံနှင့် သင့်တော်သည့် နည်းလမ်းဖြင့် တည်ဆောက်သွားရမည် ဖြစ်ပါသည်။

ဒီမိုကရေစီစနှုန်းသည် "လွတ်လပ်မှု၊ တန်းတူမှု၊ စည်းကမ်းရှိမှု" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်နှင့်အညီ ဒီမိုကရေစီ၏ အနှစ်သာရ မပျောက်ကွယ်၊ မပျက်စီးစေရန် ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ်ကို အစဉ်မြဲဖြင့်တင်ပေးရမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပြည်သူအားလုံး လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်ပါသည်။

ဦးခွန်အောင်ကျော် စာတမ်းဖတ်ကြားစဉ်။

ပြည်သူ့အားလုံးသည် ဒီမိုကရေစီစနစ်ကို နားလည်ပြီး အသိပညာပြည့်ဝစွာဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းမှသာလျှင် အနှစ်သာရပြည့်ဝပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ရရှိနိုင်မည် ဖြစ်ပါသည်။

"ဒီမိုကရေစီဟုဆိုပါက "ပြည်သူ့လူထုက မိမိတို့ကြိုက်နှစ်သက်သည့် အစိုးရအား မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ရှိသည့်စနစ်" ဖြစ်သည်ဟု အားလုံးနားလည် လက်ခံထားကြပါသည်။ သို့သော် နိုင်ငံအသီးသီးမှ ကျင့်သုံးနေကြသည့် ဒီမိုကရေစီစနစ်၌ နည်းလမ်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ကွဲပြားခြားနားသည်ကို ကျွန်ုပ်တို့အနေဖြင့် သတိချပ်စရာ အချက်များဖြစ်ပါသည်။ အဓိကအချက်မှာ ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ သမိုင်းအခြေအနေ၊ ယဉ်ကျေးမှုအခြေအနေ စသည့်ရေခံမြေခံနှင့် သင့်တော်သည့် နည်းလမ်းဖြင့် တည်ဆောက်သွားရမည် ဖြစ်ပါသည်"

မည်သည့်စနစ်တွင်မဆို ရာနှုန်းပြည့်ကောင်းသည့်စနစ်မရှိ

ဤနေရာတွင် ကျွန်ုပ်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အနေဖြင့် ပြောကြားလိုသည်မှာ မည်သည့်စနစ်တွင်မဆို ရာနှုန်းပြည့်ကောင်းသည့်စနစ်မရှိပါ။ အားသာချက်ရှိသော စနစ်ရှိသကဲ့သို့ အားနည်းချက်များလည်း ရှိတတ်သည့် သဘောသဘာဝကိုလည်း လက်ခံနိုင်မှသာလျှင် ကျွန်ုပ်တို့တစ်တွေ ဖြေသာလို့ရမည် ဖြစ်ပါသည်။ ယခုလက်ရှိ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်သော်လည်း ပြဿနာများစွာ ရင်ဆိုင်နေရသည်ကို ဝန်ခံရလိမ့်မည် ဖြစ်သည်။ ဤသည်များသည် ဒီမိုကရေစီ ရင့်ကျက်မှုမရှိသေးသည့်နိုင်ငံနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းသည့် နိုင်ငံများ၌ ဖြစ်ပေါ်တတ်သည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ယခုအချိန်တွင် ပြဿနာများကို အစိုးရနှင့် ပြည်သူများမှ ဒီမိုကရေစီ နည်းကျကျဖြင့် ဖြေရှင်း၍ရနိုင်သည့် နည်းလမ်းများကိုသာ ရှာဖွေရမည် ဖြစ်ပါသည်။ ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်တွင် အာဏာသည် ပြည်သူ့ကသာ ပိုင်သည့်အတွက်ကြောင့် ပြည်သူ့တွင်လည်း တာဝန်ရှိသကဲ့သို့ ပြည်သူမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအဖွဲ့တွင်လည်း ပိုမို၍တာဝန်ရှိမည် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်အား ပိုမိုခိုင်မာစေရန်အတွက် တည်ဆောက်ထားရန် လိုအပ်

ယခုလက်ရှိ ကျွန်ုပ်တို့နိုင်ငံသည် ပါတီနှုံ့ဒီမိုကရေစီစနစ်မှ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်သွားနေသည့် ကာလပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုသို့ ဖော်ဆောင်သွားနေသည့် အချိန်တွင် ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေရန် တည်ဆောက်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ခိုင်မာမှုမရှိပါက ဖက်ဒရယ်သို့ သွားရာလမ်းသည်လည်း ခိုင်မာမှုရှိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဖက်ဒရယ်၏ပုံစံသည် အာဏာခွဲဝေမှု၊ မတူကွဲပြားမှု၊ လူနည်းစုအခွင့်အရေး စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ဤသည်များသည် လူနည်းစုဒီမိုကရေစီကျင့်စဉ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် ယခုကျွန်ုပ်တို့ ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်အား ပိုမိုခိုင်မာစေရန်အတွက် တည်ဆောက်ထားရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အနေဖြင့် ဒီမိုကရေစီဆောင်ပုဒ်ဖြစ်သည့် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုသည့်အတိုင်း မြန်မာ့ဒီမိုကရေစီစနစ်ကြီး ထွန်းကားလာစေရန်အတွက် မှန်ကန်သည့်အမြင်၊ မျှတသည့် ကျင့်စဉ်များနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်း၍ ကြိုးစားအားထုတ်သွားမည် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ယနေ့ (၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံမှလည်း မြန်မာနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအတွက် ရလဒ်ကောင်းများပေါ်ထွက်ကာ နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး တွေ့ဆုံဆွေးနွေး

ပုသိမ် စက်တင်ဘာ ၂၃

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်သည် ပုသိမ်၊ မြောင်းမြ၊ လပွတ္တာခရိုင်များမှ ခရိုင်နှင့်မြို့နယ် တရားသူကြီးများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့က ဧရာဝတီခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းတို့က တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အလေးအနက်ထားကြီးကြပ်ဆောင်ရွက်ကြရန်နှင့် တရားစွဲအဖွဲ့အစည်းများက အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မှာကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဥပဒေချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးအဆင့် တရားစွဲအဖွဲ့အစည်းများမှ သက်ဆိုင်ရာ အရာရှိများ၊ ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာခရိုင်များမှ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လှမင်းထွန်(မြန်/ဆက်)

တောင်ငူမြို့ ဒေသခံအလှူရှင်များ၏ အကူအညီဖြင့် ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်ဆေးစက်ထားရှိမည်

တောင်ငူ စက်တင်ဘာ ၂၃

တောင်ငူမြို့နယ်တွင် ကျောက်ကပ်ဝေဒနာရှင် တစ်နစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်းကြောင့် မဖြစ်မနေ ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များသည် ရန်ကုန်မြို့နှင့် နေပြည်တော်မြို့များသို့ သွားရောက်ကုသနေရသည်။

ရေရှည်စွဲ ကုသမှုပြုလုပ်ရသည့် ရောဂါဖြစ်သောကြောင့် အချို့ဝေဒနာရှင်များသည် သွားလာစရိတ်၊ ကုသစရိတ်များပြားသည့်ဒဏ်ကိုမခံနိုင်တဲ့ ကုသမှုလျှော့နည်းလာကာ အသက်ဆုံးရှုံးခံခဲ့ကြရသည်။

အဆိုပါ ဖြစ်စဉ်များကိုစာနာပြီး ဝေဒနာရှင်များ အားကိုးရာတစ်ခုဖြစ်လာရန် ဒေသခံများက ကျောက်ကပ်ဆေးစက် ဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းကာ ပညာရှင်များနှင့် ဆွေးနွေးပြီး ကျောက်ကပ်ဆေးစက် ထားရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ငူမြို့သည် ခရိုင်မြို့ကြီးဖြစ်သော်လည်း တောင်ငူပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀ ဆံ့ ဆေးရုံအဆင့်သာရှိသေးသည်။ တောင်ငူမြို့နယ် ပတ်ဝန်းကျင်ကျေးရွာများနှင့် ကရင်ပြည်နယ်ရှိ လပ်သိုမြို့နယ်၊ သံတောင်ကြီးမြို့နယ်များမှလည်း တောင်ငူပြည်သူ့ဆေးရုံကြီးကို အားပြုနေရသည်။ ရာသီဥတု အပြောင်းအလဲတွင် ဖြစ်ပေါ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ကာလဝမ်းရောဂါစသည့်ရာသီပေါ်ရောဂါများဖြစ်ပွားချိန်တွင် တောင်ငူပြည်သူ့ဆေးရုံကြီးမှာ လူနာခုတင်မလုံလောက်ခြင်း၊ ဆရာဝန်အင်အား နည်းပါးခြင်းများကြောင့် အခက်ကြုံနေရသည်။

တောင်ငူ ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်ဆေးစက် ထားရှိမည့်နေရာ၊ ရေသန့်စက်၊ လေအေးပေးစက်၊ အခြား လျှပ်စစ်အသုံးအဆောင်များနှင့် ကျောက်ကပ်ဆိုင်ရာ ပညာရှင်ထားရှိမည့် အစီအစဉ်များကို ဒေသခံအလှူရှင်များနှင့် တောင်ငူပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောဘိုဇော်ဝင်းနှင့် သမားတော်ကြီး ဒေါက်တာမီမီချိုတို့က စီစဉ်ဆောင်ရွက်မှု ပြုလုပ်နေကြသည်။

ကျောက်ကပ် ဝေဒနာရှင်များကို စာနာနားလည်သည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ကျောက်ကပ်ဆေးစက်ဖြစ်မြောက်ရေး ကော်မတီဦးကြယ်နီ ဖုန်း- ၀၉ ၅၃၅၀၁၆၆၊ ဒေါ်ကျင်မေ ဖုန်း- ၀၉ ၇၆၅၃၅၀၉၂၀၊ ဦးမြင့်ညို ဖုန်း- ၀၉ ၅၃၅၁၁၁၀ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်းနှုန်းမှ ပြုလုပ်နိုင်ကြောင်း ကျောက်ကပ်ဆေးစက် တပ်ဆင်ပြီးပါက ကျောက်ကပ်ဝေဒနာရှင်များ၏ မိသားစုဝင်များ၊ ဆေးဖိုးကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးကို များစွာလျှော့ချပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ကျုံပျော်မြို့နယ်၌ စုပေါင်းအမှိုက်ကောက်ပွဲ ပြုလုပ်

ကျုံပျော် စက်တင်ဘာ ၂၃ - ကျေးရွာနေပြည်သူများ အမှိုက်ကို နည်းစနစ်တကျ စွန့်ပစ်ပြီး ကျန်းမာရေး ညီညွတ်မှုတစေရန်အတွက် စုပေါင်းအမှိုက်ကောက်ပွဲကို ကျုံပျော်မြို့နယ် ကျွဲခြံဒေါင့်လေး အမှိုက်ကင်းစင်စံပြကျေးရွာ၌ ယနေ့နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးမှူး ဦးစတင့်ဝေက အမှိုက်ကင်းစင်ရေးအတွက် အမှိုက်အမျိုးအစားခွဲခြားပုံ၊ လျှော့နည်းအောင် ဆောင်ရွက်ရမည့်နည်းလမ်း၊ အမှိုက်သိမ်းဆည်းစွန့်ပစ်မည့် နည်းလမ်းများကို ပညာပေးဆွေးနွေးပြီး ကျေးလက်ဦးစီးဌာန ခရိုင်နှင့်မြို့နယ်မှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာတာဝန်ရှိသူများ၊ ဆရာ ဆရာမများက ကျေးရွာတွင် လှည့်လည်၍ စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေဝင်း(မြန်/ဆက်)

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် တအောင်း(ပလောင်) အမျိုးသားပါတီ၏ စာတမ်း

ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ဒီမိုကရေစီအင်္ဂေအသက်ဖြင့် ကျက်သရေမဂ်လာ အပေါင်းခညောင်းကြပါစေ။ ကျွန်မကတော့ တအောင်း(ပလောင်) အမျိုးသားပါတီကိုယ်စား စာတမ်းဖတ်ကြားသွားမယ့် တအောင်း(ပလောင်) အမျိုးသားပါတီ ဗဟို ကော်မတီအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြိုနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲ ဖြစ်ပါတယ်။

ဒေါ်နန်းမိုး စာတမ်းဖတ်ကြားစဉ်။

ဂုဏ်သရေရှိပုဂ္ဂိုလ်များရှင်-

"ဒီမိုကရေစီ"ဟုပြောဆိုလိုက်လျှင် ပြည်သူ့မှတစ်ဆင့် အာဏာဆင်းသက်လာတဲ့ "ပြည်သူ့အုပ်ချုပ်သည့်စနစ်" ဖြစ်တယ်ဆိုတာ တစ်ကမ္ဘာလုံးက လက်ခံနေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်းအခုထိ ဒီမိုကရေစီထက်ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်မရှိသေးတာ ဖြစ်တဲ့အတွက် ကမ္ဘာမှာရှိတဲ့ နိုင်ငံတော်တော်များများက ဒီစနစ် ကို လက်ခံကျင့်သုံးလာကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အာဏာက ပြည်သူမှ ဆင်းသက်လာတယ်လို့ ဘယ်လိုပြောနိုင်မလဲဆိုတာကို စဉ်းစားရတာပါ။ ဒါအခု အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်စာတမ်းရဲ့ ခေါင်းစဉ်ဖြစ်တဲ့ "Oversight" ဆိုတဲ့ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်နိုင်မှု၊ စောင့်ကြပ်ကြည့်ရှုနိုင်မှုကို ပြောတာပါ။

လူထုရဲ့နားလည်လက်ခံနိုင်မှုအပေါ်မှာ အများကြီးမူတည်

ဒီမိုကရေစီ ရှင်သန်ဖို့ ဘယ်သူတွေက ဘယ်လို ထိန်းညှိဆောင်ရွက်ပေးရမလဲ၊ လွှတ်တော်ဆောင်ပုဒ်မှာတော့ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" လို့ ဖော်ပြထားတာဟာ ပြည်သူတွေရဲ့ "Oversight" လုပ်ဆောင်နိုင်မှုကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ဘယ်လောက် အသက်ဝင်ထိရောက်တယ်ဆိုတာတော့ နိုင်ငံရဲ့ဒီမိုကရေစီ စစ်မှန်မှု ရင့်ကျက်မှုအပေါ်မှာ၊ အုပ်ချုပ်တဲ့သူတွေရဲ့လက်ခံနိုင်မှုနဲ့ လူထုရဲ့နားလည်လက်ခံနိုင်မှုအပေါ်မှာ အများကြီး မူတည်နေပါတယ်။

ဦးစွာ လွှတ်တော်မှာ ဝိုင်းဝန်းထိန်းညှိခြင်းကို ကြည့်ကြပါစို့။ အုပ်ချုပ်ရေးအခန်းကဏ္ဍအား တာဝန်ယူထားသော ဝန်ကြီးဌာနအလိုက် လုပ်ဆောင်မှုများအား ထိန်းကျောင်းခြင်း၊ လွှတ်တော်ခွင့်ပြုချက်ဖြင့်သာ လူထုအကျိုးပြုလုပ်ဆောင်ချက်

"ဒီမိုကရေစီ၏ အနှစ်သာရတွေဖြစ်တဲ့ ပုံမှန်ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများအား လေးစားလိုက်နာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် လွတ်လပ်မှုရှိခြင်း၊ နိုင်ငံသားများ လိုက်နာရမည်များကို သိရှိလိုက်နာခြင်းတို့ကို အမှန်လုပ်ဆောင်နိုင်ရန်မှာ အုပ်ချုပ်သူများအပြင် အုပ်ချုပ်ခံပြည်သူများတွင်လည်း ဒီမိုကရေစီခံနှန်းပြည့်ဝရမည် ဖြစ်ပါတယ်။ လူများစုမှလူနည်းစုတို့အား ဖိနှိပ်အနိုင်ယူခြင်းသည်လည်း ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ အများစု၏ သဘောတူညီမှုဖြင့် အကောင်အထည်ဖော်သည်ဆိုတိုင်း လူနည်းစု၏ ဆန္ဒကိုမေ့ပစ်၍ မရကောင်းပေ"

များအား အတည်ပြုအကောင်အထည်ဖော်ခြင်း၊ လွှတ်တော်မှ အတည်ပြုထားတဲ့ ဥပဒေအတိုင်းသာလျှင် လိုက်နာအကောင်ထည်ဖော်ခြင်းတို့ဖြင့် လွှတ်တော်ကဏ္ဍ၏ ထိန်းညှိမှုကိုပေါ်လွင်စေပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာ စစ်ဘက်ရေးရာများအပါအဝင် နိုင်ငံရေးရာ ဆုံးဖြတ်သင့်သည့် မူဝါဒများအား လွှတ်တော်အတွင်း၌ ဆွေးနွေးဆုံးဖြတ်၍ ကြီးကြပ်မှု ရယူကြရပါတယ်။

လွှတ်တော်ကဏ္ဍမှ ထိန်းညှိပေးနိုင်မှု

နိုင်ငံသားများ ဥပဒေကျင့်သုံးလိုက်နာမှု ကောင်းမွန်ခြင်း၊ နိုင်ငံသားအားလုံးကို ကာကွယ်ပေးနိုင်သည့် ဥပဒေများ ပြုပြင်ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်း၊ နိုင်ငံရေးရာများအား စီမံခန့်ခွဲပေးနိုင်သည့် အုပ်ချုပ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍအားလုံးတို့အား ဟန်ပြမဟုတ်ဘဲ အမှန်တကယ်အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်းတို့ ရှိမည်ဆိုပါက ဒီမိုကရေစီနိုင်ငံတစ်ခု၏လွှတ်တော်ဟု ခေါ်ဆိုနိုင်လောက်မည်ဖြစ်ပေသည်။ ၎င်းလုပ်ဆောင်ချက်များသည် ဒီမိုကရေစီအားကောင်းရှင်သန်လာစေရေးအတွက် လွှတ်တော်ကဏ္ဍမှ ထိန်းညှိပေးနိုင်မှုအချိုပဲ ဖြစ်ပါတယ်။

ပြည်သူ့အခြေပြုဒီမိုကရေစီ နိုင်ငံတစ်ခုအနေဖြင့် "civil oversight" ဟုခေါ်သည့် နိုင်ငံသားများ၏ စောင့်ကြည့်ထိန်းညှိပေးနိုင်မှု အခန်းကဏ္ဍသည်လည်း အလွန်အရေးပါလှပါတယ်။ ၎င်းအတွက် အရေးပါလှတဲ့ သတင်းအချက်အလက်များအား ရယူနိုင်ရန်အတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍမှာလည်း အလွန်အရေးပါလှပါသည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများ၏ လွတ်လပ်မှု၊ ဘက်မလိုက်ဘဲ နိုင်ငံသားများအားလုံးထံ သတင်းမှန်ပေးပို့နိုင်မှုက နိုင်ငံသားများ၏ ဒီမိုကရေစီအပေါ် ထိန်းညှိဆောင်ရွက်ပေးနိုင်မှုအား အထောက်အကူဖြစ်စေပါတယ်။

အရပ်ဘက်အဖွဲ့အစည်းများရဲ့အခန်းကဏ္ဍသည်လည်း အလွန်ပဲအရေးပါ

ပဋ္ဌမမဏ္ဍိုင်များဖြစ်တဲ့ ပြည်သူ့လူထုတို့၏ အခန်းကဏ္ဍ မြင့်မားလာရေးတွင် အထက်ပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် မီဒီယာမဏ္ဍိုင်များ အားကောင်းသော်လည်း မြန်မာနိုင်ငံကဲ့သို့သော ဒီမိုကရေစီ အသွင်ကူးပြောင်းလာခါစ နိုင်ငံများအနေဖြင့် ပြည်သူများ၏ ဒီမိုကရေစီအပေါ် လက်ခံနားလည်နိုင်မှု အားနည်းနေပါက ထိရောက်သော ထိန်းညှိမှုကို လုပ်ဆောင်နိုင်ရန် ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ ထိုသို့ ထိန်းညှိနိုင်ရေးအတွက် လိုအပ်တဲ့ စွမ်းရည်များအား မြှင့်တင်ပေးနိုင်ရေးမှာ အစိုးရတစ်ရပ်တည်း လုပ်ဆောင်ပေးနိုင်ရန် ခက်ခဲမှာအမှန်ပဲ ဖြစ်ပါတယ်။ ထိုအတွက် "Civil Society Organization" များဖြစ်သည့် အရပ်ဘက်အဖွဲ့အစည်းများရဲ့အခန်းကဏ္ဍသည်လည်း အလွန်ပဲအရေးပါလှပါတယ်။ အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာပါက ပြည်သူများအတွက် ဒီမိုကရေစီလူ့အခွင့်အရေးနဲ့ ကောင်းမွန်သောစနစ်တို့အတွက် လိုအပ်တဲ့စွမ်းရည်များ မြှင့်တင်ပေးနိုင်တဲ့အပြင် ပြည်သူ့လူထုနှင့်အတူ အစိုးရ၏ လုပ်ဆောင်ချက်များအား စောင့်ကြည့်နိုင်မည် ထိန်းညှိပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီ၏ အနှစ်သာရတွေဖြစ်တဲ့ ပုံမှန်ရွေးကောက်ပွဲကျင်းပနိုင်ခြင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများအား လေးစားလိုက်နာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် လွတ်လပ်မှုရှိခြင်း၊ နိုင်ငံသားများ လိုက်နာရမည်များကို သိရှိလိုက်နာခြင်းတို့ကို အမှန်လုပ်ဆောင်နိုင်ရန်မှာ အုပ်ချုပ်သူများအပြင် အုပ်ချုပ်ခံပြည်သူများတွင်လည်း ဒီမိုကရေစီခံနှန်းပြည့်ဝရမည် ဖြစ်ပါတယ်။ လူများစုမှ လူနည်းစုတို့အား ဖိနှိပ်အနိုင်ယူခြင်းသည်လည်း ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ အများစု၏ သဘောတူညီမှုဖြင့် အကောင်အထည်ဖော်သည်ဆိုတိုင်း လူနည်းစု၏ ဆန္ဒကို မေ့ပစ်၍မရကောင်းပေ။

ဒီမိုကရေစီစနစ် ပိုမိုရှင်သန်လာမည်

ထို့ကြောင့် ဒီမိုကရေစီစနစ် ရှင်သန်ကြီးထွားလာစေရန်မှာ လွှတ်တော်အတွင်းမှ ထိန်းကျောင်းပေးနိုင်ခြင်း(Parliamentary oversight) ရှိရမည်မှာ အမှန်ဖြစ်ပေသည်။ လွှတ်တော်မှ ကောင်းစွာထိန်းညှိပေးနိုင်ရန်မှာ နိုင်ငံသားများအား ကာကွယ်ပေးသည့် ဥပဒေကောင်းများထွက်ပေါ်လာစေရန်နှင့် ကာကွယ်ရေးအပါအဝင် အုပ်ချုပ်ရေးကဏ္ဍကို ထိန်းညှိနိုင်ရန်လိုအပ်ပါသည်။ နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်စေရန်မှာ အရည်အချင်းပြည့်ဝသည့် နိုင်ငံသားများ၏ ထိန်းညှိမှုဖြစ်သည့် (Civil Oversight) ကောင်းမွန်စွာ ပြုလုပ်နိုင်မည်ဆိုပါက ဒီမိုကရေစီစနစ် ပိုမိုရှင်သန်လာမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါသည်။

"ပြည်သူ့အခြေပြုဒီမိုကရေစီ အဓွန့်ရှည်တည်တံ့ပါစေ"

စဉ်ကူးမြိုနယ် မာလဲ-နတ်တောင်ဆည်မှ စိုက်ပျိုးရေများ လုံလောက်စွာပေးဝေသွားမည်

စဉ်ကူး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြိုနယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် မာလဲ-နတ်တောင်ရေလှောင်တမံမှ တောင်သူများသို့ စိုက်ပျိုးရေများလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မာလဲ- နတ်တောင် ဆည်ရေသောက်ဧရိယာအတွင်း မိုးရွာသွန်းမှုများ ပုံမှန်ထက်လျော့နည်းခဲ့သော်လည်း မိုးဦးကာလမှစ၍ တမံအတွင်း စီးဝင်းသော ရေပမာဏကို စနစ်တကျ သိုလှောင် ထိန်းသိမ်းထားရှိနိုင်ခဲ့သဖြင့် လက်ရှိကာလတွင် တမံအတွင်းရေလှောင် ပမာဏ ၃၁၈၁၂ ဧကပေသို့ သိုလှောင်ထားရှိနိုင်ခဲ့ပြီး မိုးစပါးစိုက်ပျိုးရာသီကာလ တစ်လျှောက်လုံး ဆည်ရေသောက်လယ်မြေများအတွက် ယခင်နှစ်များကဲ့သို့ ဆည်ရေလုံလောက်စွာဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စဉ်ကူးမြိုနယ်၌ မိုးစပါးစိုက်ဧက ၅၇၅၅ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ဇွန်လ ပထမပတ်မှ စတင်၍ တောင်သူများသို့ စိုက်ပျိုးရေများစတင်ပေးဝေလျက်ရှိရာ ယနေ့အထိ မိုးစပါးဧက ၅၇၄၀ စိုက်ပျိုးထားပြီးဖြစ်သည်။ စက်တင်ဘာလ ရာသီချိန်ကုန် ကွင်းပိတ်ချိန်တို့တွင် မိုးစပါးစိုက်ပျိုးမှု လျာထားဧကထက် ကျော်လွန်၍ စိုက်ပျိုးနိုင်မည်ဟု ခန့်မှန်းထားရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေဦးစီးဌာနမှ စိုက်ပျိုးရေလုံလောက်စွာပေးဝေသွားနိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေဦးစီးဌာနအနေဖြင့် မာလဲ-နတ်တောင် ဆည်ရေသောက်ဧရိယာအတွင်း နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေးတို့အတွက် ရည်ရွယ်၍ ဆည်ရေသောက်စနစ်များပိုမိုကောင်းမွန်စေရေး၊ ရေအသုံးပြုတောင်သူ အစုအဖွဲ့များအင်အားကောင်းလာစေရေးတို့အတွက် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဦးစီးဌာနနှင့် တောင်သူများပေါင်းစပ်၍ ရေစီမံခန့်ခွဲမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဇော်ဦး(ပြန်/ဆက်)**

သစ်တောဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို မတရားသဖြင့် သိမ်းယူလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှအများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ချမှတ်သည့် ငွေဒဏ်အားလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မတရားသဖြင့် ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

၄၆။ မည်သည့် သစ်တောဝန်ထမ်းမဆို မိမိ၏ လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကိုရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း ကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်ဆယ်နှစ် အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ပုဒ်မ ၃၉ မှအပ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားခံအား သက်ဆိုင်ရာပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရမည့်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။

အခန်း(၁၃)

အထွေထွေ

၄၈။ ဤဥပဒေအခန်း (၁၂) ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၅၀။ (က) ဝန်ကြီးသည် ဤဥပဒေအရ ဝန်ကြီဌာနအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ညွှန်ကြားရေးမှူးချုပ်အားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သစ်တောအရာရှိများအားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၁။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောဝန်ထမ်းများ ဝတ်ဆင်မည့် တူညီဝတ်စုံသတ်မှတ်ခြင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် ရာဇဒဏ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် တောတွင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်ရန်နှင့် လုပ်ငန်းအထောက်အကူပြုစေရန်အတွက် ကိုင်ဆောင်ခွင့်ရှိသော လက်နက်၊ ကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းများကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခွင့်ရှိသည်။

၅၂။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၅၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၄။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ် ထားခွင့်ရှိကြောင်း သက်သေထင်ရှားပြရန် တာဝန်ရှိသည်။

၅၅။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၈/၉၂)အရ တည်ရှိဆဲကြိုးပိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများကို ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးပိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ၁၉၉၂ခုနှစ်၊သစ်တောဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၂)အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၈။ ၁၉၉၂ ခုနှစ်၊သစ်တောဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/ ၉၂)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Miss Universe Naypyitaw 2018 ပြိုင်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

Miss Universe Naypyitaw 2018 ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Horizon Lake View Resort ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၏ ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းအမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဦးစီးကျင်းပသူများနှင့် ပြိုင်ပွဲဝင်အလှမယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက Miss Universe Naypyitaw 2018 အကြောင်းနှင့် ပြိုင်ပွဲအကြောင်းကို မိတ်ဆက်ပေးပြီး အကဲဖြတ်ဒိုင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးကာ စပွန်ဆာကုမ္ပဏီများနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အလှမယ်များက အက၊ အလှများဖြင့် ပြိုင်ပွဲကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များ Main Sponsor နှင့် Venue Sponsor ကုမ္ပဏီများသို့ သွားရောက်လည်ပတ်ခဲ့သည့် လှုပ်ရှားမှုဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြိုင်ပွဲဝင်အလှမယ်များက မြန်မာဝတ်စုံများနှင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အလှမယ်များက Evening Gown ကို ယှဉ်ပြိုင်ကြပြီး ဆန်ခါတင် ရှစ်ဦးရွေးချယ်ခြင်း၊ ဧည့်သည်အဆိုတော်များနှင့်အတူ ဆန်ခါတင် ရှစ်ဦးက ယှဉ်ပြိုင်ခြင်း၊ ဆန်ခါတင် ငါးဦးရွေးချယ်ခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် Miss Universe Naypyitaw 2017 အလှမယ် ဆုမြတ်ဖူး၏ Final Walk လျှောက်ခြင်းဖြင့် ဖျော်ဖြေပြီး တာဝန်ရှိသူများက Title နှင့် Miss Universe Naypyitaw 2018 Winner ဆုများကို ချီးမြှင့်ကြကာ အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။ **(အမေါ်ပုံ)** **သတင်းစဉ်**

◆ **ကျော်ဖုံးမှ**

ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ပေးဂိုးနည်းရန် ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးလိုက်ရကာ အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲအစ ၁၅ မိနစ်တွင် ဇင်မာထွေး သွင်းယူသည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး နှစ်မိနစ်အကြာတွင် ဖိလစ်ပိုင်နောက်ခံလူ ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သောကြောင့် မြန်မာအသင်း ဒုတိယဂိုးရခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားသွားပြီး ပထမပိုင်းပြီးခါနီးတွင် ဆွေမာအောင်နှင့် ဒုတိယပိုင်းအစတွင် ဇင်မာထွေးတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် ဖိလစ်ပိုင်အသင်း ချေပဂိုးတစ်ဂိုး ပြန်သွင်းသော်လည်း ပွဲပြီးခါနီးတွင် တိုက်စစ်မှူး ဆွေမာအောင်က ပဉ္စမဂိုးသွင်းယူခဲ့သည်။

အုပ်စု (c) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲကစား သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် မလေးရှားကို သုံးဂိုးပြတ်၊ အိမ်ရှင်နီပေါကို ၁၁ ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအဆင့် ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပခဲ့ပြီး ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရ နှစ်သင်းမှာ နောက်တစ်ဆင့် တက်ခွင့်ရခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်း-ရဲရင့်ရွှင်း၊ ဓာတ်ပုံ-MFF

မြန်မာ ယူ - ၁၆ အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင် ယူ-၁၆ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

✪ ***ကျော်ဖုံးမှ***

ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ရာသီဆက် ဇလားလက်မဲ့အခြေအနေကို အဆုံးသတ်ပြီး ချန်ပီယံဆုကို ငါးကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရှမ်းယူနိုက်တက်အသင်းထက် တစ်မှတ် အသာရကာ ချန်ပီယံဆု ရယူနိုင်ခြင်းဖြစ်ပြီး နည်းပြ ဦးမျိုးမင်းထွန်းလက်ထက် ပထမဆုံးရယူနိုင်သည့် အမှတ်ပေးချန်ပီယံဆုလည်း ဖြစ်ခဲ့သည်။ ထို့ပြင် ဦးမျိုးမင်းထွန်းသည် အမှတ်ပေးချန်ပီယံဆုကို ကစားသမားနှင့် နည်းပြဘဝ နှစ်ခုစလုံးတွင် ရယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး Southern အသင်းမှာမူ ခံစစ်၌သာ အချိန်ကုန်ခဲ့သည်။ ရန်ကုန်အသင်းမှာလည်း ဆန္ဒစောနေသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၂၉ မိနစ်မှ မောင်မောင်လွင်၏ ထောင့်ဖြတ်သွင်းဂိုးဖြင့် အဖွင့်ဂိုးရခဲ့သည်။ ၄၄ မိနစ်တွင် ကျော်ဇင်ဦး က ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းကသာ ပွဲကို ဆက်လက်စိုးမိုးထားပြီး ၆၁ မိနစ်တွင် မောင်မောင်လွင်၏ ဖြတ်တင်ဘောမှ တစ်ဆင့် ကျော်ဇင်ဦးက မြေမကျ ကန်သွင်းကာ တတိယဂိုးရယူပေးခဲ့သည်။ စတုတ္ထအနိုင်ဂိုးကို လူစားဝင်တိုက်စစ်မှူး စိုးမင်းနိုင်က ၇၇ မိနစ်တွင် ဂိုးသမား ပြည့်ဖြိုးအောင်ကို လိမ်ပြီး သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် Southern အသင်းကို နှစ်ကျော့စလုံး ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ယင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ယင်းပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒိုင်လူကြီးများ၊ ပထမဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်းဆု တံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အခြားပွဲများတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းက ဧရာဝတီအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းက စစ်ကိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး ရန်ကုန်အသင်းက ချန်ပီယံဆုရကာ ရှမ်းယူနိုက်တက်အသင်းက ဒုတိယ၊ ဇွဲကပင်အသင်းက တတိယ၊ ဟံသာဝတီ အသင်းက စတုတ္ထ၊ ရတနာပုံအသင်းက ပဉ္စမနေရာတွင် ရပ်တည်ကာ GFA နှင့် မြဝတီအသင်းမှာ တန်းဆင်းခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် ရန်ကုန်အသင်းက ၅၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀၊ ဇွဲကပင်အသင်းက ၃၇ မှတ်၊ ဟံသာဝတီအသင်းက ၃၆ မှတ်၊ ရတနာပုံအသင်းက ၃၄ မှတ်၊ Southern နှင့် မကွေးအသင်းက ရမှတ် ၃၀ စီ၊ ဧရာဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၈ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက နှစ်မှတ် ရခဲ့သည်။ **ညီမြတ်သော်တာ**

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Pre-Production) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre) ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင်ဆွေးနွေးသူ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က ရုပ်ရှင်ကားများရိုက်ကူးထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ဆွေးနွေးသူ ဒေါ်ဆွေဇင်ထိုက်၊ ဒါရိုက်တာ ဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ္စတီးနားခီတို့က ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ထုတ်လုပ်သူ၊ ဇာတ်ညွှန်း၊ ဒါရိုက်တာများ၏ ကြိုတင်ပြင်ဆင်ရမည့် အတွေ့အကြုံများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး မှ ဦးကျော်ကျော်၊ ဆရာဦးမြင့်သိန်းဖေနှင့် လူငယ်ဒါရိုက်တာ ကိုသော်ဇင်တို့က သိလိုသည်များကို မေးမြန်းကြရာ ဒေါ်ဆွေဇင်ထိုက်၊ ဒါရိုက်တာဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ္စတီးနားခီတို့က ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဆရာဦးမြင့်သိန်းဖေက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် အတွေ့အကြုံများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးသူများ၊ လူငယ်ဒါရိုက်တာများ၊ ရုပ်ရှင်ချစ်မြတ်နိုးသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-ရဲထွဋ်

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းပညာရှင်များ၏ အတွေ့အကြုံများ

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ၏ အယ်လ်မင်းပြည့်မွန်နှင့် ဒါရိုက်တာ ခရစ္စတီးနားခီတို့အား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်။

ဒေါ်ဆွေဇင်ထိုက်

ဒါရိုက်တာ ဦးဇော်မြင့်ဦး

ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်

ဒါရိုက်တာ ခရစ္စတီးနားခီ

ဒေါ်ဆွေဇင်ထိုက်(ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်)

ရုပ်ရှင်မရိုက်ခင်မှာ ကြိုတင်ပြင်ဆင်တဲ့ ကဏ္ဍအကြီးကြီးရှိတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ အဲဒီကဏ္ဍက မေးမိန်နေတယ်။ ဒါကြောင့်မို့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီကဏ္ဍကို သေသေချာချာ လုပ်ရမှာ ဖြစ်တယ်။ ဘာတွေကို ဆင်ခြင်ပြီးတော့၊ ဘာတွေကို တူးဖော်ပြီးတော့ ဘယ်လိုဟာတွေကို ဦးစားပေးရမလဲဆိုတာကို ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားကိုရိုက်မယ်ဆိုရင် ဂျွန်မက ဇာတ်လမ်းကို အရင်တောင်းတယ်။ ပရိဂျူဆာလုပ်ပေးမလားဆိုရင် ဇာတ်ညွှန်းကို အရင်တောင်းတယ်။ ဇာတ်ညွှန်းမရရင် ဇာတ်လမ်းအကျဉ်းချုပ်ကို အရင်တောင်းပါတယ်။ ကြိုတင်ပြင်ဆင်မှုအတွက် ဒီဇိုင်းဆွဲပေးပါတယ်။ ဇာတ်လမ်းထဲမှာပါတဲ့အတိုင်း သွားရိုက်မယ့်ရိုက်ကွင်းနေရာတွေ၊ သရုပ်ဆောင်မယ့် စရိုက်လက္ခဏာတွေကို ကြိုတင်ပြင်ဆင်ရမယ်။ ဇာတ်ညွှန်းကို ရထားမယ်ဆိုရင် အခန်းစဉ်တွေကို ရွေးထားတယ်ဆိုရင် ရိုက်ကွင်းနေရာတွေမှာ စုလို့ရတယ်၊ တစ်နေရာက တစ်နေရာ ရွှေ့လို့ရတယ်။ အဲဒီအကြောင်းတွေကို ဆွေးနွေးမှာပါ။

မြန်မာစကားပြောတဲ့ရုပ်ရှင်တွေကို မြန်မာစကားပြောတဲ့လူထုက ကြည့်ဖို့ဆိုပြီး ရိုက်ကြတယ်၊ ကြည့်တယ်ဆိုပြီး ကျေနပ်နေကြတယ်။ မြန်မာစကားပြောတဲ့ရုပ်ရှင်တွေကို မြန်မာစကားမပြောတဲ့သူတွေရဲ့ စျေးကွက်ထဲကို ဝင်အောင်ပို့နိုင်ဖို့ လိုပါတယ်။ မြန်မာစကားပြောတဲ့ ရုပ်ရှင်တွေကို မကြည့်ဘူးဆိုတဲ့ ပြည်တွင်းကလူတွေကိုလည်း ပြန်ပြီးဆွဲဆောင်နိုင်ဖို့ လိုပါတယ်။ ဒါမျိုးတွေလုပ်နိုင်မယ်ဆိုရင် စျေးကွက်က တက်သွားမယ်လို့ ထင်တယ်။ အဓိကအကြောင်းရင်းက နိုင်ငံတကာ အလေ့အကျင့်ကိုလည်း သိရမယ်။ အဆင့်အတန်းရှိတဲ့၊ ပရိသတ်ကို စေတနာရှိတဲ့၊ လေးစားတဲ့အနေနဲ့ ကောင်းတဲ့ ဇာတ်ကားတွေရိုက်ဖို့ လိုတယ်လို့ ထင်ပါတယ်။

ဒါရိုက်တာ ဦးဇော်မြင့်ဦး

တော်တော်လေးကို ဆွေးနွေးယူရမယ့် ကိစ္စမျိုးပါ။ ရုပ်ရှင်လောကမှာ နည်းနည်းလေး အားနည်းနေတဲ့ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အားလုံးစိတ်ဝင်စားလာအောင် တပ်လှန့်လိုက်တဲ့ သဘောပါပဲ။ အဲဒီတော့မှ စိတ်ဝင်စားလာပြီး ဒါတွေကို ဘယ်လိုလုပ်ကြမလဲ၊ နောက်ပိုင်းမှ အသေးစိတ်ကို သွားကြမယ်။ ရုပ်ရှင်မှာ ကြိုတင်ပြင်ဆင်မှုအပိုင်းက အရေးကြီးပါတယ်။ အခုခေတ် လူငယ်ဒါရိုက်တာတွေက သိနေပြီ။ သိလို့လည်း ကြိုးစားပြီး ကြိုတင်ပြင်ဆင်မှုကဏ္ဍကို အချိန်ယူတယ်။ အချို့ဒါရိုက်တာတွေက အကြောင်းကြောင်းကြောင့် ကြိုတင်ပြင်ဆင်မှုကဏ္ဍကို ကောင်းကောင်းမလုပ်နိုင်ကြဘူး။ ဒါပေမယ့် သေချာလုပ်ခဲ့တဲ့ကားတွေ ရှိပါတယ်။ အဲဒီကားတွေက ရုံပေါ်ရောက်ရင် သိပ်သိသာပါတယ်။ ပရိသတ်သေချာပေါက် ကြိုက်ပါတယ်။ အဓိက ကတော့ လက်ရှိရုပ်ရှင်လောကမှာ လုပ်နေကြတဲ့သူတွေ ဒါလေးကို ပြန်ပြီးတော့ ခေါင်းထဲရောက်လာအောင် လုပ်စေချင်ပါတယ်။ ဒီဆွေးနွေးပွဲတွေကို လုပ်သင့်ပါတယ်ဆိုပြီး အစည်းအဝေးမှာတင်ပြပြီး လုပ်ဖြစ်တာပါ။ ဒီပွဲတွေလုပ်တာ တစ်စုံတစ်ခု အကျိုးရှိသွားမယ်ဆိုရင် ကျေနပ်ပါတယ်။

ဇာတ်ညွှန်းပညာရှင် အယ်လ်မင်းပြည့်မွန်

ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ ဇာတ်ညွှန်းက တော်တော်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဇာတ်ညွှန်းရေးတဲ့နေရာမှာ အရင်ခေတ်နဲ့ မတူတာက အိမ်ထဲမှာနေလို့ မရဘဲ အပြင်ထွက်ပြီး ပတ်ဝန်းကျင်ကို လေ့လာရတယ်၊ သူတို့ရဲ့အသံ အစစ်တွေ၊ ခံစားမှုတွေ ယူရတယ်၊ အဲဒီအပေါ်မှာမှ ပြန်ပြီးပြုပြင်ပြီး ပြန်လုပ်ရတာမျိုးပါ။ အဲဒါမျိုးတွေကို မျှားမျှားလုပ်စေချင်တယ်။ ဒါကြောင့် တက်ရောက်ဆွေးနွေးဖြစ်တာပါ။ ရုပ်ရှင်လောကမှာ ဒီထက်ပိုကောင်းတဲ့ နည်းလမ်းတွေရှာပြီး ဘာတွေလိုအပ်နေသလဲ၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆိုတာမျိုး သွားဖို့လိုပါတယ်။ ဒီလိုပွဲမျိုးတွေ မျှားမျှားလုပ်ပေးဖို့ လိုတယ်။ နောက်ထပ် ဇာတ်ညွှန်းဆွေးနွေးပွဲတွေ လုပ်သွားဖို့ ရှိပါတယ်။ ဇာတ်ညွှန်းက အင်မတန်မှ အရေးကြီးတဲ့အရာ ဖြစ်ပါတယ်။ အရေးကြီးတာကို အရေးကြီးတဲ့ အလျောက် ဆောင်ရွက်နိုင်ကြပါစေလို့ ပြောချင်ပါတယ်။

ဒါရိုက်တာ ခရစ္စတီးနားခီ

တခြားဆွေးနွေးမယ့်သူတွေဆီက ပြောတာတွေကို နားထောင်လို့ရမယ်၊ ကိုယ်မသိသေးတာတွေရှိရင် ကိုယ့်အတွက် အကျိုးအများကြီးရှိမယ်။ ဒီလုပ်ငန်းထဲမှာပဲ နေကြတဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် လုပ်ငန်းအတွေ့အကြုံတွေ မတူဘူး။ အတွေ့အကြုံတွေကို တစ်ယောက်နဲ့တစ်ယောက် ဝေမျှကြမယ်။ သူတို့ပြောတာတွေကို နားထောင်ချင်တယ်။ ကိုယ့်ဘက်က ပြောနိုင်တဲ့အရာ၊ ဝေမျှနိုင်မယ့်အရာကိုလည်း ဘယ်သူ့အတွက်ပဲ အကျိုးရှိရှိ လာဝေမျှပေးချင်ပါတယ်။ ထုတ်လုပ်မှုအပိုင်းအနေနဲ့ ကိုယ်တိုင်လည်း ရုပ်ရှင်ကားထုတ်လုပ်ပြီး ရိုက်ထားတာဖြစ်တဲ့အတွက် ဘယ်လိုနည်းနဲ့ ထုတ်လုပ်တယ်၊ ဘယ်လိုသွားနေလဲ၊ ဘယ်လိုလည်ပတ်နေတယ်၊ ဘယ်လိုလုပ်ကိုင်နေလဲ ဆိုတာကို ဝေမျှပေးမှာပါ။ ကိုယ်ပြောလိုက်တဲ့ အရာလေးက အခြားတစ်စုံတစ်ဦး တစ်ယောက်အတွက် အကျိုးရှိသွားရင် ကောင်းမယ်လို့ ထင်ပါတယ်။

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်

လှေသဘင်ပွဲကျင်းပ တော်သလင်းလ ဂရုဓမ္မသီလ

တက္ကသိုလ်ပွင့်သူအောင်

တော်သလင်းလသည် မြန်မာ့ပြက္ခဒိန်၌ ဆဋ္ဌမမြောက်လဖြစ်ပြီး မိုးရာသီ၌ပါဝင်သည်။ ကန်ရာသီခွင်သို့ ကျရောက်သောလဖြစ်သည်။ ရာသီပန်းအဖြစ် ရင်းမာပန်းတို့ကြိုင်လှိုင်ကာမွှေးထုံလျက်ရှိသည်။ တော်သလင်းလသည် မိုးရာသီ၌ပါဝင်သော်လည်း ဤလသည် မိုးရွာသွန်းမှုနည်းပါးသည်။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့၌ "ရောင်ခြည်ထိန်လင်း၊ သိဟ်ကသွင်း၍၊ လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုးမျှ၊ မိုးကစွေသွန်၊ မေဃဝန်သို့" ဟု ရေးဖွဲ့စပ်ဆိုထားသည်။ ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်းတစ်ရက်မှရေတွက်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သည့်နေ့ကို ဗဟိုထား၍ ရှေ့ခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ်သောမိုးပင်ဖြစ်သည်။ ကန်ဆင်းမိုးနှင့် စပ်လျဉ်း၍ ရှေးမြန်မာတို့က "အိုးရေသောက်ကြယ်လွှဲရောက်" (အိုး=၁၊ ရေ=၄ ၊ သောက်=၆) လင်္ကာဖြင့်မှတ်သားခဲ့ကြသည်။

တော်သလင်းလ၏အဓိပ္ပာယ်

တော်သလင်းလ၏အဓိပ္ပာယ်နှင့်စပ်လျဉ်းပြီး ကျမ်းပြုစာဆိုရှင်ကြီး လေ့သင်းအတွင်းဝန်က "ပုရိသာနံတောသိတုံ အလန္တိတော သလံ"ဟုလည်းကောင်း၊ "ကဿကာနံတောသိတုံအလန္တိတောသလံယောကျ်ားတို့ကို နှစ်သက်စေခြင်းငှာစွမ်းနိုင်သောလ သို့မဟုတ် လယ်လုပ်သားတို့ကိုနှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ" ဟုလည်းကောင်း၊ ဝိဂြိုဟ်ဖွင့်ထားသည်။ တော်သလင်းလကို ရှေးအခါက " တော်သာလင်း " ဟု ရေးထုံးပြုခဲ့သည်။ ပုဂံခေတ်ထိုကျောက်စာများ၌ ထိုလကို " တ်သ္လင်၊ တာ်သ္လင်၊ တာ်သလင်၊ တာဝ်သ္လာင်" ဟုအမျိုးမျိုး ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်တွင်မူ ထိုလကို " သစ်ဆင်းလ" ဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်။ မြန်မာလအမည်များ စာအုပ်ကမူ " တော် " ဟူသည်မှာ မြင့်မြတ်သည်။ အထွတ်အထိပ်ဖြစ်သည်။ အထက်ကောင်းကင်ဖြစ်သည်။ သလင်းကား "သာလင်း" မှ ဆင်းသက်လာ၍သာယာထွန်းလင်းသည်ဟု အဓိပ္ပာယ်ရသည်။ အထက်ကောင်းကင်တွင် သာယာထွန်းလင်းသောလဟု ယူနိုင်ပါသည်။ ထို့ကြောင့် တော်သလင်းလသည် အမည်နှင့်လိုက်ဖက်ညီစွာ ကောင်းကင်တစ်ခွင် မိုးသားတိမ်လိပ်များကင်းစင်ပြီး ကြည်လင်သာယာလျက်ရှိနေခြင်းပင်ဖြစ်သည်။ " တော်သလင်းနေ ပုစွန်သေ " ဟူသော ဆိုရိုးစကားအတိုင်း ထိုလတွင် အပူရှိန်ပြင်းသဖြင့် ငါး၊ ပုစွန်ငယ်များသေကြသည့် ရာသီလည်းဖြစ်သည်။

မြန်မာလများနှင့်ပတ်သက်၍ တော်သလင်းလသည် ဆောင်ပုဒ်အများဆုံးလဟုဆိုရမည်ဖြစ်သည်။ " တော်သလင်းနေ ပုစွန်သေ "၊ " တော်သလင်းမြစ်တွင်း သင်ဖြူးခင်း "၊ " တော်သလင်းမိုးကန်သင်းကျိုး "၊ " တော်သလင်းတိမ်ညိုစားဖိုသည်ဆင်းရဲ မိုးမစဲ " စသည်တို့သည် တော်သလင်းလကို သရုပ်ဖော်နေသော ဆောင်ပုဒ်များပင်ဖြစ်သည်။

လှေသဘင်ပွဲတော်

ရှေးစာဆိုပညာရှင်ကြီး လက်ဝဲသုန္ဒရအမည်ရသော အမတ်ကြီး သရေသင်္ခယာက " ပဥ္စင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး"ဟူ၍ သာမိနပျို့ကို ဖွဲ့ဆိုခဲ့ရာ၊ " မြစ်ယံပွဲကြီး " ဟူသည် တော်သလင်းလလှေသဘင်ပွဲတော် (ဝါ) လှေပြိုင်ပွဲကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့အပြင် " သစ်ဆင်းရယ်တဲ့ လသာယာ၊ မြစ်လုံးငယ်ဆူညံလို့ လှော်တက်သံလှေပြိုင်ပွဲဝယ် နွဲ့ပျော်ကြရှာ " ဟူသော အဖွဲ့ပါလှေပြိုင်ပွဲကို ပန်းလှသဘင် ပြိုင်ပွဲ၊ ရေသဘင်ပွဲ၊ မြစ်ယံပွဲဟူ၍လည်း ခေါ်ဆိုကြသည်။ ရှေးမြန်မာမင်းများသည် လှေပြိုင်ပွဲကို များစွာနှစ်သက်တန်ဖိုးထားကြသည်။ ထိုစဉ်က မြန်မာ့ဘုရင့်ရေတပ်မတော်၌ ရေတပ်သည်အဓိကကျခဲ့ရာ ရေတပ်မတော်သားတစ်ဦးဖြစ်ရန် ခြေလျင်တပ်သားအဖြစ် အောင်ပွဲရရှိပါမှ မြင်းတပ်သား၊ မြင်းတပ်သားအဖြစ် အောင်ပွဲဆယ်ပွဲရပြီးမှ ဆင်စီးတပ်သား၊ ဆင်စီးတပ်သားအဖြစ် အောင်ပွဲဆယ်ပွဲရပြီးမှသာလျှင် ရေတပ်သားဖြစ်လာသည်အထိ အဆင့်ဆင့် အရည်အချင်း သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ရှေးစာဆိုတော်ကြီး ဦးယာက " တော်သလင်း ဟုမြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်လှော်ကား၊ ရွှေလှေများကို၊ ကစားလူးလာ၊ စုန်ကာဆန်လျက် " ဟု လှေသဘင်ပွဲကို ဖွဲ့ဆိုခဲ့သည်။ ထိုလှေသဘင်ပွဲ၌ လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ ငလောင်းတော်၊ ရဲလှေတို့ဖြင့် အစုအသင်းခွဲကာ ယှဉ်ပြိုင်ကြရသည်။ ယင်းလှေသဘင်ပွဲကြီးကို ရှင်ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိပြီး ဘုရင်ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များခြံရံကာ " ပြည်ကြီးမွန် " အမည်ရှိသော ရွှေလှေကြီးပေါ်မှ လေညင်းခံရင်း လှေသဘင်ပွဲကို ရှုစားတော်မူသည်။ " ပြည်ကြီးမွန်လှေ " ဆိုသည်မှာ မြန်မာမင်းကို တရားသောမင်းတို့ ညီညွတ်ဟန်ကို လှေဦးမှပဲ့အထိ လက်ဝဲလက်ယာ အရုပ် ၅၀ စီ ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော်ကြီးပင် ဖြစ်သည်။

လှေပြိုင်ပွဲကို တော်သလင်းလဆန်း ၈ ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၈ ရက်၊ လကွယ်နေ့များ၌ ကျင်းပကြသည်။ စာဆိုပညာရှင်ကြီး ရှင်မဟာရဋ္ဌသာရက " ချလည်းတစ်ညီ၊ ညီလည်းတသွယ်၊ သတ်လည်းညီအောင်၊ ဟန်ရေးအောင်သည်" ဖွဲ့ဆိုထားသည့်အတိုင်း ဘုရင့်ရေတပ်မတော်သားများသည် လှေပြိုင်ပွဲမစမီကပင်၊ ဟန်ရေးတပြင်ပြင်ရှိနေသော မြင်ကွင်းကလည်း စိတ်ဓာတ်အားမာန် တက်ကြွစေသည်။ မြစ်ပြင်တစ်ခုလုံးအပြည့်အနှက်၊ ဂဠုန်ငှက်သဏ္ဍာန်မာန်တဝင့်ဝင့်နေကြသည့် ပြိုင်လှေများပေါ်၌ နီမြန်းပါးလွှာသော အဝတ်အစားများကို အချိုးကျကျဝတ်ဆင်ထားကြသည်မှာ စိတ်လှုပ်ရှားဖွယ်ကောင်းလှသည်။ ထို့အပြင် ပြိုင်ပွဲဝင် လှေလှော်သားတို့ ဆင်ယင်ထားသည့် ရွှေဦးထုပ်များနှင့် ငွေလက်ကြပ်များသည် နေရောင်ခြည်အောက်၌ တပြောင်ပြောင်တောက်ပလျက်ရှိသည်။ ပြိုင်ပွဲယှဉ်ပြိုင်ကြသူအားလုံးမှာ စိတ်ဓာတ်တက်ကြွနေကြသည်။ လှေတော်သားတို့သည် လှော်တက်များကို အချီအချညီညွတ်စွာဖြင့် လှော်ခတ်ခြင်းကို လှုလှုပပတက်ရေးပြနေသည် ကြည့်ရှုနေသည့်ပရိသတ်များက လက်ခုပ်လက်ဝါးတီးကာ အားပေးနေကြသည်။ ပြိုင်ပွဲဝင်ရန် အလှည့်ရောက်လာသောလှေများသည် ရွှေသားစက်ကွင်းရှိရာသို့ အကြိတ်အနယ်ယှဉ်ပြိုင်လှော်ခတ်ကြရသည်။ ရွှေသားစက်ကွင်းကို အဝါရောင်စက္ကူ၌ အလယ်တွင် အမည်းကွက်ပြုလုပ်ထား၍ ပန်းတိုင်တွင်ထားရှိသည်။ လှော်လှေ၊ စက်လှေတို့ တာမှထွက်သည်နှင့်တစ်ပြိုင်နက် စည်၊ ဗုံ၊ မောင်းစသောတူရိယာတို့ မြူးကြွစွာ တီးမှုတ်ပေးကြသည်။ ပန်းတိုင်သို့ဦးစွာရောက်သည့် လှေမှ ရွှေသားစက်ကွင်းကို ဆွတ်ယူကြရသည်။ ယင်းကဲ့သို့ ဆွတ်ယူသည်ကို ပန်းဆွတ်သည်ဟု ခေါ်သည်။ ပန်းမဆွတ်၍ ရေထဲလိမ့်ကျပါက အရှုံးဟု သတ်မှတ်ထားသည်။ ထို့ကြောင့် လှေဦး၌ ပန်းဆွတ်တော်သူများကို ထားလေ့ရှိသည်။ ထိုအကြောင်းကြောင့် ပန်းလှသဘင်ဟုလည်း ခေါ်ဆိုကြသည်။ ပြိုင်ပွဲ၌အနိုင်ရသူများကို ဘုရင်မင်းမြတ်က ဆုလာဘ်များ၊ ရာထူးတိုးပေးခြင်းများဖြင့် ဘုရင့်ရေတပ်မတော်၏ စွမ်းရည်ကိုမြှင့်တင်ပေးခဲ့သည်။

သမိုင်းမှတ်တမ်းများအရ အမရပူရကောင်းစားစဉ်က ရွှေခဲလှေတော်၊ နတ်ပြားလှေတော်၊ ရွှေဆုံးလှေတော်စသည်ဖြင့် နာမည်ကျော်များရှိခဲ့ပြီး ယင်းပြိုင်လှေကျော်များမှ လှေတော်သားတို့သည် မိမိတို့လှေကိုဂုဏ်တင်၍ လှေချင်းသံများကို မြစ်လုံးညံမျှ သီဆိုကျူးရင့်ကာ ယှဉ်ပြိုင်ကြခြင်းပင်ဖြစ်သည်။ ရှေးမြန်မာတို့၏ လှေလှော်သံများမှာ "ရွှေတုံးလှေတော်၊ ရေပေါ်ပျံဝဲပါလို့၊ နဒီရေထဲမှာလ၊ အောင်ပွဲတော်ရ၊ လှေလှေရန်ကင်းကိုလ အိုကွင်းပါကြ" ဟူ၍ဖြစ်သည်။ ရွှေတုံးအမည်ရှိသော လှေလှော်သားတို့၏ သံပြိုင်ကျူးရင့်လိုက်သည့် လှေလှော်သံဖြစ်သည်။

ယခုအခါ မြို့ကြီးပြကြီးများ၌ လှေပြိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း မကျင်းပကြသော်လည်း ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ နှစ်စဉ် ရှင်ဥပဂုတ္တ ရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ကျောက်ကြီးချောင်းအတွင်းတွင် တော်သလင်းလရောက်တိုင်း ကျင်းပလျက်ရှိသည်။ ရှေးလူကြီးများ၏ပြောကြားချက်အရ ကျောက်ကြီးမြို့၏ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ဂျပန်ခေတ်၊ ကိုလိုနီခေတ်က တည်းကပင် အခက်အခဲများစွာကြားထဲမှ အစဉ်အလာမပျက်ကျင်းပခဲ့ကြသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့များ၌ မြန်မာ့ရိုးရာဓလေ့လှေပြိုင်ပွဲများကို ကျင်းပနေကြသည်။

တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့ ကျင်းပကြသည်။ "ဂရု ဓမ္မ" ဟူသည် သူတော်ကောင်းတို့ အလေးဂရုပြုပြီး လိုက်နာကျင့်သုံးအပ်သော "ငါးပါးသီလ"ကို ခေါ်ဆိုခြင်းပင်ဖြစ်သည်။ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့အဖြစ် ကျင်းပရခြင်းမှာ ဂရုဓမ္မဇာတ်တော်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ဆက်စပ်နေသည်။ ဂေါတမမြတ်စွာဘုရား နှစ်ဦးအခါက အိန္ဒိယနိုင်ငံကုရုတိုင်း၌ နေထိုင်ကြသူများသည် လူတိုင်းကိုယ်စီ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းကြသည့်အတွက် တိုင်းပြည်တွင် မိုးလေဝသမှန်ကန်ပြီး ကပ်ကြီးသုံးပါးမှ လွတ်မြောက်လျက်ရှိကြသည်။ ထိုသို့ကုရုတိုင်း၌ အေးချမ်းသာယာနေစဉ် ကာလိင်္ဂတိုင်းပြည်တွင် မိုးခေါင်ပြီး ကပ်ကြီးသုံးပါးဆိုက်နေသည်။ လူသူတိရစ္ဆာန်အများ ဒုက္ခရောက်နေကြသည်။ ဤတွင် ရှေးမင်းများထုံးစံအရ မိုးရွာအောင် အလှူပေးပြီး ဘုရင်ကိုယ်တိုင် ဥပုသ်ဆောင်ဝင်၍ ဥပုသ်သီလစောင့်သော်လည်း မိုးရွာသွန်းခြင်းမရှိသေး။ ထိုအခါ ကုရုတိုင်း၌ မိုးရွာခြင်းသည် အဥ္စနဝဏ္ဏဆင်တော်ကြီးရှိ၍ မိုးရွာသည်ဟု ယူဆကြပြီး ရွှေနှင့်လဲပါရန် ကိုယ်စားလှယ်လွှတ်၍ တောင်းဆိုကြသည်။ စာနာတတ်သော ကုရုဘုရင်က ရွှေ နှင့် မရောင်းဘဲ အခမဲ့ မေတ္တာလက်ဆောင်ပေးလိုက်သည်။ ဆင်ကြီးရောက်လာသော်လည်း မိုးမရွာ ခေါင်မြဲခေါင်နေပြန်သည်။

ဤတွင် မိုးမရွာသည်မှာ ဆင်နှင့် မသက်ဆိုင်၊ ကုရုတိုင်းပြည်သားများ ကျင့်သုံးသော ကုရုဓမ္မကြောင့်သာ ဖြစ်သည်ဟု သဘောပေါက်ပြီး ယင်းတရားကို ရွှေပြားပေါ်တွင် ကူးယူခဲ့ရမည်ဟု ကိုယ်စားလှယ်တော်ကြီးများကို ထပ်မံစေလွှတ်ပြန်သည်။

ကုရုတိုင်းပြည်၌ တစ်တိုင်းပြည်လုံး ငါးပါးသီလမြဲကြသည့် အနက် (၁) ဘုရင်၊ (၂) မယ်တော်ကြီး၊ (၃)မိဖုရားကြီး၊ (၄) အိမ်ရှေ့မင်း၊ (၅) ပုရောဟိတ်ကြီး၊ (၆) မြေတိုင်းအမတ်၊ (၇) ရထားထိန်း၊ (၈) လယ်ပိုင်ရှင်ကြီး၊ (၉) တင်းခြင်အမတ်၊ (၁၀) တံခါးမှူး၊ (၁၁) ပြည့်တန်ဆာမ -ဤပုဂ္ဂိုလ် ၁၁ ဦးသည် ငါးပါးသီလကို ထူးထူးခြားခြားစောင့်ကြသည့်အတွက် သူတို့ထံမှ ငါးပါးသီလကို ရွှေပြားပေါ်တွင်ရေး၍ တောင်းယူလာခဲ့သည်။ ထို့နောက် ရှင်ဘုရင်ကစပြီး တစ်ပြည်လုံးကျင့်သုံးခဲ့ကြရာ မိုးများရွာပြီး ကပ်ကြီးသုံးပါးမှ လွတ်မြောက်ခဲ့သည်။ ဂရုဇာတ်တော်ပေါ်ပေါက်ချိန်ကာလသည် မိုးတွင်းကာလနှင့် ပတ်သက်နေ၍ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့၊ ငါးပါးသီလအခါတော်နေ့အဖြစ်သတ်မှတ်ကာ အထိမ်းအမှတ်အဖြစ် ကျင်းပကြခြင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ဂရုဓမ္မအမိန့်တော်ပြန်တမ်းကို ဆင်ပေါ်တင်၍ လေးပြင်လေးရပ်လှည့်လည်ပြီး ငါးပါးသီလစောင့်ထိန်းကြရန် တိုင်းသူပြည်သားတို့အား နှိုးဆော်လေ့ရှိသည်။

ငါးဖြာသီလစောင့်ထိန်းကြရမည်

"သတ်၊ ခိုး၊ ကာမ၊ မုသား၊ သေ" ငါးမျိုးတို့မှ ရှောင်ကြဉ်ခြင်းကို ငါးပါးသီလဟုခေါ်သည်။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့၏ နား၊ မျက်စိနှင့်တူသည်။ ငါးပါးသီလပျက်သောသူသည် နား၊ မျက်စိချို့ယွင်းသူပမာ ဆင်းရဲဒုက္ခရောက်တတ်သည်။ အထူးသဖြင့် ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံတရားဖြစ်သည်နှင့်အညီ ဤသီလပျက်ယွင်းသူသည် ခြေထောက်ကျိုးသောသူပမာ လိုရာခရီးသို့ မရောက်ရှိနိုင်ပေ။ ထိုသီလပျက်ပါက အသက်ရှင်လျက် သေသူမည်၏။ အမှိုက်သဖွယ် စွန့်ပစ်အပ်သူမည်၏။ အပုပ်နံ့ထွက်သော အကောင်နှင့်တူ၏။ ခြေပြတ်လက်ပြတ် ဦးခေါင်းပြတ်သူနှင့်တူ၏။

ထို့အပြင် ငါးပါးပဥ္စသီဟုခေါ်တွင်သည့် ငါးပါးသီလ ပျက်စီးသူ၌ အပြစ်ငါးပါးသင့်ရာ၊ ထိုအပြစ်ငါးပါးမှာ "(၁)စည်းစိမ်ပျက်လျှင်း၊ (၂) သတင်းဆိုးနံ့၊ (၃) ကြောက်ရွံ့ပရိသာ၊ (၄) သေခါတွေဝေ၊ (၅) သေရဲလား ပြစ်ငါးပါး မှတ်ထားဒုသီလ" ဖြစ်သည်။ ထို့ကြောင့် ငါးပါးသီလသည် ကုသိုလ်တရား၏ အစဖြစ်၏။ ဈာန်မဂ်ဖိုလ်တရားတို့၏ ဆောက်ရာတည်ရာဖြစ်၏။ သမထ၊ ဝိပဿနာအစရှိသော မြတ်သောတရားတို့၏ အမိဖြစ်၏။ ပါမောက္ခအစရှိသော အပြစ်မဲ့တရားအလုံးစုံတို့၏ တံခါးဖြစ်၏။ ငါးပါးသီလမြဲလျှင် မတုပနိုင်သော ဗိုလ်ပါအင်အားဖြစ်၏။ မြတ်သောလက်နက်ဖြစ်၏။ မြတ်သော အဆင်းတန်ဆာဖြစ်၏။ မကွဲမပျက် မပေါက်မပြတ်သော စစ်ဝတ်တန်ဆာဖြစ်၏။ ထို့ကြောင့် ငါးဖြာသီလ စောင့်ထိန်းကြရမည်။

အထူးသဖြင့် ငါးပါးသီလသည် အိုသည့်တိုင်အောင် တင့်တယ်လျောက်ပတ်ကောင်းမြတ်လှခြင်းကြောင့် လှေသဘင်ပွဲကျင်းပ တော်သလင်းလ၌ ဂရုဓမ္မငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

"တော်သလင်းလကို ရှေးအခါက " တော်သာလင်း " ဟု ရေးထုံးပြုခဲ့သည်။ ပုဂံခေတ်ထိုကျောက်စာများ၌ ထိုလကို " တ်သ္လင်၊ တာ်သ္လင်၊ တာ်သလင်၊ တာဝ်သ္လာင်" ဟုအမျိုးမျိုး ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်တွင်မူ ထိုလကို " သစ်ဆင်း လ" ဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်။ မြန်မာလအမည်များ စာအုပ်ကမူ " တော် " ဟူသည်မှာ မြင့်မြတ်သည်။ အထွတ်အထိပ်ဖြစ်သည်။ အထက်ကောင်းကင်ဖြစ်သည်။ သလင်းကား " သာလင်း " မှ ဆင်းသက်လာ၍ သာယာထွန်းလင်းသည်ဟု အဓိပ္ပာယ်ရသည်။ အထက်ကောင်းကင်တွင် သာယာထွန်းလင်းသောလဟု ယူနိုင်ပါသည်။ ထို့ကြောင့် တော်သလင်းလသည် အမည်နှင့်လိုက်ဖက်ညီစွာကောင်းကင်တစ်ခွင် မိုးသားတိမ်လိပ်များကင်းစင်ပြီး ကြည်လင်သာယာလျက်ရှိနေခြင်းပင် ဖြစ်သည်။ " တော်သလင်းနေ ပုစွန်သေ " ဟူသော ဆိုရိုးစကားအတိုင်း ထိုလတွင် အပူရှိန်ပြင်းသဖြင့် ငါး၊ ပုစွန်ငယ်များသေကြသည့် ရာသီလည်းဖြစ်သည်"

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးကျော်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးကျော်မြင့်

အားလုံးသာလီစွပါ။

ကျွန်တော်က ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်ပါ။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်(၃) နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မှာ ရခိုင်ပြည်နယ် လွှတ်တော်နေရာအတွက် ဦးသိန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်နေရာအတွက် ဒေါ်သက်သက်အေးနဲ့ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် အမှတ် (၂)မဲဆန္ဒနယ်မြေမှာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အတွက် ဦးမောင်လှကျော်တို့က ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေး လူထုအရေးတော်ပုံကာလက ပေါ်ပေါက်လာတဲ့ပါတီဖြစ်ပါတယ်။ ပါတီကို ရခိုင်မြန်မာပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်းနဲ့ ဒေါက်တာဦးစောမြအောင်တို့က ဦးစီး ဦးဆောင်ပြုပြီး ဖွဲ့စည်းတည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီမိုကရေစီရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရေး၊ အမျိုးသား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရေးတို့အပေါ်မှာ အခြေခံတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ခြင်းဖြင့်သာ ရခိုင်ပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်နိုင်မှာဖြစ်တယ်ဆိုတဲ့ မူဝါဒကို ချမှတ်ခဲ့ကြပါတယ်။ အဲဒီနောက် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် (၁၁)နေရာမှာ အနိုင်ရရှိကာ မြန်မာနိုင်ငံမှာ တတိယအများဆုံး အနိုင်ရပါတီအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မိမိတို့ပါတီရဲ့ မူဝါဒကို အကောင်အထည်ဖော်ရာမှာ တခြားသော တိုင်းရင်းသားတွေနဲ့ လက်တွဲပြီးဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) မှာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ဟာ အနာဂတ် ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများအားလုံး၊ လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်ရေးများ၊ အာမခံချက်ရှိတဲ့ ပြည်ထောင်စုကို တည်ဆောက်ကြမယ်ဆိုတဲ့ မူတွေနဲ့ပတ်သက်လို့ ပိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက်ကိုလည်း (၂၉.၈.၁၉၉၀)ရက်နေ့မှာ ထုတ်ပြန်နိုင်ခဲ့ကြတယ်။

၁၉၉၀ ပြည့်နှစ်အလွန်ကာလတွေမှာလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရပါတီတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) မှာ ပါဝင်လှုပ်ရှားခဲ့ပြီး ပါတီရဲ့မူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းခဲ့တယ်။

၁၉၉၂ ခုနှစ်မှာတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မှတ်ပုံတင်ဖျက်သိမ်းခံခဲ့ရပါတယ်။

၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီး ပေါ်ထွန်းလာတဲ့ အစိုးရသစ်လက်ထက်မှာ ပြောင်းလဲလာတဲ့ နိုင်ငံရေး ဖြစ်စဉ်တွေကြောင့် ၂၀၁၂ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီရဲ့ မူလရည်မှန်းချက်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပြီး မှတ်ပုံတင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိတို့ပါတီရဲ့ မူဝါဒတွေနဲ့ တူညီတဲ့ တိုင်းရင်းသားပါတီတွေနဲ့ ဖွဲ့စည်းထားတဲ့ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) အဖွဲ့မှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရခိုင်ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒကို လေးစားတဲ့အနေနဲ့ သော်လည်းကောင်း၊ ရခိုင်အမျိုးသားတွေရဲ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနဲ့ ပူးပေါင်းခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီး နောက်ပိုင်းကာလမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မိမိပါတီရဲ့မူဝါဒတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းပြီး တတိယအကြိမ် မှတ်ပုံတင်ခဲ့ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၁၉၈၈ ခုနှစ် စတင်ဖွဲ့စည်းတည်ထောင်စဉ်ကပင် ခေါင်းဆောင်ကြီးများချမှတ်ထားခဲ့တဲ့ မူဝါဒတွေကို ဆက်လက်စွဲကိုင်ပြီး လုပ်ငန်းစဉ် (၁၆) ရပ်ကိုလည်း ချမှတ်ထားပါတယ်။ အဲဒီလုပ်ငန်းစဉ်(၁၆)ရပ်ထဲက အချို့ကန့်သတ်ချက်ရှိတဲ့အတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်တွေကိုပဲ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

- ပထမဆုံးအနေနဲ့ ဒီနေ့ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာဟာ ခုဆိုရင် တစ်နိုင်ငံလုံးရဲ့ပြဿနာဖြစ်လို့ လာနေပါပြီ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေ၊ အဲဒီ အခြေအနေပေါ်မှာ အခြေခံပြီးချမှတ်ခဲ့တဲ့ မူဝါဒတွေရဲ့ အားနည်းချက်တွေ၊ တရားဥပဒေစိုးမိုးမှုနည်းပါးတာတွေနဲ့ လာဘ်ပေးလာဘ်ယူမှုစတဲ့ ကိစ္စတွေကို အကြောင်းပြုပြီး ကြီးထွားလာခဲ့တဲ့ ခိုးဝင်ဘင်္ဂါလီပြဿနာဟာ ရခိုင်ပြည်နယ်အတွက်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် စိုးရိမ်ဖွယ်ရာအခြေအနေတွေ ဖြစ်လာနေပြီဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းရာမှာ အတိမ်းအစောင်း တစ်ခုခုဖြစ်ခဲ့ရင် ပထမဆုံးထိခိုက်ခံစားရမှာက ဒေသခံရခိုင်လူမျိုးတွေပဲ ဖြစ်တယ်။ ဒါကိုလည်း ရှေ့အဖြစ်အပျက်တွေက သက်သေပြခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် ဒီပြဿနာကို ဖြေရှင်းတဲ့ကိစ္စမှာ ဒေသခံရခိုင်ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်တယ်။ ဒုံကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေနဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် ချမှတ်ထားပါတယ်။
- ဒုတိယအနေနဲ့ ဒီနေ့မြန်မာနိုင်ငံဟာ ပြည်ပအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ ပြောနိုင်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ ဒါဆိုရင် ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒုံကြောင့် အဓိကပါဝင်ပတ်သက်နေကြတဲ့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေဟာ ဦးစွာတွေ့ဆုံပြီး သဘောထားကြီးကြီးနဲ့ နိုင်ငံ့အကျိုးအတွက် ဦးစားပေးပြီး တိုက်ရိုက်တွေ့ဆုံဆွေးနွေးဖို့ လိုပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း အင်အားကြီးတဲ့အဖွဲ့က စတင်ပြီး သဘောထားကြီးကြောင်း ပြသဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ကတော့ ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ကိုလည်း ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ချမှတ်ထားပါတယ်။
- တတိယအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဆက်စပ်ပြီး ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဒီမိုကရေစီအခြေခံမူများနဲ့ သော်လည်းကောင်း၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုမူတွေနဲ့ သော်လည်းကောင်း၊ ကိုက်ညီမှုမရှိတဲ့ အချက်အလက်တွေကိုလည်း ပြင်ဆင်ရေးဆွဲဖို့ လိုအပ်တဲ့အတွက် ပါတီမှာ လုပ်ငန်းစဉ်တွေကို ချမှတ်ထားပါတယ်။
- နောက်တစ်ချက်ကတော့ ရခိုင်ပြည်နယ်အနှံ့အပြားမှာလည်း စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေ၊ အစိုးရစီမံကိန်းကြီးတွေ စတဲ့အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေသိမ်းဆည်းခံရမှု အများအပြားရှိခဲ့ပြီး တောင်သူလယ်သမားတွေဟာ ဒုက္ခအမျိုးမျိုးတွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ရခိုင်ပြည်သူပြည်သားအများစုဟာ လယ်ယာကို အခြေခံတဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်း ပြုကြရတာဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ဆိုတာဟာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ရဲ့ အရေးအကြီးဆုံး မူဝါဒတွေထဲက တစ်ခု ဖြစ်ပါတယ်။ ဒုံကြောင့် လယ်ယာမြေပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်ဖို့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဦးစားပေး ဆောင်ရွက်သွားမယ့် မူဝါဒတစ်ရပ်အဖြစ် ချမှတ်ထားပါတယ်။
- ငါးချက်မြောက်အနေနဲ့ ပြောရရင် ဒီနေ့ရခိုင်ပြည်နယ်မှာ လူငယ်အများအပြားဟာ အလုပ်အကိုင်ရှားပါးမှုပြဿနာအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်ကနေ နိုင်ငံတွင်းက အခြားဒေသများအပါအဝင် နိုင်ငံတကာကို ထွက်ခွာသွားနေကြရတယ်။ ဒုံကြောင့် အမျိုးသားတွေသာ လုပ်ကိုင်ခဲ့ကြတဲ့ ကျောက်ခွဲ၊ ကျောက်ထု၊ ကျောက်သယ်၊ လယ်ထွန်၊ သစ်ခုတ်ကိစ္စတွေအပြင် အိမ်ပြင် အိမ်မိုးကအစ အမျိုးသမီးတွေက အစားထိုးဝင်ရောက်လုပ်ကိုင်နေကြရတာတွေကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါတယ်။ ဒါကြောင့် ရခိုင်ပြည်သူပြည်သားတွေ အိမ်ပြန်အလုပ်လုပ်နိုင်ဖို့၊ ခုခေတ်လူငယ်တွေနဲ့ သင့်တော်ပြီး ကောင်းမွန်တဲ့လုပ်ခလစာရရှိဖို့၊ ရခိုင်ပြည်မှာ ရခိုင်သူ ရခိုင်သားတွေ မိသားစုနဲ့အတူနေ၊ အတူလုပ်နိုင်ဖို့၊ ကောင်းမွန်သင့်တော်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ လိုတယ်လို့ ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ပါတယ်။ ဒုံကြောင့် ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက်ကိုလည်း ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ချမှတ်ထားပါတယ်။
- နောက်ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေနဲ့ ရခိုင်ပြည်နယ်အနှံ့အပြားမှာ ဖွံ့ဖြိုးရေးစီမံကိန်းတွေ၊ အစိုးရရဲ့စီးပွားရေး စီမံကိန်းကြီးတွေ စတဲ့အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းမဲ့ သစ်တောတွေကို ခုတ်တာတွေ၊ ကျောက်တောင်တွေကို ဖြိုတာတွေစတဲ့ ဖြစ်စဉ်တွေကြောင့် သဘာဝရဲ့ဂေဟစနစ်ကို ပျက်စီးစေသလို အခုလက်ရှိမှာပဲ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့က ရေနက်ဆိပ်ကမ်းရှိတဲ့ သံဇစ်မြစ်ရေဟာ အရောင်ပြောင်းပြီး အညိုရောင်တွေဖြစ်ပေါ်နေတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေကို အခုထိ မတွေ့ရသေးပါဘူး။ ဒီလိုကိစ္စတွေကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသလို ဒေသခံ ရခိုင်လူမျိုးတွေရဲ့ စီးပွားရေး၊ ကျန်းမာရေးတွေကိုလည်းထိခိုက်လာနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ငန်းစဉ်တွေကို ဒေသခံအရပ်ဘက် အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ လက်တွဲဆောင်ရွက်နိုင်ဖို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ချမှတ်ထားပါတယ်။



- နောက်တစ်ချက်ကတော့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုတာဟာ မှန်ကန်စွာ လုပ်ကိုင်ရင် ဒေသခံပြည်သူတွေအတွက် အကျိုးရှိနိုင်သလို၊ ကောင်းမွန်မှန်ကန်တဲ့ မူဝါဒ အကောင်အထည်ဖော်မှုတွေ မရှိရင် အတိဒုက္ခရောက်ကြရတာကို ကမ္ဘာနဲ့တစ်ပန်းတွေ့မြင်နေကြရပါတယ်။ အထူးသဖြင့် သဘာဝသယံဇာတကို တူးဖော်ထုတ်ယူသုံးစွဲခြင်း၊ ဒေသခံနယ်မြေတွေကို ပြောင်းလဲပြုပြင်ခြင်း စတာတွေပြုလုပ်ရတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် ပြည်သူတွေရဲ့ဘဝနေထိုင်မှုအနေအထားတွေဟာ အကောင်းဘက်ထက် ဆိုးရွားတဲ့ အကျိုးဆက်တွေကို ခံစားကြရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရခိုင်ပြည်သူတွေဟာ အဲဒီလိုဖြစ်လာနိုင်ခြေရှိတဲ့၊ ဖြစ်နေတဲ့ အကျိုးဆက်တွေကို ရှောင်ရှားဖြေရှင်းနိုင်ဖို့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ဖို့ ကောင်းမွန်တဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိရမယ့်အပြင်၊ အဲဒီဥပဒေတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒါတွေကို အကောင် အထည်ဖော်ဖို့အတွက်ကိုလည်း ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်အဖြစ် ချမှတ်ထားပါတယ်။
- ရခိုင်ပြည်သူတွေရဲ့အကျိုးစီးပွားအတွက် ရေလုပ်ငန်းတွေ၊ လယ်ယာမြေလုပ်ငန်းတွေ၊ သဘာဝအရင်းအမြစ်နဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအစရှိတဲ့ ကဏ္ဍအသီးသီးမှာ ပြည်သူတွေကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်တဲ့ ယန္တရားတစ်ရပ်ကို သက်ဆိုင်ရာကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ်တွေကိုလည်း ချမှတ်ထားပါတယ်။
- ဒီနေ့ရခိုင်ပြည်နယ်မှာ မူးယစ်ဆေးဝါးအန္တရာယ်ဟာ အထူးသဖြင့် လူငယ်တွေအတွက် စိုးရိမ်ဖွယ်ရာအနေအထားတစ်ခုကို ရောက်ရှိနေပါတယ်။ ကွမ်းယာဆိုင်မှာကအစ ဝယ်ယူရရှိနိုင်တဲ့ မူးယစ်ဆေးဝါးတွေဟာ ရခိုင့်သွေးသစ်လူငယ်တွေ၊ အနာဂတ်ခေါင်းဆောင်တွေရဲ့အညွှန့်တလူလူ တက်နေတဲ့ ရွှေရောင်အနာဂတ်တွေကို ဆုံးရှုံးနေတာတွေဟာ ရင်နာစရာကောင်းလှပါတယ်။ လက်လီ၊ လက်ကားရောင်းဝယ်ဖောက်ကားနေသူတွေကအစ ရခိုင်ပြည်နယ်ရဲ့အနာဂတ်ကို ဖျက်ဆီးနေတဲ့ မူးယစ်ရာဇာတွေအဆုံး ဖယ်ရှားရှင်းလင်းနိုင်ဖို့ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကိုလည်း အဓိကဦးစားပေးအချက်အနေနဲ့ ချမှတ်ထားပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်သွားပါမယ်။
- လူငယ်တွေ၊ အလုပ်သမားတွေ၊ အမျိုးသမီးနဲ့ ကလေးသူငယ်များရဲ့အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သွားဖို့၊ ဒုံပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ဖို့နဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားဖို့ကိုလည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) အနေနဲ့ လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။
- ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးပြည်နယ်အဖြစ် စာရင်းဝင်နေတာဟာ ဆယ်စုနှစ်အတော်ကြာခဲ့ပါပြီ။ သယံဇာတပေါကြွယ်ဝပြီး နိုင်ငံရေးပထဝီအနေအထား၊ စီးပွားရေးပထဝီအနေအထားအရ အချက်အချာကျလှတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ခုလိုဆင်းရဲတွင်းထဲက ရုန်းထွက်မရဖြစ်နေတယ်ဆိုတာဟာ အင်မတန်ရင်နာစရာကောင်းသလို၊ အဓိပ္ပာယ်လည်းမရှိပါဘူး။ ဒါကြောင့် ဒီဆင်းရဲတွင်းနက်နေတဲ့အနေအထားက ရုန်းထနိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ချမှတ်ထားတဲ့မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အဝေးရောက် ရခိုင်ပြည်သူများအပါအဝင် ရခိုင်ပြည်နယ်မှာရှိနေကြတဲ့ ရခိုင်ပြည်သူများအနေနဲ့ ကျွန်တော်တို့နဲ့အတူ ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ခုလို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့လမ်းစဉ်တွေဟာ ဆရာကြီးရခိုင်မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း၊ ဒေါက်တာ ဦးစောမြအောင်တို့လို ပုဂ္ဂိုလ်တွေကစပြီး အမြော်အမြင်ရှိရှိ ချမှတ်ထားခဲ့ပြီး ရခိုင်ပြည်သူပြည်သားတွေရဲ့ အကျိုးစီးပွားကို အပြည့်အဝ အကာကွယ်ပေးမှုဖြစ်တဲ့အတွက် ရခိုင်ပြည်သူတွေဟာ ခုကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးကြဖို့ ပြောကြားလိုပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးမယ်ဆိုရင်တော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမှတ်အသားကတော့ ရွှေရောင်ဗျာလ ဖြစ်ပါတယ်။ ရခိုင်ပြည်သူပြည်သားတွေနဲ့အတူ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ဖို့၊ ကိုယ့်ပြည်ကိုလူမျိုးခြားတွေရဲ့အန္တရာယ်ကကာကွယ်နိုင်ဖို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ကို မဲပေးကြဖို့ အခိုင်အမာ တိုက်တွန်းလိုက်ပါတယ်။ ရခိုင်ပြည်သူတွေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ဖို့အတွက် ညီညီညွတ်ညွတ်နိုးထကြပါစို့။ အားလုံးကိုကျေးဇူးတင်ပါတယ်။

"ဓားငပြူး" ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၂၈ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၂၃

လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကျော်သားကြီး ရိုက်ကူးသည့် "ဓားငပြူး" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်နံနက်ပိုင်းက ရန်ကုန်မြို့သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး စက်တင်ဘာ ၂၈ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဓားငပြူး" ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ ရွှေသမီး၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ ဝါဝါအောင်၊ K ညီနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ပန်းသေးကုန်းဟူသော ခပ်ဆန်းဆန်း နာမည်နှင့် ရွာတွင် ငပြူးဆိုသော မိဘမဲ့တစ်ကောင်ကြွက် ခပ်အူအူလူငယ်လေးတစ်ယောက်ကို အခြေခံပြီး ဟာသဆန်ဆန် ရိုက်ကူးထားသည်။

ဒါရိုက်တာ ကျော်သားကြီးက "ဓားငပြူး ဆိုတာက သူကရပ်ရွာထဲမှာ ဓားကိုခိုးမိတယ်ဆိုတဲ့ အချိန်ကစပြီး ဓားငပြူးဆိုပြီး နာမည်တွင်သွားတယ်။ ဇာတ်ကားမှာ ဓားငပြူးဆိုတဲ့ပုံစံလေးလည်း ပေါ်အောင် ဒီဇိုင်းလေးကြည့်ရတာလည်း မရိုးအောင် ဒီဇိုင်းဆရာကို ပုံလေးဆွဲခိုင်းပြီး ဖန်တီးထားတယ်။ ဒီဇာတ်ကားမှာ ရွာမှာရှိတဲ့ သူတွေက လူတစ်ယောက်က စကားပြောလိုက်ရင် ဒီစကားကို ဘာမှန်းညာမှန်းမသိတဲ့ အမှန်ထင်တယ်။ သူတို့တွေ လိုက်ယောင်ကြရင်းနဲ့ ဓားငပြူးကို ဘိုးတော်ငပြူးဆိုပြီး ဖြစ်သွားတာပေါ့။ ဒီဇာတ်ကားလေးက ဖျော်ဖြေရေးသက်သက်အနေနဲ့ပဲ ဇာတ်ကားတစ်ကားအဖြစ် ရိုက်ထားတာပါ။ ဒီဇာတ်ကားကို

ဒါရိုက်တာ ကျော်သားကြီး

သရုပ်ဆောင် ရွှေသမီး

သရုပ်ဆောင် ခင်လှိုင်

သရုပ်ဆောင် K ညီ

သွားရေးလာရေး အဆင်ပြေအောင် သန်လျင်မှာပဲ ရိုက်ထားတာ။ ရိုက်ထားတာကလည်း နှစ်နှစ်လောက်ရှိနေပြီ။ ဒီဇာတ်ကားလေးက ဒရာမာလေးလည်း ရောထားတယ်။ ပရိသတ်အနေနဲ့ လာအားပေးပါလို့ ပြောချင်ပါတယ်"ဟုပြောသည်။

သရုပ်ဆောင် ရွှေသမီးက "ဒီဇာတ်ကားထဲမှာ ဦးဇော်ဝင်းနိုင်ရဲ့တူမ ဂျမ်းရတီဆိုတဲ့ ကောင်မလေး နေရာက သရုပ်ဆောင်ထားပါတယ်။ ရွာမှာ အလုအပလည်း ကြိုက်တယ်။ နာမည်ကြီးချင် ပေါ်ပြူလာဖြစ်ချင်တဲ့သူပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရိုက်ခဲ့တယ်ဆိုပေမယ့် အခုပြန်ကြည့်တဲ့အခါ သရုပ်ဆောင်ရတာ ကွက်တိကျသွားတယ်လို့ မြင်တယ်။ ဒီဇာတ်ကားမှာ အဝတ်အစားကို ဒီဇိုင်းလေးတွေထွင်ပြီး ဝတ်တယ်။ နှစ်နှစ်လောက် အချိန်ဆိုပေမယ့် ဒီဇိုင်းလေးတွေက ရိုးသွားတာမရှိဘူး။ ဦးခင်လှိုင်တို့နဲ့တွဲပြီး သရုပ်ဆောင်ရတော့ အမီတော့လိုက်ရတယ်။ တွဲဖက်ပြီး သရုပ်ဆောင်ရတဲ့ အခါ ကျန်နေခဲ့လို့လည်း မရဘူး။ ရှေ့ကို ရောက်နေလို့လည်း မရဘူး။ တစ်ပြေးညီသွားနိုင်မှ ဒီဇာတ်ကားက ဆွဲဆောင်မှုရှိတာ။ မနည်းမီအောင်တော့ လိုက်ရတယ်"ဟု ပြောသည်။

သရုပ်ဆောင် ခင်လှိုင်က "အဲဒီဇာတ်ကားလေးက ရိုက်ကတည်းက သဘောကျတယ်။ နာမည်လည်း ဆန်းတယ်။ ရိုက်တုန်းကလည်း ထူးထူးခြားခြားလေးတွေ လုပ်ခဲ့ရတယ်။ ရွာဆိုက်ဆိုပေမယ့် ဒါရိုက်တာကနေ ဒီဇာတ်ကားမှာ ရွာလိုမျိုးမဝတ်ဘဲနဲ့ ကိုရီးယားမင်းသားရှေ့ ပုံစံလေးဝတ်ပေးပါဆိုလို့ ထူးထူးခြားခြားလေး အဝတ်အစားလည်း သုံးဖြစ်တဲ့ကားပါ။ ရွာကားဆိုရင် ဖလန်ထည်မျိုးဝတ်ရတာ များတယ်။ အခုကားမှာတော့ ကိုရီးယားမင်းသားရှေ့ဆိုတော့ အဝတ်အစားက တော်တော်လေးဝတ်ရပါတယ်။ ဒီဇာတ်ကားက ကျေးလက်ဟာသကားဖြစ်တဲ့အတွက် ကျေးလက်ဟာသကတော့ မရိုးဘူး။ မြို့ဟာသဆို အမြဲတမ်း အသစ်အဆန်းဖြစ်နေဖို့ မလွယ်ဘူး။ ကျေးလက်ဟာသကတော့ ရိုးမသွားဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရိုက်တဲ့ကားဖြစ်ပေမယ့် ဟောင်းတဲ့ကားလို့ မထင်ရဘူး"ဟု ပြောသည်။

သရုပ်ဆောင် K ညီက "ဓားငပြူးဇာတ်ကားမှာ မြင့်မြတ်သူငယ်ချင်း စကားထစ်တဲ့ သူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ မြင့်မြတ်နဲ့လည်း သူငယ်ချင်းဖြစ်တဲ့အတွက် ဒီဇာတ်ကားမှာလည်း သူငယ်ချင်းဆိုတော့ သရုပ်ဆောင်ရတာ အံဝင်ပါတယ်။ သာမန်စကားပြောတာမဟုတ်ဘဲ စကားကို အထစ်အထစ်ပြောတာမျိုး သရုပ်ဆောင်ထားတယ်။ အထစ်အထစ်အနေနဲ့ သရုပ်ဆောင်ရတာ အခက်အခဲမရှိပါဘူး။ သူငယ်ချင်းတွေထဲမှာလည်း ရှိတယ်။ အပြင်လောကမှာလည်းရှိတယ်။ သူတို့ကို အတုယူရတယ်။ ဒိုင်ယာလော့ပေးထားတဲ့အပေါ်မှာ လုပ်ရတော့ ရယ်စရာလေး ဖြစ်သွားတယ်။ ဒီဇာတ်ကားက တောရွာလေးတစ်ခုမှာ ဖြစ်နေတဲ့ အဖြစ်ပျက်လေးကို ဟာသလေးနှောပြီး ရိုက်ထားတာပါ။ ဒီဇာတ်ကားကြည့်တဲ့ ပရိသတ်အနေနဲ့ အမောပြေမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း

1st Asiania Indoor Skydiving Championship ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်း ဆုတံဆိပ်များ ဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

1st Asiania Indoor Skydiving Championship ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongqing မြို့တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၉ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ လေထီးခုန်အဖွဲ့ချုပ် Indoor Skydiving (MEC)မှအားကစားသမားများက မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု Indoor Skydiving အသင်းအနေဖြင့် မနန်းဦးခင်(MEC)နှင့် မန္တေးပြည့်စုံလင်း(MEC)တို့အတွဲမှ 2 ways Senior Female Asiania ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် 2 ways Senior Openပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုကိုလည်းကောင်း၊ မသဲနဒီအောင် (Pride International School Myanmar)နှင့် မနှင်းသဇင်မောင် (Pride International School Myanmar) တို့ အတွဲမှ 2 ways Junior Asiania ပြိုင်ပွဲနှင့် 2 ways Junior Open ပြိုင်ပွဲများတွင် ငွေတံဆိပ်ဆုများကိုလည်းကောင်း၊ ပြိုင်ပွဲဝင် အားကစားသမား လေးဦးစလုံး ပါဝင်သော အတွဲသည် 4 ways Female Asiania ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုနှင့် 4 ways Female Open ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုတို့ကိုလည်းကောင်း ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ အပါအဝင် တရုတ်၊ ပြင်သစ်၊ စင်ကာပူ၊ လတ်ဗီးယား၊ ဟန်ဂေရီ၊ ယူအေအီး၊ ကာတာ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **အေးမင်း**

❖ *ကျောဖုံးမှ*

ခနဲ့ကိုသည် လက်ရှိတွင် ဆရာဦးဝင်းဇင်ဦး၏ ပြည်တွင်းသတ္တိကလပ်၌ နည်းပြဆရာ မြန်မာနိုင်ငံအလွတ်တန်း ချန်ပီယံဟောင်း လုံးချောနှင့် လေ့ကျင့်သင်ကြားခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခြင်း ဖြစ်သည်။

ရိုးရာလက်ဝှေ့ပွဲပေါင်းကိုးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာ ငါးပွဲနိုင် လေးပွဲရှုံးရလဒ်ပိုင်ဆိုင်ထားပြီး ယခုပွဲသည် ခနဲ့ကို၏ ငါးပွဲမြောက် ရှုံးပွဲဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် Lethwei Nation Championship ၏ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ခနဲ့ကို (ခ)ရွှေကို(သတ္တိကလပ်)နှင့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော်ဖစ်(ခ)ဆန်ခွန်းတို့ပွဲတွင် ပွဲစသည်နှင့် ခနဲ့ကို တရစပ် လိုက်လံထိုးသတ်ခဲ့သော်လည်း မွေထိုင်းလက်ဝှေ့သမ္ဘာရင့် ဖစ်ကပွဲကြိုရေလှေကျင့်မှုအဆင့်သာ ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ၂၃ စက္ကန့်တွင် အလဲထိုး အနိုင်ယူခဲ့သည်။

အထူးစိန်ခေါ်ပွဲဖြစ်သည့် ခနဲ့ကိုနှင့် ဖစ်(ခ) ဆန်ခွန်းတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။
ဓာတ်ပုံ- မင်းထက်

အခြား အထူးစိန်ခေါ်ပွဲစဉ်များတွင် ရဲသွေးနီ(တောင်ကလေး)က ခင်မိုအင်တာမန်း(ထိုင်း)ကို ပထမအချီ ၁ မိနစ် ၂၉ စက္ကန့်တွင် အလဲထိုးအနိုင်ယူခဲ့ပြီး စောဖိုးထွန်း(သတ္တိကလပ်)နှင့် ရောဝီထရာ(ထိုင်း)တို့ပွဲတွင် စတုတ္ထအချီ ၁ မိနစ် စက္ကန့် ၂၀ တွင် စောဖိုးထွန်း ညာမျက်ခုံးကွဲ ဆေးရုံးဖြင့် ဒိုင်ပွဲရပ်အရှုံးပေးခဲ့ရသည်။

Lethwei Nation Championship ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ၄၈ ကီလိုတန်းတွင် စောထွန်းမြိုင်(ရွှေမှိုးထိ)နှင့် ချစ်ဆူးငယ်(ရွှေသထုံ)တို့ပွဲ၌ ငါးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် အရှုံး၊ အနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး ထက်လင်းဦး(တိုက်ဂါ)နှင့် သန့်ဇင်ဦး (ရွှေဘားလား) တို့ပွဲတွင် စတုတ္ထအချီ ၂ မိနစ် ၁၇ စက္ကန့်တွင် ထက်လင်းဦး လက်ရည်မမျှ အရှုံးပေးခဲ့သဖြင့်သန့်ဇင်ထူး(ခ)နေရိုင်းနောက်ဆုံး ဖိုင်နယ်သို့ တက်လှမ်းသွားခဲ့သည်။

(၇၅)ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် စိုးမောင်ဦး(ရတနာပုံ)တို့ပွဲ၌ စိုးမောင်ဦးက ဒုတိယအချီ ၅၄ စက္ကန့်တွင် လက်ရည်မျှဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ပြီး စောဆဝါး(ဒ္ဒိုရိုးရာ)နှင့် ထွန်းတောက်ကြယ်(မုဒုံစတား)တို့ပွဲတွင် စောဆဝါးက ဒုတိယအချီ ၂၄ စက္ကန့်အရောက်တွင် ထွန်းတောက်ကြယ်ကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ အမျိုးသမီး အထူးစိန်ခေါ်ပွဲဖြစ်သည့် နော်ဥမ္မာစိုး(ဖီးနစ်)နှင့် စုလှိုင်ဦး (ရွှေသထုံ)တို့ပွဲတွင် သုံးချီပြည့်သည်အထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာပြီးဆုံးခဲ့သည်။ Lethwei Nation Championship ဖိုင်နယ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၇ ရက်တွင် မန္တလေး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ရွေးပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ရွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ၆၀ ကီလိုတန်း ရှစ်ဦး၊ ၆၅ ကီလိုတန်း ခုနစ်ဦး၊ ၇၀ကီလိုတန်း ခြောက်ဦး၊ ၇၅ ကီလိုတန်း ငါးဦး၊ ၇၅ကီလိုတန်း ခုနစ်ဦး၊ Man physique ကီလိုတန်းတွင် ၁၈ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၅၁ ဦးတို့က သတ်မှတ် ထားသော အပြည်ပြည်ဆိုင်ရာ ကိုယ်ဟန်ပြ ခုနစ်မျိုးတို့ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီး ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား ဒိုင်များက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းပြိုင်ပွဲတွင် ကီလိုတန်းအလိုက် ပထမဆုရရှိကြသူများကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် လျှာထားကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**

မြန်မာ့ရုပ်မြင်သံကြား

၂၄- ၉-၂၀၁၈(တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၀ - နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရာဘိဝံသ ဟောကြားတော်မူအပ်သော "ဂရုမေ့ အခါတော်နေ့တရားတော်"
၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၁၀ - အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာဂန္ထဝါစက ဒေါက်တာဘဒ္ဒန္တစိန္တိတာ လင်္ကာရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ပဋ္ဌိမာရုံ စာသင်ကျောင်းတိုက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၃၅ - MRTV Travelogue
၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "စိမ်းပြာရေညှိလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာ စစ်ကိုင်းဇွန်မှာ" (အပိုင်း - ၂)
၁၂း၄၅ - တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသုန္ဒရ၏ "ဘဝကိုခြယ်ကံနှစ်သွယ်" တရားတော်
၁၄း၂၀ - Tasty Trip

ညပိုင်း

၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ "On-line မုဆိုးများ"
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "ပြည်သူ့အလုပ်သမားပါတီ"**

ကျွန်းစုနှင့် ရေဖြူမြို့နယ်တို့၌ မိုးကြိုးထိမှန်၍ သုံးဦးသေ တစ်ဦး ဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၂၃

ကျွန်းစုမြို့နယ် လင်မလိုကျေးရွာနေ ဒေါ်ရုံး(၆၃နှစ်)သည် စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲက ကျေးရွာအရှေ့ဘက် ဒီရေတောကမ်းစပ်၌ ခရုကောက်နေစဉ် မိုးကြိုးထိမှန်၍ သေဆုံးသွားသဖြင့် ကျွန်းစုမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ညနေ ၅ နာရီက ရေဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာနေ ဦးထွန်းမြင့်(၄၈နှစ်)ပါ သုံးဦးတို့သည် ဟိန္ဓဲချောင်းအတွင်း၌ စက်လှေဖြင့် ငါးဖမ်းနေစဉ် မိုးကြိုးထိမှန်၍ ဦးထွန်းမြင့် (၄၈နှစ်) ပါနှစ်ဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဦးဝင်းရွှေတွင် အပူလောင်ဒဏ်ရာရရှိခဲ့သောကြောင့် ကံပေါက်နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ည ၁၁ နာရီခွဲက အင်းစိန်မြို့နယ် ကမ်းနား(အနောက်)ရပ်ကွက် ခနသိဒ္ဓိလမ်းရှိ မဥမ္မာသိန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၁ ပြား၊ ငွေကျပ် ၂၁၇၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၂၀ ရက် နံနက် ၂ နာရီခွဲက တပ်မတော်မှ မဘိမ်းမြို့နယ် နမ့်မဲသစ်တောကြိုးဝိုင်းအနီးတွင် သန့်ဇော်ဦးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ နှင့် ဘိန်းဖြူသုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး အလားတူ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မဘိမ်းမြို့နယ် ဒေသအခေါ် ဇကတောင်တွင် ဇကတောင်မှ ကွန်းတောကျေးရွာသို့ လမ်းလျှောက်လာသူ ယောဆက်အား စစ်ဆေးရာ ၎င်းမှ မူးယစ်ဆေးဝါးများ ဝှက်ထားသည့်နေရာကို လာရောက်ကြည့်ရှုခြင်း ဖြစ်ကြောင်း သိရှိရ၍ လိုက်လံပြသစေခဲ့ရာ တောအတွင်းရှိ လိုဏ်ဂူအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၅၀၊ ဘိန်းဖြူသုည ဒသမ ၇၈ ကီလိုနှင့် ငွေကျပ် ၂၃၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲက နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့အမှတ်(၁၄)ရပ်ကွက် မူဆယ်-နမ့်ခမ်း-ဗန်းမော်သွားကားလမ်းတွင် အိုက်သိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁၅၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိုက်သိန်းအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အမှတ်(၅၇)အဆန်မန္တလာရထားပေါ်၌ ရွှေထည်ပစ္စည်းများ ခိုးယူသွားသူအား ဖမ်းဆီးရမိ

မော်လူး စက်တင်ဘာ ၂၃

အမှတ်(၅၇)အဆန် မန္တလေး-မြစ်ကြီးနား ရထားပေါ်၌ ကျောင်းဆရာမတစ်ဦး၏ ရွှေထည်ပစ္စည်းငွေကျပ်သိန်း ၂၀ ကျော် ဖိုးခိုးယူသွားသော အမျိုးသမီးတစ်ဦးအား စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ဖမ်းဆီးရမိကြောင်း မော်လူးနယ်မြေရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ ခင်ဦးဘူတာမှ မိုးမောက်မြို့နယ် ကျခမ်းဒက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ တာဝန်ဖြင့်သွားသော ကျောင်းဆရာမ ဒေါ်ဖြိုးနန္ဒာဆွေသည် အမှတ်(၅၇) အဆန် မန္တလေး-မြစ်ကြီးနား မန္တလာရထားဖြင့် အထက်တန်းတွဲ(၁)၊ ခုံနံပါတ်- B7 မှ စီးနင်းခဲ့ရာ မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာကြား အရောက်တွင် အိပ်ပိုက်သွားစဉ် ပိုက်ဆံအိတ်အတွင်းမှ တစ်ကျပ်ခွဲသား ရွှေဆွဲကြိုး တစ်ကုံး၊ ငါးမူးသား ရွှေဟန်းချိန်း နှစ်ထပ်ကြိုး တစ်ကုံး၊ Y62 HUAWEI ဖုန်းတစ်လုံးနှင့် ငွေကျပ်သိန်း ၁၄၀၀၀၀ စုစုပေါင်းကာလ တန်ဖိုးငွေကျပ်သိန်း ၂၃၅၃၀၀၀ တို့ ပျောက်ဆုံးသွားသဖြင့် တွဲစောင့်နှင့် မီးရထားရဲတပ်ဖွဲ့မှတစ်ဆင့် တိုင်ကြားသဖြင့် မော်လူးနယ်မြေ ရဲကင်းစခန်းက အမှုဖွင့်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် မော်လူးနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်မင်းနိုင်နှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခဲ့ရာ မော်လူးဘူတာမှ လိုက်ပါလာသော မော်လူးမြို့ မင်းသုခရပ်ကွက်နေ တင်မာဝေ(ခ) သာမ (၃၀) နှစ် ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား စစ်ဆေးမေးမြန်းရာ စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲက ကျောချင်းကပ်ထိုင်ခုံတွင် အိပ်ပိုက်နေသော အမျိုးသမီးတစ်ဦး၏ ပစ္စည်းများ ခိုးယူခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက သက်သေခံပစ္စည်းများအား လိုက်လံသိမ်းဆည်းခဲ့ကြောင်း မော်လူးနယ်မြေရဲကင်းစခန်းမှ သိရသည်။ **ချစ်စံ(ခင်ဦး)**

ကျိုင်းတုံမြို့၌ အိုက်စ် ၁၀၀ ကီလိုဂရမ် သိမ်းဆည်းရမိ

ကျိုင်းတုံ စက်တင်ဘာ ၂၃

ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းထွန်းအောင် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၂၈) (ကျိုင်းတုံ)မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာနှင့် နောင်ငင်းကျေးရွာကြား ကျိုင်းတုံ-မိုင်းလားသွားလမ်းမပေါ်တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၃ နာရီခွဲက အိုက်စ်များ သိမ်းဆည်းရမိခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

ပူးပေါင်းအဖွဲ့များ စစ်ဆေးနေစဉ် စက်တင်ဘာ ၂၃ ရက် နံနက်က မိုင်းလားမြို့ဘက်မှ ကျိုင်းတုံမြို့တွင်းသို့ မောင်းနှင်လာသော ယာဉ်အမှတ် SHN-7K/---- ယာဉ်ကို စစ်ဆေးရန် ရပ်တန့်စေရာ ယာဉ်မှာ ရုတ်တရက် နောက်သို့ ပြန်ဆုတ်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ နှစ်ဦး ကားပေါ်မှ ခုန်ဆင်း၍ ထွက်ပြေးလွတ်မြောက်သွားခဲ့သဖြင့် ကျန်နေခဲ့သည့် ယာဉ်ပေါ်မှ အိုက်စ် ၁၀၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အမှုနှင့်စပ်လျဉ်း၍ ကျိုင်းတုံ မြို့မရဲစခန်းက ပိုင်ရှင်ဖြစ်သူများကို အမြန် ဖော်ထုတ်ဖမ်းမိနိုင်ရေးဆောင်ရွက်နေပြီး ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရ သည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

ထီးချိုင့်မြို့နယ် မဲဇာချောင်းအတွင်း ကျွန်းသစ်လုံး ၂၀၀ ကျော် သိမ်းဆည်းရမိ



ထီးချိုင့် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာအနီး မဲဇာချောင်းအတွင်း သစ်ဖောင်နှစ်ဖောင်မှ တရားမဝင်ကျွန်းသစ်လုံး ၂၀၀ ကျော် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက် ည ၁၁ နာရီခွဲက ထီးချိုင့်မြို့နယ် ညောင်ပင်သာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်စန်းယုဦးစီးသောအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးရာဇာထွန်း ဦးစီးသော ပူးပေါင်းအဖွဲ့က မဲဇာချောင်းအတွင်း တရားမဝင်သစ်ဖောင်များ မျှောချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ ထီးချိုင့်မြို့နယ် ညောင်ပင်သာကျေးရွာအနီး မဲဇာချောင်းအတွင်း သစ်ဖောင်နှစ်ဖောင်အတွင်းမှ တရားမဝင်ကျွန်သစ်လုံး ၂၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း တောအုပ် ဦးရာဇာထွန်းထံမှ သိရှိရသည်။

လှအောင်(ကသာ)

မြိတ်မြို့၌ အထောက်အထားမဲ့ ခိုးဝင်လာသူနှစ်ဦးနှင့် ပို့ဆောင်ပေးသူနှစ်ဦးဖမ်းဆီးရမိ

မြိတ် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အဝင် ကျွဲကူးပူးပေါင်းစစ်ဆေးရေးဂိတ်၌ စက်တင်ဘာ ၂၃ ရက် မွန်လွဲ ၁၂ နာရီခွဲခန့်က ထားဝယ်-မြိတ်ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်မှ အထောက်အထားမဲ့ခိုးဝင်လာသူနှစ်ဦးနှင့် လိုက်ပါပို့ဆောင်သူနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မွန်းလွဲ ၁၂ နာရီခွဲခန့်က ထားဝယ်မြို့ဘက်မှ မြိတ်ဘက်သို့ ဝင်ရောက်လာသည့် ယာဉ်အမှတ် YGN 7N/--- ခရီးသည်တင်မော်တော်ယာဉ်အား စစ်ဆေးဆောင်ရွက်ခဲ့ရာ အထောက်အထားမဲ့ ခိုးဝင်လာသူနှစ်ဦးနှင့် လိုက်ပါပို့ဆောင်ပေးသည့် အမှတ်(၆၀၅) အနော်ရထာ (၄)လမ်း အောင်သုခရပ်ကွက် ကော့သောင်းမြို့နေသူ ဦးခင်မောင်(ခ) နိုဘီစလင် (၅၂ နှစ်)နှင့် သားဖြစ်သူ သီဟ(ခ)ဆိုမတ် တို့နှစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့ကြောင်းသိရသည်။

အထောက်အထားမဲ့ ခိုးဝင်လာသူနှစ်ဦးအား စစ်ဆေးခဲ့ရာ အာမိနာအမ်ဘာရီရွာ ကျောက်တော်မြို့နယ်နေသူအဘူဆီဒိ(၄၀ နှစ်)နှင့် မာမက်နာဆေး(၁၄ နှစ်) အဆီနာဘေဂွန် နေသူတို့ဖြစ်ကြောင်း သိရပြီး အဆိုပါ ဖမ်းဆီးရမိသူ လေးဦးအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

မြင့်ဦး (မြိတ်)

ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ ကုန်ပစ္စည်းများ ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၂၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၉ စီး သွင်းကုန် ၅၆၂ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၅၇၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်၁ ဒသမ ၃၃၀ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၀၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၂ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ပရိဘောဂယာဉ်နှစ်စီးအား စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Yun Yan စီးကရက်ဖာ ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၀၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

မူဆယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မူဆယ် စက်တင်ဘာ ၂၃

မူဆယ်မြို့အဝင်၌ စက်တင်ဘာ ၂၃ ရက် နံနက်၁၀ နာရီက ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (၁၂၃) မူဆယ်မှ ဒုရဲမှူး ချစ်စိန်ဦးစီးသော ပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဆောင်ရွက်နေစဉ် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီးပေါ် မြို့ဝင်မုခ်ဝအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကွင်းဆင်း အသိ ပညာပေးဟောပြော ဆောင်ရွက်နေစဉ် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများထဲမှ KENBO 125 နံပါတ်ပြားမပါ ဆိုင်ကယ်တွင် သော့တပ်လျက် ကျန်ခဲ့သဖြင့် မသင်္ကာ၍ ပူးပေါင်းအဖွဲ့မှ စစ်ဆေးရာ ယင်းဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀၀ (အလေးချိန် ၁၀၇၀ ဂရမ်)ခန့် စစ်ဆေးတွေ့ရှိခဲ့သဖြင့် အမှုဖွင့်ထားကြောင်း ဒုရဲမှူး ချစ်စိန်ထံမှ သိရသည်။

ဗန်ရိုးထန်(ပြန်/ဆက်)

ကန်နှင့်တရုတ် ကုန်သွယ်ရေးတိုက်ပွဲ ပြင်းထန်လာသောကြောင့် အမေရိကန်ဆိပ်ကမ်းများ စိုးရိုမ်နေ

ဝါရှင်တန် စက်တင်ဘာ ၂၃

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်ရေးတိုက်ပွဲ ပိုမိုပြင်းထန်လာလျက်ရှိသောကြောင့် အမေရိကန်ပြည်ထောင်စု၏ ဆိပ်ကမ်းများအနေဖြင့် အရှုံးနှင့်ရင်ဆိုင်ရမည်ကို စိုးရိုမ်နေကြောင်း စက်တင်ဘာ ၂၃ ရက်က အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။

အမေရိကန်ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ခေါင်းဆောင် ကွတ်ခ်နာဂျယ်က အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကိုယ့်ကိုယူအနိုင်ယူ သူ့ကိုကိုယ်အနိုင်ယူနေသည့် အပြန်အလှန် ကုန်သွယ်ရေးဆိုင်ရာ အခွန်တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်ပြီး ဆိပ်ကမ်းများအနေဖြင့် စိုးရိမ်နေရကြောင်း သတိပေးပြောကြားလိုက်သည်။

စုစုပေါင်းအခွန်ကောက်ခံမှုနှင့် ကုန်သွယ်မှုအပေါ် အပြည်ပြည်ဆိုင်ရာလက်တုံ့ပြန်မှုများက အမေရိကန်ဆိပ်ကမ်းများ၏ စုစုပေါင်းကုန်သွယ်မှု ၁၀ ရာခိုင်နှုန်းခန့်အပေါ် သက်ရောက်မှုရှိကြောင်း သို့မဟုတ် နိုင်ငံတော်အခွန်ဘဏ္ဍာ ၁၆၀ ဘီလီယံခန့်အပေါ် သက်ရောက်မှုရှိကြောင်း ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်က ပြောခဲ့သည်။

အမျိုးမျိုးသော ကုန်သွယ်မှုစစ်ပွဲများသည် ရှုပ်ထွေးမှုများကိုဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် တချို့ ဆိပ်ကမ်းများတွင် ကုန်သွယ်မှုကျဆင်းသွားကြောင်းနှင့် တချို့ ဆိပ်ကမ်းများတွင်လည်း ကုန်သွယ်မှုမြင့်တက်ရန် ကြိုးစားနေရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခင်နှစ် ပထမခြောက်လတာကာလနှင့် ယခု ၂၀၁၈ ပထမခြောက်လတာကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် ပထမခြောက်လတာကာလတွင် နယူးအော်လန်းဆိပ်ကမ်း၌ စတီးလ်ပို့ကုန် တန်ချိန် ၃၅၀၀၀ ခန့် လျော့ကျသွားခဲ့ကြောင်း သိရသည်။

ယခုလို လျော့ကျသွားသည့်အတွက် အမေရိကန်ဒေါ်လာ သုံးသန်းမှ ၀ါးသန်းကြား ထိခိုက်မှုရှိကြောင်း နယူးအော်လန်းဆိပ်ကမ်း ဒုတိယဥက္ကဋ္ဌ ရောဘတ် လန်ဒရီက ပြောသည်။

အေအက်ဖ်ပီ

အင်ဒိုနီးရှားရွေးကောက်ပွဲ အကြိုဟောပြောမှုများ စတင်

ဂျကာတာ စက်တင်ဘာ ၂၃

ဇူလိုင်လတွင် ကျင်းပမည့် အင်ဒိုနီးရှား သမ္မတ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲအကြို ဟောပြောမှုများကို စက်တင်ဘာ ၂၃ ရက်က စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့တတိယအကြီးဆုံး ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရာ အင်ဒိုနီးရှား သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ကာကွယ်ရေးဗိုလ်ချုပ် ဟောင်းတစ်ဦးတို့ သူနိုင်ကိုယ်နိုင်အပြိုင် ကြဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိ သမ္မတ ဂျိုကိုဝီဒိုဒိုသည် လက်တွေ့ဆန်ပြီး ကျိုးကြောင်းဆင်ခြင်တတ်သည့်အတွက်သာမက အခြေခံအဆောက်အအုံများအပေါ် ရည်မှန်းချက်ကြီးမားသည့်အတွက် နိုင်ငံသားများကြားရေပန်းစားလျက်ရှိပြီး ၎င်း၏ပြိုင်ဘက်ကို ကောင်းကောင်း အနိုင်ယူနိုင်မည်ဖြစ်ကြောင်း ထင်ကြေးပေးလျက်ရှိသည်။

သို့သော်လည်း ဂျိုကိုဝီဒိုဒို၏ ဒုတိယသက်တမ်းတွင် ၎င်း၏ စီးပွားရေးမှတ်ချက်များကြောင့် လေဆန်ခရီးကို ခက်ခက်ခဲခဲ လျှောက်လှမ်းခဲ့ရကြောင်း သိရသည်။ ထို့အပြင် သတင်းမှား ဖြန့်ချိသည့် လှုပ်ရှားမှုများကလည်း ၎င်း၏ ပြန်လည်ရွေးကောက်မှုကို နှောင့်ယှက်မှုဖြစ်စေခဲ့သည်။

မဲပေးသူ ၁၈၆ သန်းရှိသည့် အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၁၇ ရက်နေ့တွင် မဲရုံသို့ မဲများ သွားရောက် ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နှစ်ဖက် ခေါင်းဆောင်များသည် အင်ဒိုနီးရှားရိုးရာဝတ်စုံများ ဝတ်ဆင်ပြီး ဂျကာတာမြို့လယ်တွင် ကျင်းပခဲ့သည့် တရားဝင်ရွေးကောက်ပွဲလှုပ်ရှားမှုသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အေအက်ဖ်ပီ

မော်လ်ဒိုက်ပြည်သူများ သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြ

မာလီ စက်တင်ဘာ ၂၃

မော်လ်ဒိုက်ပြည်သူများသည် သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြကြောင်း စက်တင်ဘာ ၂၃ ရက်က နိုင်ငံတကာသတင်းများတွင် ဖော်ပြခဲ့သည်။ လက်ရှိသမ္မတနှင့် ပြိုင်ဘက် ရွေးကောက်ပွဲဝင်သမ္မတလောင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၃ ရက်က မဲရုံများမဖွင့်ခင်အချိန်ကတည်းက မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများရှေ့တွင် တန်းစီစောင့်ဆိုင်းနေကြောင်း သိရသည်။ ရွေးကောက်ပွဲဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်သည် အဆင်ပြေချောမွေ့စွာဖြင့် ပြီးဆုံးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောခဲ့သည်။ လက်ရှိသမ္မတ၏ သမ္မတသစ်အဖြစ် ပြန်လည်ရွေးချယ်ခံသည့် သမ္မတရွေးကောက်ပွဲအတွင်း လက်ရှိသမ္မတ အဗ္ဗဒူလာ ယာမင်းသည် တရုတ်နိုင်ငံက ထောက်ပံ့ခဲ့သည့် ကြီးမားသည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းကို အမှတ်မီးတင်ခဲ့ကြောင်းနှင့် အိန္ဒိယထောက်ပံ့မှုဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများ အားလုံးဖယ်ရှားပစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယကိုထောက်ခံသည့် အတိုက်အခံအင်အားစုမှ ပြိုင်ဘက်ရွေးကောက်ခံ သမ္မတလောင်းမှာ အီဘရာဟင် မိုဟာမက် ဆိုလစ်ဖြစ်ကြောင်း သိရပြီး ၎င်းသည် အိန္ဒိယနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ချင်ကြောင်း သိရသည်။

ဆန္ဒမဲမပေးခင်တစ်ရက်က ရဲများသည် တံဆိုးလက်ဆောင်ရရှိထားသည်ဆိုသည့် သံသယဖြင့် အတိုက်အခံပါတီ၏ ဌာနချုပ်ကို စီးနင်းခဲ့သော်လည်း မည်သည့်သက်သေခံပစ္စည်းကိုမျှ တွေ့ရှိခြင်းမရှိခဲ့ကြောင်း ဒေသခံသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ မော်လ်ဒိုက်နိုင်ငံသည် သတော်ကြီးများသွားလာသည့် တကယ့်အချက်အချာကျသော မဟာဗျူဟာမြောက် လမ်းကြောင်းတွင်ရှိပြီး ယင်းက တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြား တင်းမာမှုများဖြစ်ပေါ်နေသည့် အရေးကြီးကိစ္စဖြစ်ကြောင်း သိရသည်။ သမ္မတရွေးကောက်ပွဲရလဒ်ကို တနလာနေ့အစောပိုင်းတွင် ကြေညာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

တရုတ်နိုင်ငံတွင် ကလေးမွေးဖွားနှုန်းကျဆင်းလာသည့်အတွက် ကလေးရယူနိုင်သည့် ပမာဏကန့်သတ်မှုကို အဆုံးသတ်ရန်ပြင်

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်နိုင်ငံတွင် ကလေးရနိုင်သည့် ပမာဏကန့်သတ်ခြင်းကို အဆုံးသတ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်ကြီးလူဦးရေတိုးပွားလာခြင်းကြောင့် ယခုကဲ့သို့ ကလေးရနိုင်သည့်ပမာဏကန့်သတ်မှုကို အဆုံးသတ်ရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီက စက်တင်ဘာ ၂၃ ရက်တွင် မိသားစုအစီအစဉ်နှင့်ပတ်သက်သည့် ပြည်သူ့ဥပဒေတစ်ခုကို ပြန်လည်ပြင်ဆင်ရန် ဥပဒေမူကြမ်းတစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခင်က တစ်အိမ်ထောင် ကလေးတစ်ဦးမူဝါဒကိုချမှတ်ခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ၂၀၁၂ ခုနှစ်တွင် တဖြည်းဖြည်းကျဆင်းလာကြောင်း သိရသည်။

အဆိုပါ မူဝါဒကို ၂၀၁၅ ခုနှစ်တွင် ဖြေလျှော့ပေးခဲ့ပြီး ဇနီးမောင်နှံများအတွက် ဒုတိယကလေးကို ရယူခွင့်ရှိခဲ့သည်။ သို့သော်လည်း ပညာရေးစရိတ်ကြီးမားခြင်းနှင့် လူသားတို့၏ ရုပ်ဝတ္ထုပစ္စည်းများ တန်ဖိုးမြင့်တက်လာသောကြောင့် ကလေးမွေးဖွားနှုန်းမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

အစိုးရသည် လူဦးရေထိန်းချုပ်ခြင်းကို အဆုံးသတ်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။ ထိုသို့ပြုလုပ်လျှင်ပင် ကလေးမွေးဖွားနှုန်း ကျဆင်းနေဦးမှာလားဆိုသည့် အငြင်းပွားဖွယ်ရာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

နိုင်ငံတကာ သတင်းတိုတွာ

အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့သည့် သံသယမူဖြင့် လက်ဘန္ဓန်နိုင်ငံသား တစ်ဦးအား ဖမ်းဆီး

ဆော်ပိုလို စက်တင်ဘာ ၂၃

အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော လက်ဘန္ဓန်အခြေစိုက် ရှီးယိုက်စစ်သွေးကြွအုပ်စုကို ငွေကြေးထောက်ပံ့ခဲ့သည့် သံသယမူဖြင့် လက်ဘန္ဓန်နိုင်ငံသား တစ်ဦးကို ဘရာဇီးရဲမျှားက ဖမ်းဆီးလိုက်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အသက် ၅၁နှစ်ရှိ လက်ဘန္ဓန်နိုင်ငံသား အာဆက်အာမက်ဘာရာကတ်ကို ကမ္ဘာကျော် အစ်ဂါဇူးရေတံခွန်အနီး ပါရာဂွေးနှင့် အာဂျင်တီးနားနယ်စပ်အနီးတွင် စာရွက်စာတမ်းအတုများ ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

Barakat Clan အဖွဲ့ဝင်များသည် ၎င်းတို့၏ ပိုင်ဆိုင်မှုကို မကြေညာဘဲ အာဂျင်တီးနားမြို့ အစ်ဂါဇူးရှိ ကာစီနို၌ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရောင်းဝယ်မှုတစ်ခုပြုခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောခဲ့သည်။

အရောင်းအဝယ်ပြုလုပ်ခြင်းသည် အဆိုပါ Barakat Clan အဖွဲ့ပိုင် ပိုက်ဆံများကို ငွေမည်းမှ ငွေဖြူဖြစ်အောင်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က သုံးသပ်ခဲ့ပြီး အဆိုပါပိုက်ဆံများကို သီးသန့်ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ဟစ်ဘိုလာအတွက် စုဆောင်းခဲ့သည်ဟု ယူဆရသော်လည်း အဆိုပါငွေကြေးများနှင့် ပိုင်ဆိုင်မှုများကို အာဂျင်တီးနား အာဏာပိုင်များက သုံးမရအောင် လုပ်ဆောင်ခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောခဲ့သည်။

အေအက်ဖ်ပီ

လစ်ဗျားတွင် ပဋိပက္ခများ ဖြစ်ပွားရာ ၁၀ ဦး သေဆုံး

ထရီပိုလီ စက်တင်ဘာ ၂၃

လစ်ဗျားနိုင်ငံ ထရီပိုလီတွင် ပဋိပက္ခ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ပြီး အရပ်သားများအပါအဝင် ၅၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လစ်ဗျားကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက ပြောခဲ့သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော ရန်လိုအဖွဲ့များကြား ပဋိပက္ခများသည် သေဆုံးမှုများကို မြင့်တက်စေနိုင်ကြောင်းနှင့် သြဂုတ် ၂၆ ရက်ကတည်းက ဖြစ်ပွားသော ပဋိပက္ခများကြောင့် ယခုအချိန်အထိ ၁၀၆ ဦး သေဆုံးခဲ့ပြီး ၃၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ထောက်ပံ့ရေးအစီအစဉ်မှ သတိပေးနေသည့်ကြားက ထရီပိုလီမြို့တွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသေးကြောင်း၊ ထို့အပြင် အဆိုပါအစီအစဉ်က ရန်လိုနေသည့်အဖွဲ့များကို အပစ်ရပ် သဘောတူညီချက်လက်မှတ်ရေးထိုးကြရန် သတိပေးလိုက်ပြီးနောက် အရပ်သားများအား ထိခိုက်သေဆုံးစေခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာ ရောက်ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

လူတွေကိုဒုက္ခပေးနေတဲ့ စတော်ဘယ်ရီသီးထဲက အပ်

ချူးစန္ဒီနွေး



အခုတလောမှာ သြစတြေးလျှက ပြည်သူတွေ ကြောက်ရွံ့နေကြတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အဲဒါကတော့ စတော်ဘယ်ရီသီးထဲက အပ်ကြောင့်ပါပဲ။

အပ်ရောင်းချမှုရပ်ဆိုင်း

သြစတြေလျှနိုင်ငံမှာရှိတဲ့ စူပါမားကတ်ကြီးတစ်ခုဖြစ်တဲ့ Woolworth မှာ စက်ချပ်အပ်တွေရောင်းချတာကို ခေတ္တရပ်နားထားရပါတယ်။ တိုင်းပြည်တစ်ဝန်းလုံးမှာ စတော်ဘယ်ရီသီးထဲမှာ အပ်တွေတွေ့တယ်ဆိုတဲ့ သတင်းကြောင့် ကြောက်လန့်တကြား ဖြစ်နေကြတဲ့အချိန် အပ်ရောင်းချမှုကို ရပ်နားထားရပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကပဲ နိုင်ငံသားတွေကို စတော်ဘယ်ရီသီးစားမယ်ဆိုရင် အရင်ဆုံးခွဲကြည့်ပြီးမှ စားဖို့ သတိပေးထားပါတယ်။

လူအချို့ဟာ စတော်ဘယ်ရီသီးထဲမှာ အပ်တွေ တွေ့တယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပြီးတဲ့နောက်မှာတော့ အခုလို သတိပေးချက်တွေ ထွက်ပေါ်လာခဲ့ပါတော့တယ်။

စတော်ဘယ်ရီသီးတွေဖယ်ရှားပစ်ရ

အခုဆိုရင် တိုင်းပြည် တစ်ဝန်းလုံးမှာရှိတဲ့ စတိုးဆိုင်တွေမှာ စတော်ဘယ်ရီသီးတွေကို ဖယ်ရှားပစ်နေရပါတယ်။ ပြည်သူလူထုကြားမှာ ကြောက်ရွံ့မှုတွေ ပြင်းထန်လာတဲ့အခါ အစားအစာအတွက် လုံခြုံစိတ်ချရမှု မရှိတော့ဘူးလို့ ခံစားလာရတဲ့အခါမှာတော့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်လာပါတော့တယ်။ ဒီလိုမျိုးအစားအစာထဲမှာ အပ်ထည့်တဲ့ ပြစ်မှုဟာဆိုရင် တရားခံကိုသာတွေ့ရှိပါက ပြင်းထန်တဲ့ ရာဇဝတ်မှု ကျူးလွန်တယ်လို့ သတ်မှတ်ပြီး ပြစ်ဒဏ်ချမှတ်မယ်လို့ အစိုးရက ပြောပါတယ်။ စတော်ဘယ်ရီသီးထဲမှာ အပ်တွေ့တယ်ဆိုတဲ့သတင်းကြောင့် စတော်ဘယ်ရီစိုက်ပျိုးသူတွေနဲ့ လုပ်ငန်းလုပ်ကိုင်သူတွေပါ အထိနာကြပါတယ်။

လုပ်သင့်လုပ်ထိုက်တဲ့လုပ်ရပ်

စတော်ဘယ်ရီ စိုက်ပျိုးသူတွေ အတွက် အဓိကကုမ္ဗဏီကြီးဖြစ်တဲ့ Strawberries Australia Inc ကတော့ Woolworth စူပါမားကတ်မှာ အပ်တွေဖယ်ရှားပစ်တာနဲ့ ပတ်သက်ပြီး ဘာမှတ်ချက်မှ မပေးသေးပါဘူး။ သြစတြေးလျှက စတော်ဘယ်ရီ စိုက်ပျိုးသူတွေကတော့ ဖြစ်ရပ်ထက်စာရင် လွန်ကဲတဲ့ လုပ်ဆောင်မှုတွေ လုပ်ဆောင်လွန်းတယ်လို့ ပြောကြပါတယ်။ စူပါမားကတ်မှာတော့ အပ်တွေကို ရောင်းချမှု ခေတ္တဆိုင်းငံ့ထားပေမယ့် ဘယ်လောက်ကြာကြာ ရောင်းချခြင်းမပြုဘဲထားမယ်ဆိုတာကိုတော့ ဘယ်သူမှမသိရသေးပါဘူး။ Woolworth ကတော့ သူတို့အတွက် စားသုံးသူတွေရဲ့လုံခြုံစိတ်ချရေးကသာ အဓိက ဦးစားပေးဖြစ်တာကြောင့် အပ်တွေ မရောင်းချတော့တာဟာဆိုရင် လုပ်သင့်လုပ်ထိုက်တဲ့လုပ်ရပ်လို့ ပြောပါတယ်။

ပန်းသီးနဲ့ ငှက်ပျောသီးထဲမှာလည်း အပ်တွေ့

စတော်ဘယ်ရီသီးထဲမှာတင် အပ်တွေ့တာလားဆိုတော့ မဟုတ်ပါဘူး။ ပန်းသီးနဲ့ ငှက်ပျောသီးတွေမှာလည်း တွေ့ရှိတယ်လို့ ရဲတပ်ဖွဲ့ကပြောပါတယ်။ ကျန်းမာရေးဝန်ကြီး ဂျဲဂျိဟန့်ကတော့ သစ်သီးတွေထဲမှာ အပ်ထည့်တဲ့ လုပ်ရပ်ကို ဆိုးရွားလှတဲ့ရာဇဝတ်မှုလို့ ခေါ်ဝေါ်ခဲ့ပြီး နိုင်ငံတစ်ဝန်း အစားအစာစောင့်ကြည့်ရေးအဖွဲ့ကိုလည်း ဒီပြဿနာကိုဖြေရှင်းရာမှာ ကူညီပေးကြဖို့တောင်းခံထားပါတယ်။ ဆစ်ဒနီမှာ ပန်းသီးနဲ့ ငှက်ပျောသီးတွေထဲမှာ အပ်တွေ့တာဟာဆိုရင် သီးခြားဆန်တဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပြီး နယူးဆောက်သ်ဝေးလ်ပြည်နယ် တစ်ခုတည်းမှာပဲ စတော်ဘယ်ရီသီးထဲအပ်တွေ့တာ ဖြစ်ရပ် ၂၀ ခန့် ဖြစ်ပွားခဲ့ပါတယ်။

စတော်ဘယ်ရီသီးစားပြီး ဆေးရုံတက်ရ

ဒီဖြစ်ရပ်တွေထဲက အဆိုးရွားဆုံး ဖြစ်ရပ်လို့ပြောရမယ့် ဖြစ်ရပ်တစ်ခုကတော့ အမျိုးသားတစ်ဦးဟာ အပ်ထည့်ထားတဲ့ စတော်ဘယ်ရီသီးစားပြီး ဆေးရုံတက်လိုက်ရပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တစ်ခုပါပဲ။ ဒါပေမယ့် ရဲတွေကတော့ စတော်ဘယ်ရီသီးစားလို့ ဆေးရုံရောက်ရတယ် ဆိုတဲ့ သတင်းအမှားတွေဖြန့်ဝေပြီး ပြည်သူတွေ ကြောက်လန့်အောင်လုပ်ဆောင်ခဲ့မယ်ဆိုရင်တော့ ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်တယ်လို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်။ တချို့သောဖြစ်ရပ်တွေမှာတော့ ပုံတူကူးပြီး တိုင်ကြားနေတာမျိုး ဖြစ်နိုင်တယ်လို့ စတော်ဘယ်ရီစိုက်ပျိုးသူတွေနဲ့ ရဲတပ်ဖွဲ့က ပြောပါတယ်။

ကြောက်ရွံ့မှုကတစ်နိုင်ငံလုံးကိုပျံ့နှံ့

ဒီလို ထိတ်လန့်မှုသတင်းတွေဟာ သြစတြေးလျှ တောင်ပိုင်း၊ အနောက်ပိုင်းနဲ့ ဗစ်တိုးရီးယားတို့ထိပါ ပျံ့နှံ့သွားပါတယ်။ နယူးဇီလန်က စူပါမားကတ်တွေမှာ သြစတြေးလျှက စတော်ဘယ်ရီသီးတွေကို ရောင်းချခြင်း မပြုကြပါဘူး။ နယူးဇီလန်ရဲ့အကြီးဆုံးအစားအသောက်ဖြန့်ဖြူးရေး ကုမ္ဗဏီတွေဖြစ်တဲ့ Countdown နဲ့ Foodstuffs တို့ဟာ သြစတြေးလျှက စတော်ဘယ်ရီတင်သွင်းတာကို ရပ်လိုက်ပါပြီ။ စတော်ဘယ်ရီစိုက်ပျိုးသူတွေအတွက် အခက်ကြုံရတဲ့ အခိုက်အတန့်ဆိုလည်း မမှားပါဘူး။ ဒါဟာ စားသုံးသူ လူထုကို ပစ်မှတ်ထားပြီး တိုက်ခိုက်မှုတစ်ခုသာ ဖြစ်တယ်လို့ သြစတြေးလျှ ကျန်းမာရေးဝန်ကြီးက ပြောပါတယ်။ ပြည်နယ်ကြီးနှစ်ခုမှာဆိုရင် ဒီဖြစ်ရပ်ကို ဖော်ထုတ်ပေးနိုင်မယ့် သတင်းပေးနိုင်သူကို ဒေါ်လာ ၇၂၀၀၀ ပေးမယ်လို့ ဆုငွေထုတ်ထားပါတယ်။

စတော်ဘယ်ရီစျေးကျဆင်း

ဒီလိုဖြစ်ရပ်တွေကြောင့် တစ်တိုင်းပြည်လုံးမှာရှိတဲ့ စတော်ဘယ်ရီစျေးနှုန်းဟာ ထိုးကျသွားတယ်။ သြစတြေးလျှ အနောက်ပိုင်းမှာဆိုရင် ထုတ်လုပ်မှုစရိတ်အောက်တောင် ကျဆင်းသွားတယ်လို့ ဒေသတွင်းမီဒီယာတွေက ဖော်ပြကြပါတယ်။ ဒီလိုမျိုးကြောက်ရွံ့မှုတွေကြောင့် ထောင်ပေါင်းများစွာသော စတော်ဘယ်ရီလုပ်ငန်းက လုပ်သားတွေကို ထိခိုက်နစ်နာစေတယ်လို့ ပြည်နယ်အစိုးရက ပြောပါတယ်။ ကွင်းစလန်းပြည်နယ်မှာတော့ စတော်ဘယ်ရီစိုက်တောင်သူတွေကို သြစတြေးလျှ ဒေါ်လာ တစ်သန်း အကူအညီပေးမယ်လို့ကြေညာထားပါတယ်။ စတော်ဘယ်ရီခြံက မန်နေဂျာဖြစ်သူ ဂါဗင်စကားကတော့ ပြည်သူလူထုကို စတော်ဘယ်ရီသီးတွေ ထပ်ဝယ်ကြဖို့ တိုက်တွန်းထားပါတယ်။

သတ္တုရှာဖွေရေးစက်တွေမှာယူ

အခုဆိုရင် စတော်ဘယ်ရီစိုက်ပျိုးထုတ်လုပ်သူတွေဟာ သတ္တုရှာဖွေရေးစက်တွေ မှာယူနေကြပါပြီ။ စတော်ဘယ်ရီသီးထဲမှာ အပ်ရှိမရှိခြေရာခံဖို့ အတွက်ပါ။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေအဖြစ် လုံခြုံစိတ်ချရအောင် လုပ်ဆောင်ရတာလည်း ဖြစ်တယ်လို့ သြစတြေးလျှအနောက်ပိုင်း စတော်ဘယ်ရီ စိုက်ပျိုးသူများအသင်းမှ ဥက္ကဋ္ဌ နီးလ်ဟန်ဒဆိုက်ဒ်က ပြောပါတယ်။ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ဖို့အတွက်တော့ သြစတြေးလျှ ကျန်းမာရေးဝန်ကြီးက သြစတြေးလျှ အစားအသောက် လုံခြုံစိတ်ချရေး အာဏာပိုင်အဖွဲ့နဲ့ နယူးဇီလန်တို့ကို စုံစမ်းစစ်ဆေးဖို့ပြောထားပါတယ်။ ဒေသတွင်းအာဏာပိုင်တွေဟာ ရှာဖွေစုံစမ်းမှုတွေ ပြုလုပ်နေကြပါတယ်။ ခက်တာက သံသယ ဖြစ်စရာ အချက်တောင် ရှာမတွေ့သေးတာပါပဲ။

စတော်ဘယ်ရီလုပ်ငန်း ထိခိုက်လာနိုင်

ပြီးခဲ့တဲ့ကြာသပတေးနေ့မှာတော့ ကွင်းစလန်းပြည်နယ်ကစတော်ဘယ်ရီစိုက်ပျိုးသူအသင်းမှ စိတ်အချဉ်ပေါက်နေတဲ့ လုပ်သားတစ်ဦးကများ စတော်ဘယ်ရီသီးထဲမှာ အပ်တွေထည့်လိုက်တာလား မသိဘူးလို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် ရဲတွေကတော့ ဒီလိုခန့်မှန်းမှုတွေပြုလုပ်ဖို့ရာ စောနေသေးတယ်လို့ ပြောပါတယ်။ ဒါပေမယ့် စိုက်ပျိုးသူတွေအတွက်ကတော့ နစ်နာရတာအမှန်ပါပဲ။ တစ်နှစ်မှာ သြစတြေးလျှဒေါ်လာ သန်း ၁၃၀ ခန့်ရနေတဲ့ စတော်ဘယ်ရီလုပ်ငန်းမှာ အခုဆိုရင် ဆိုးကျိုးတွေရှိလာနိုင်ပါတယ်။

တရားခံဘယ်သူလဲ

စတော်ဘယ်ရီသီးတွေ ထဲမှာ ဘယ်သူက အပ်ထည့်လိုက်တယ်ဆိုတာကို ဖော်ထုတ်လို့ မရနိုင်သေးပေမယ့် ကြိုတင်ကာကွယ်နိုင်မယ့် နည်းလမ်းတွေ လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် လည်း သြစတြေးလျှတစ်နိုင်ငံလုံးက ပြည်သူတွေရဲ့ ကြောက်ရွံ့မှုကတော့ ရှိနေဆဲပါ။ စိတ်ဓာတ်ကောင်းတဲ့လူသာဆိုရင် ဒီလိုမျိုး ပြည်သူတွေရဲ့ကျန်းမာရေးကိုဘေးသင့်စေမယ့် လုပ်ရပ်မျိုး လုပ်မှာ မဟုတ်ဘူးလို့ ကွင်းစလန်းပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ အန်နာစတေးရှ်က စနေနေ့က ပြောခဲ့ပါတယ်။ မက်လောက်စရာ ဆုကြေးထုတ်ထားပေမယ့် အခုအချိန်ထိတော့ ဘာမှ သတင်းမထူးသေးပါဘူး။ ဒါပေမယ့် စတော်ဘယ်ရီသီးထဲမှာ အပ်ထည့်တာ ဘယ်သူ့ရဲ့ လုပ်ရပ်လဲဆိုတာကိုတော့ အားလုံးက သိချင်နေကြပါတယ်။ ။

ကိုးကား - ဘီဘီစီ

> **“စတော်ဘယ်ရီသီးထဲမှာတင် အပ်တွေ့တာလားဆိုတော့ မဟုတ်ပါဘူး။ ပန်းသီးနဲ့ ငှက်ပျောသီးတွေမှာလည်း တွေ့ရှိတယ်လို့ ရဲတပ်ဖွဲ့ကပြောပါတယ်။ ကျန်းမာရေးဝန်ကြီး ဂျဲဂျိဟန့်ကတော့ သစ်သီးတွေထဲမှာ အပ်ထည့်တဲ့လုပ်ရပ်ကို ဆိုးရွားလှတဲ့ရာဇဝတ်မှုလို့ ခေါ်ဝေါ်ခဲ့ပြီး နိုင်ငံတစ်ဝန်း အစားအစာစောင့်ကြည့်ရေးအဖွဲ့ကိုလည်း ဒီပြဿနာကိုဖြေရှင်းရာမှာ ကူညီပေးကြဖို့ တောင်းခံထားပါတယ်”**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အခန်း(၃)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံ ပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရဇယား (၇) တွင် ဖော်ပြထားသော ရင်ငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရင်ငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဆ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

အခန်း(၄)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်းဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ်မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ရင်ငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရင်ငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရင်ငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရင်ငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း ၄

အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံး ခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

အပိုင်း ၅

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရင်ငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရင်ငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၆

နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရင်ငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ရင်ငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရင်ငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

အပိုင်း ၇

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက် ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ရင်ငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရင်ငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရင်ငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

လမ်းနှင့်ပလက်ဖောင်းပေါ် ဈေးရောင်းမှုကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်အများဆုံးဖြစ်ရ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တွင်းနှင့် မြို့နယ်စည်ပင်နယ်နိမိတ်အတွင်းရှိ လမ်းများပေါ်နှင့် ပလက်ဖောင်းများပေါ်တွင် လမ်းဘေးဈေးသည်များ လမ်းပိတ်ဆို့ ဈေးရောင်းမှုမှာ ခရီးသွားပြည်သူများအတွက် အနှောင့်အယှက်အများဆုံးဖြစ်နေရကြောင်း မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများအား စစ်တမ်းကောက်ယူမှုမှတ်တမ်းအရ သိရသည်။

ရန်ကုန်မြို့၏လူစည်ကားရာ တာမွေဈေးမှတ်တိုင်အနီးမှ လမ်းဘေးဈေးသည်များ

အဆိုပါ စစ်တမ်းကောက်ယူမှုကို အရပ်ဘက်အဖွဲ့အစည်းဖြစ်သော အလင်းတန်းစေတမန် ပရဟိတအဖွဲ့က ရန်ကုန်မြို့ ခရိုင်လေးခုအတွင်းရှိ စည်ပင်နယ်နိမိတ်မြို့နယ်ပေါင်း ၃၃ မြို့နယ်သို့ စေတနာ့ဝန်ထမ်းများဖြင့် သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအပေါ် မဲဆန္ဒရှင်ပြည်သူများ၏ သဘောထားကို သိရှိစေရန်နှင့် မူဝါဒရေးရာများ အသစ်ပြန်လည်ရေးဆွဲသော စည်ပင်ဥပဒေ၌ လူထုအသံကို ထည့်သွင်းနိုင်စေရန် ရည်ရွယ်ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ပြည်သူတွေအကြား စစ်တမ်းကောက်ယူမှုကို စည်ပင်ဥပဒေ၊ နည်းဥပဒေတွေ ပြင်ဆင်တဲ့အခါမှာ လူထုအသံ ပါဝင်နိုင်ဖို့ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်၊ ပြည်သူလူထုရဲ့လိုအပ်ချက်တွေကို အသစ်ပြဋ္ဌာန်းမယ့် စည်ပင်ဥပဒေမှာ ပါစေချင်တယ်၊ ဥပဒေသစ်တစ်ခုရေးဆွဲနေတဲ့အချိန်မှာ ပြည်သူလူထုအသံကို ပေါင်းစုတင်ပေးခြင်းအားဖြင့် ပြည်သူလူထုလိုအပ်ချက်တွေကို ထည့်သွင်းရေးဆွဲစေချင်တဲ့ ရည်ရွယ်ချက်ပါ၊ ပြီးတော့ အခွန်ထမ်းပြည်သူတွေ ဝန်ဆောင်မှုကို ပြည့်ပြည့်ဝဝရစေချင်တဲ့ဆန္ဒနဲ့ ဒီစစ်တမ်းကို ကျွန်မတို့ ပရဟိတအဖွဲ့အနေနဲ့ ကောက်ယူခဲ့တာဖြစ်ပါတယ်"ဟု အလင်းစေတမန်အဖွဲ့မှ မမြနန္ဒာသင်းကပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သော လူထုသဘောထားစစ်တမ်း ကောက်ယူမှုကို အလင်းစေတမန်ပရဟိတအဖွဲ့က ပြီးခဲ့သော မတ်လအတွင်းကပင် စတင်လုပ်ဆောင်နေခဲ့ခြင်းဖြစ်သည်။ ပြည်သူလူထုအကြား စစ်တမ်းကောက်ယူရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းနှင့်ပတ်သက်သော အကြံပြုချက်များ၊ စည်ပင်နှင့်သက်ဆိုင်သော အကြံပြုချက်များ၊ ဘဏ္ဍာရေးနှင့်ဆိုင်သောအကြံပြုချက်များ၊ ပြည်သူ့ဝန်ဆောင်မှုများနှင့်သက်ဆိုင်သော အကြံပြုချက်များနှင့် မြို့တော်သာယာလှပရေးစသည့် အထွေထွေအကြံပြုချက်များကိုကောက်ယူခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

မြန်မာနှင့် စင်ကာပူမှ ကင်ဆာအထူးကုဆရာဝန်ကြီးများ အတွေ့အကြုံဖလှယ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကင်ဆာဖြစ်ပွားနှုန်းသည် ယခုအခါ ပိုမိုများပြားလာလျက်ရှိရာ အကောင်းဆုံးကုသမှုပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံမှ ကင်ဆာအထူးကုဆရာဝန်ကြီးများ၏ ကင်ဆာရောဂါကုသခြင်းဆိုင်ရာ အတွေ့အကြုံဖလှယ်ပွဲကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

"ကင်ဆာရောဂါက အရှေ့တောင်အာရှမှာရော တစ်ကမ္ဘာလုံးမှာ ယခင်ထက် ပိုမိုအဖြစ်များလာပါတယ်၊ ဒီအပေါ်မှာ စင်ကာပူနိုင်ငံ Concord International Hospital က ကင်ဆာအထူးကုဆရာဝန်ကြီးတွေက သူတို့ရဲ့ကင်ဆာကုသပုံတွေ၊ ကုထုံးတွေ၊ ခေတ်မီ ခွဲစိတ်ကုသမှုတွေကို မြန်မာနိုင်ငံမှာရှိတဲ့ ကင်ဆာဆရာဝန်ကြီးတွေနဲ့ အတွေ့အကြုံဖလှယ်ကြတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်၊ ကင်ဆာရောဂါလို့ သံသယရှိလာပြီဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် အရင်ဆုံး လာရောက်ပြသကြပါ၊ သိသိကြီးနဲ့ မပြောဘဲ နောက်ကျမှကုမယ်ဆိုရင် လူနာလည်း ပိုခံစားရသလို ငွေကြေးကုန်ကျမှုလည်း များစေပါတယ်၊ ရောဂါလည်း ကုရခက်ပါတယ်၊ ဒါကြောင့်လူနာတွေအနေနဲ့ မရှက်ကြပါနဲ့ မကြောက်ကြပါနဲ့၊ ရင်သားကင်ဆာဆိုရင် အမျိုးသမီးတွေက ကြောက်ကြတယ်၊ ဒီလိုမဖြစ်ဘဲ ဆရာဝန်ကိုကြိုပြပါ၊ ဒါဟာအကောင်းဆုံးပါပဲလို့ ပြောချင်တယ်၊ မြန်မာနိုင်ငံမှာဆိုရင် ရင်သားကင်ဆာ၊ အသည်းကင်ဆာနဲ့ အူကင်ဆာတွေက လူထုကြားမှာ အဖြစ်များတာတွေ့ရတယ်"ဟု ဆွေးနွေးပွဲကိုစီစဉ်သူ Zar & Zar မှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာမျိုးသန့်က ပြောသည်။

ဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံ Concord International ဆေးရုံမှ ပါရဂူများနှင့် မြန်မာနိုင်ငံမှ ပါမောက္ခ ဒေါက်တာဦးထွန်းဦး(အငြိမ်းစားဌာနမှူး-ခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်)၊ အသည်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်စိုးထွန်း၊ ရွှေရောင်နှင်းဆီဖောင်ဒေးရှင်းမှ ပါမောက္ခ ဒေါက်တာဒေါ်ရင်ရင်ဇော်နှင့် အရပ်ဘက် ပါရဂူများ/ဆရာဝန်များ၊ တပ်မတော်မှ ပါရဂူများ/ ဆရာဝန်များ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံမှလာရောက်သော ကင်ဆာအထူးကုဆရာဝန်ကြီးများက စအိုကင်ဆာခွဲစိတ်နည်းများ၊ ရင်သားကင်ဆာအတွက် နောက်ဆုံးပေါ်ခွဲစိတ်ကုသနည်းများ၊ အသည်းကင်ဆာကုသနည်း၊ အခြားကင်ဆာများ ဖြစ်ပွားမှုနှင့် ကင်ဆာရောဂါများအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ပါရဂူများ/ ဆရာဝန်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယခုလို မြန်မာနှင့် စင်ကာပူနှစ်နိုင်ငံအကြား ကင်ဆာရောဂါကုပါရဂူကြီးများအချင်းချင်း ဆေးပညာဖလှယ်ခြင်းနှင့် အတွေ့အကြုံများ ရှင်းလင်းနိုင်ခြင်းတို့ကြောင့် ကင်ဆာရောဂါကုသမှုနှင့် ကင်ဆာရောဂါဖြစ်ပွားနှုန်းလျှော့ချရေးအတွက် အတွေ့အကြုံသစ်များ ရရှိစေကြောင်းနှင့် ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ Concord International ဆေးရုံနှင့် Zar & Zar တို့ ပူးပေါင်း၍ တစ်နှစ်လျှင်တစ်ကြိမ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ယခုနှစ်အတွင်း မိုးစပါးဧက ၅၉၀၀ ကျော်သို့ မြောက်ယမားဆည်မှ စိုက်ပျိုးရေပေးဝေပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ရှိ မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီးကို ၁၉၉၈ ခုနှစ် တည်ဆောက်ပြီးစီးချိန်မှစ၍ ယနေ့အထိ မိုးစပါးနှင့် နွေသီးနှံများအတွက် အောင်မြင်စွာရေပေးဝေလျက်ရှိရာ ပြီးခဲ့သော ၂၀၁၇-၂၀၁၈ ခုနှစ်က မိုးစပါး ဧက ၅၄၉၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မိုးစပါးဧက ၅၉၂၀ ကို ရေပေးဝေစိုက်ပျိုးပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြောက်ယမားဆည်မြောင်းမကြီးမှ မိုးစပါးအတွက် ရေပေးဝေနေစဉ်။

မြောက်ယမား ရေကူရေလှောင်တမံနှင့် မြောက်ယမားရေလှောင်တမံတို့တွင် ရေပမာဏ စုစုပေါင်း ဧကပေ ၁၃၈၀၀၀ သိုလှောင်ထားရှိပြီး မိုးစပါးနှင့် နွေသီးနှံများအတွက် ရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ရာသီကုန်တွင် မိုးစပါးလျာထားဧကအပြည့် အောင်မြင်စွာရေပေးဝေနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်ယမား မူလမြောင်းမကြီး ဆည်ရေသောက်စနစ်ကို ကမ္ဘာ့ဘဏ်ချေးငွေ (ADSP)အစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ ပြုပြင်တည်ဆောက်လျက်ရှိရာ ယခု မြောင်းပုံစံကျတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်လက်၍ တူးမြောင်းမကြီးပေါ်ရှိ ရေအားအဆောက်အအုံများနှင့် လက်တံမြောင်းများကို ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြောင်းများတည်ဆောက်ပြီးစီးပါက စိစစ်ရေယာ ၁၀၀၈၂ ဧကနှင့် စံပြုလယ်ယာမြေဧက ၁၀၀ တို့ကို အောင်မြင်စွာ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မောင်မွှေး

စဉ့်ကူးမြို့နယ်၌ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်မည်

စဉ့်ကူး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း အရှည် ၃ ဒသမ ၅ မိုင်ရှိ ရွှေပြည်-တောင်အင်း-ထုံးကြီး ကျေးရွာချင်းဆက်လမ်းမကြီးမှာ နှစ်စဉ် မိုးတွင်းကာလရောက်တိုင်း ရေတိုက်စား၍ လမ်းပျက်စီးမှုများနှင့် တံတားပျက်စီးမှုများဖြစ်နေသဖြင့် အဆိုပါလမ်းမကြီးကို အားထားသွားလာနေကြရသော ကျေးရွာ ၁၅ ရွာမှ ပြည်သူများမှာ ခရီးသွားလာရေးအခက်အခဲများ ကြုံတွေ့နေရသည်။

ထို့ကြောင့် အဆိုပါလမ်းမကြီးပေါ်မှ အရှည်ပေ ၂၁၀ ရှိ တံတားအမှတ်(၇) သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုခဲ့ပြီးနောက် ပြည်ထောင်စုအစိုးရ၏ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲရန် ငွေကျပ်သိန်း ၇၀၀၀ ကို ပြည်ထောင်စုအစိုးရ အစည်းအဝေး(၁၅/ ၂၀၁၈)မှ ခွင့်ပြုချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်သားတံတားကို ခိုင်ခံ့သော သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီးစီးပါက အဆိုပါလမ်းမကြီးကို အားထားသွားလာနေကြရသောဒေသခံပြည်သူများ အနေဖြင့် ပို၍လုံခြုံစိတ်ချစွာ သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်းနှင့် ကုန်စည်စီးဆင်းမှုများလည်း ပို၍မြန်ဆန်ချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(စဉ့်ကူး)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၉-၂၀၁၈

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၀၂၀/၁၀၅၅ ကျပ်	၁၀၉၀/၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၀၃၀/၁၀၆၅ ကျပ်	၁၁၀၅/၁၁၁၅ ကျပ်
အောက်တိန်း ၉၂	၉၉၀/၁၀၂၅ ကျပ်	၁၀၉၀/၁၁၀၀ ကျပ်
အောက်တိန်း ၉၅	၁၀၄၀/၁၀၇၅ကျပ်	၁၁၄၀/၁၁၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၉၇ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၈၈၁ · ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၇၁ · ၁
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၁၁၉ · ၆
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၁၉ · ၅
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၁၆၃ · ၇
တရုတ်	တစ်ယွမ်	ကျပ် ၂၃၃ · ၂၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ · ၁၇၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၄၃ · ၀၈
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၈၆ · ၄၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ · ၃၅၁

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
စာတည်းမှူး(တာဝန်)	- ဝင်းကျော်
စာတည်းမှူး	- မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ	- ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	- တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် သဘာဝအလှများကို ဖော်ထုတ်ပြသခွင့်ရရန်မျှော်လင့်နေသည့် ဓနုဒေသ CBT ကျေးရွာများဆီသို့

ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ ကိုဇော်

ဓနုရိုးရာတေးသီချင်းတစ်ပုဒ်ကို လေသံဝဲဝဲနှင့် သီဆိုနေ၊ ကပြနေကြသည့် မီးပုံပွဲတစ်ခုသည် တောင်ပေါ်ဒေသ၏ ညလေးတစ်ညကို ပိုမိုကာအသက်ဝင်လာစေသည်။ အနီရောင် ရိုးရာဝတ်စုံများနှင့် ဓနုလှုပ်ပျိုဖြူများ၏ ရိုးသားသော အပြုံးလေးများ၊ ခေါင်းပေါင်းစလေး လှုပ်ခါသွားသည့်အထိ အားပါးတရ သီဆိုတီးမှုတ်နေသော ဓနုညီအစ်ကိုများက သူတို့၏အောင်မြင်မှုကို ထပ်ဆင့်ဖော်ကျူးနေကြသည်ကို မြင်တွေ့ရသည်။ နေရာမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဆီးကျအင်းကျေးရွာဖြစ်သည်။ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖွင့်ပွဲအထိမ်းအမှတ် အောင်မြင်မှုကို ကိုယ်စားပြုသည့် မီးပုံပွဲကို ကျေးရွာမိသားစုများ၊ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ အတူတကွ ပျော်ရွှင်စွာ ကျင်းပနေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ဒေသအတွက်တော့ အောင်မြင်မှုတစ်ရပ်ပေါ့ဗျာ၊ ဒီဒေသဟာ အလွန်အေးချမ်းတယ်၊ ဒေသခံတွေဟာလည်း လက်ဖက်နဲ့ ဟင်းသီးဟင်းရွက်တွေစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြတာမျိုးတယ်၊ သဘာဝ သယံဇာတတွေ ပေါတယ်၊ ဒါတွေကို ထိန်းသိမ်းဖို့၊ ရိုးရာယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ ဒေသခံတွေရဲ့စီးပွားရေး၊ လူမှုရေးနဲ့ လူနေမှုဘဝတွေအားလုံးမြင့်မားလာဖို့ဆိုတာက ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေအားကောင်းလာဖို့လည်း လိုတယ်၊ ဒီလိုမျိုး ကျေးရွာကဒေသခံတွေစုပေါင်းပြီး ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်တာဟာ ကျွန်တော်တို့အားလုံးအတွက် မျှော်လင့်ချက်တွေ အားကောင်းလာပြီပေါ့"ဟု ဓနုဒေသ ခရီးသွားဖွံ့ဖြိုးရေးအသင်းမှ ဥက္ကဋ္ဌ ဦးဝဏ္ဏသိန်းက ပြောကြားသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ သဘာဝရေမြေတောတောင် အလှအပများ၊ ပတ်ဝန်းကျင်ဂေဟာစနစ်များနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ဖော်ထုတ်ပြသနိုင်၊ လေ့လာကြည့်ရှုနိုင်မည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း မြန်မာနိုင်ငံ၌ ဖော်ဆောင်လာခဲ့သည်။ ဒေသခံများ၏ လူမှုစီးပွားရေး၊ ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူဖြစ်စေမည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများအနက် ယခု ဓနုဒေသသည် မြန်မာနိုင်ငံ၏ ၁၆ ခုမြောက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မှုလည်းဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း အင်းလေးကန် အရှေ့ဘက်ခြမ်းရှိ တောင်ပေါ်ကျေးရွာများတွင် ပအိုဝ်းကျေးရွာလေးရွာကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် စတင်ဖော်ဆောင်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပထမဆုံးသော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ပင်းတယမြို့နယ်မှ ပင်စိမ်းပင်ကျေးရွာနှင့် ဆီးကျအင်းကျေးရွာတို့ကို ယခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

ပင်းတယမြို့နယ် ကျေးလက်ခရီးစဉ်

၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည့် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်တွင် အာဆီယံ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆု (ASEAN Sustainable Tourism Award)အတွက် ပင်းတယမြို့နယ် ကျေးလက်ခရီးစဉ်ဒေသမှ ရရှိထားခဲ့သည်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း လာရောက်လည်ပတ်သည့် ခရီးသွားများအား ဟိုတယ်၊ တည်းခိုရိပ်သာများအပြင် မြေပြင်တွင် အမှန်တကယ် တိုင်းရင်းသားများ နေထိုင်ကြသည့် သဘာဝအခြေအနေများကို သိရှိနိုင်စေရန်နှင့် ပါဝင်ခံစားနိုင်စေရန်အတွက် ကျေးရွာများကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ယခုကဲ့သို့ ပိုမိုဖော်ဆောင်ပေးခြင်းဖြင့် ရပ်ရွာ၏ သဘာဝအလှများ၊ ဓလေ့ရိုးရာ စရိုက်လက္ခဏာများကို သိရှိခံစားနိုင်စေရန် ရည်ရွယ်ကြောင်း၊ ဧည့်သည်များအတွက် မတူညီသည့် အတွေ့အကြုံများကို ခံစားနိုင်ကြမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖွင့်ပွဲအတွင်း ထည့်သွင်းပြောကြားခဲ့သည်။

"ခုလိုဖွင့်လှစ်ခွင့်ရတဲ့အတွက် ဒေသအတွက်ရော၊ ဒေသအတွင်းက ညီအစ်ကိုမောင်နှမတွေအတွက်ရော အထူးကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ ဒီလို စီဘီတီ ကျေးရွာတွေ ပေါ်ထွက်လာဖို့အတွက် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်၊ အခုလိုဖွင့်လှစ်နိုင်ခြင်းက ဒေသတွင်းကရော၊ ကျေးရွာလူထုက ခရီးသွားလုပ်ငန်းတွင် ပိုမိုစိတ်ပါဝင်စားစွာ လုပ်ဆောင်စေရေး၊ ဆင်းရဲမှုလျော့ချနိုင်ရေးတို့ဖြစ်ပြီး ယခုအခါ ဓနုကျေးရွာနှစ်ရွာသည်လည်း ဧည့်သည်များအတွက် အပန်းဖြေရာ၊ ဒေသန္တရဟုသုတရှာဖီးရာ၊ ယဉ်ကျေးမှုသဘာဝကိုဖော်ညွှန်းရာ နေရာဒေသများအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

"နေရာအားဖြင့်လည်း အတော်လေး လှပပါတယ်၊ ဒေသစာလေးတွေကလည်း ထမင်းမြိန်စေသလို လှုပ်ရှားမှုတွေကလည်း ပျော်စရာကောင်းပါတယ်၊ ရိုးရာအကတွေကိုလည်း ဓနမောင်နှမတွေနဲ့အတူတူ သင်ယူကပြဖြစ်ခဲ့တယ်၊ ပျော်ရွှင်ရတဲ့ ခရီးစဉ်လေးပါ၊ မီးပုံပွဲတွေမှာ သူတို့တွေရဲ့ ရိုးသားမှုနဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကို မြင်တွေ့ရတယ်၊ ဖွင့်ခါစဆိုတော့ လိုအပ်တာလေးတွေတော့ နည်းနည်းရှိတယ်၊ ဒါတွေကို တတ်နိုင်သလောက်လည်း အကြံဉာဏ်တွေ ပေးခဲ့တယ်၊ သူတို့ကလည်းလက်ခံပြီး လုပ်ဆောင်ပေးမယ်လို့ ပြောပါတယ်၊ ဒီခရီးစဉ်လေးမှာ အမှတ်တရကတော့ ဒေသရိုးရာ မီးပုံအကတွေမှာ ကိုယ်တိုင်ပါဝင်ခဲ့တာနဲ့ မနက်မိုးလင်းလို့ ပြတင်းပေါက်ဖွင့်လိုက်တဲ့အခါ တိမ်ပင်လယ်ကြီးကို မျက်စိတစ်တန်းတိုင်းရင်းသားတွေနဲ့ အားလုံးသော အဖွဲ့အစည်းတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့အတူ ထွက်ပေါ်လာတယ်လို့ ပြောလို့ရပါတယ်"ဟု ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းက ပြောကြားသည်။

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ၏ ရည်ရွယ်ချက်ဖြစ်သည့် ခရီးသွားလုပ်ငန်းအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရေး၊ ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်များ ဖန်တီးပေးအပ်နိုင်ရေး၊ ကျေးရွာလူထုများသည် ရိုးရာယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းလာနိုင်ရေး၊ ကျေးရွာလူထုက ခရီးသွားလုပ်ငန်းတွင် ပိုမိုစိတ်ပါဝင်စားစွာ လုပ်ဆောင်စေရေး၊ ဆင်းရဲမှုလျော့ချနိုင်ရေးတို့ဖြစ်ပြီး ယခုအခါ ဓနုကျေးရွာနှစ်ရွာသည်လည်း ဧည့်သည်များအတွက် အပန်းဖြေရာ၊ ဒေသန္တရဟုသုတရှာဖီးရာ၊ ယဉ်ကျေးမှုသဘာဝကိုဖော်ညွှန်းရာ နေရာဒေသများအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

"နေရာအားဖြင့်လည်း အတော်လေး လှပပါတယ်၊ ဒေသစာလေးတွေကလည်း ထမင်းမြိန်စေသလို လှုပ်ရှားမှုတွေကလည်း ပျော်စရာကောင်းပါတယ်၊ ရိုးရာအကတွေကိုလည်း ဓနမောင်နှမတွေနဲ့အတူတူ သင်ယူကပြဖြစ်ခဲ့တယ်၊ ပျော်ရွှင်ရတဲ့ ခရီးစဉ်လေးပါ၊ မီးပုံပွဲတွေမှာ သူတို့တွေရဲ့ ရိုးသားမှုနဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကို မြင်တွေ့ရတယ်၊ ဖွင့်ခါစဆိုတော့ လိုအပ်တာလေးတွေတော့ နည်းနည်းရှိတယ်၊ ဒါတွေကို တတ်နိုင်သလောက်လည်း အကြံဉာဏ်တွေ ပေးခဲ့တယ်၊ သူတို့ကလည်းလက်ခံပြီး လုပ်ဆောင်ပေးမယ်လို့ ပြောပါတယ်၊ ဒီခရီးစဉ်လေးမှာ အမှတ်တရကတော့ ဒေသရိုးရာ မီးပုံအကတွေမှာ ကိုယ်တိုင်ပါဝင်ခဲ့တာနဲ့ မနက်မိုးလင်းလို့ ပြတင်းပေါက်ဖွင့်လိုက်တဲ့အခါ တိမ်ပင်လယ်ကြီးကို မျက်စိတစ်တန်း

တိုင်းရင်းသားတွေ၊ ဓနုတို့ကတော့ မမေ့နိုင်တဲ့ အမှတ်တရပါပဲ၊ သဘာဝရှုခင်းတွေကတော့ ရှမ်းပြည်နယ်ဆိုတဲ့အတိုင်း သာယာလှပပြီးသားပဲ"ဟု ပထမဆုံးဧည့်သည်အဖွဲ့အဖြစ် လိုက်ပါလာသူတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။

ရှမ်းပြည်နယ်ခရီးသွားကဏ္ဍ

ရှမ်းပြည်နယ်ခရီးသွားကဏ္ဍတွင် ၂၀၁၇ ခုနှစ်အတွင်း ဟိုတယ်၊ တည်းခိုရိပ်သာများသို့ပြည်တွင်း ဧည့်သည် ၆၄၅၉ ဦး လာရောက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည် ၃၄၈၇၄ ဦး ဝင်ရောက်ခဲ့သည်။ နယ်စပ်ဝင်ပေါက်များမှ နေ့ချင်းပြန်ပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၁၅ဝ၈ဝ၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင် ဩဂုတ်လအထိ ပြည်တွင်းဧည့်သည် ၄ဝ၀၂၈၇ ဦးနှင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွား ၁၉ဝ၄ဝ၀ ကျော် လာရောက်လည်ပတ်ထားကြပြီး နေ့ချင်းပြန်ဧည့်သည် ၁ဝ၄၂၉ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း စာရင်းများအရ သိရသည်။

ပင်းတယဒေသသို့ ၂၀၁၇ ခုနှစ်က ပြည်တွင်းဧည့်သည် ၁ဝ၇၅၄ ဦး လာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံခြားသားဧည့်သည် ၅၇၁၃ ဦး လာရောက်လည်ပတ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ယခုအချိန်အထိ ပြည်တွင်းဧည့်သည်ပေါင်း ၅၃၂၇ဦးနှင့် နိုင်ငံခြားသားဧည့်သည်ပေါင်း ၂၂၆၃ ဦး လာရောက်လည်ပတ်မှုရှိခဲ့သည်။

ဆွဲဆောင်မှုရှိသောခရီးစဉ်

"ခရီးသွားတွေအတွက် ဆွဲဆောင်မှုရှိစေတဲ့ ခြေလျင်တောင်တက်ခရီးစဉ်တွေလည်း ရှိပါတယ်၊ လမ်းခရီးမှာ ဒေသစိုက်ခင်းတွေကို လေ့လာခွင့်ရမယ်၊ လက်ဖက်ခင်းတွေမှာ ကိုယ်တိုင် လက်ဖက်ခူးခွင့်နဲ့ ဒေသအလိုက်သီးနှံတွေကို ဆွတ်ခူးခွင့်တွေလည်း ရရှိအောင် ကြိုးစားလုပ်ဆောင်သွားပါမယ်၊ ပင်းတယဒေသဟာ သဘာဝလိုဏ်ဂူတွေ၊ လျှို့မြောင်နဲ့ တောတန်းတွေ၊ ရိုးရာလက်မှုလုပ်ငန်းတွေ ပေါများလို့ လေ့လာနိုင်သလို ဒေသခံတွေရဲ့ နေ့စဉ်လူမှုဘဝကိုလည်း အနီးကပ်ခံစားလို့ရပါမယ်၊ ဒါတင်မကသေးပါဘူး၊ ခရီးသွားတွေအတွက် ကိုယ်တိုင်စိုက်ပျိုးနိုင်တဲ့ သစ်ပင်လေးတွေကိုလည်း ကျွန်တော်တို့ ပြင်ဆင်ပေးထားတယ်"ဟု ဦးဝဏ္ဏသိန်းက ရှင်းပြသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ခရီးသွားများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းမြင့်မားစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပထမဆုံးအနေဖြင့် ပအိုဝ်းကျေးရွာများတွင်လည်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖွင့်လှစ်ထားနိုင်ခဲ့ပြီဖြစ်သည်။ ပအိုဝ်းကျေးရွာများမှ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများတွင်လည်း စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ဧည့်သည်ဝင်ရောက်မှုများပြားပြီး အောင်မြင်သည့်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်သည်။

နိုင်ငံတကာဆုနှင့် ပြည်တွင်းဆုပေါင်းများစွာ လည်းရရှိထားရာ ၂၀၁၇ ဇန်နဝါရီလက ASEAN Community Based Tourism 2017-2019 Winner Award၊ ၂၀၁၇ မတ်လက ဂျာမနီနိုင်ငံတွင်ကျင်းပသည့် ခရီးသွားလုပ်ငန်းပြပွဲ၌ Winner Award၊ ၂၀၁၇ စက်တင်ဘာလက World Tourism Day တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် Best Performance Award ဆုတို့ကို ပအိုဝ်းကျေးရွာများမှ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများက ရရှိထားခဲ့ကြောင်း သိရသည်။

ဓနုဒေသ၏ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းသည် ဓနုရိုးရာ သိုင်းအက၊ ခြင်းခတ်ခြင်းနှင့် ဒိုးပစ်ခြင်း စသည်တို့အပြင် အခြားသော ဒေသယဉ်ကျေးမှု ဓလေ့စရိုက်များစွာတို့ကို ခရီးသွားများအကြား သိရှိနားလည်ကာ တန်ဖိုးထားတတ်ကြစေရေးကိုလည်း ဦးတည်ကြောင်း ဒေသခံများထံမှ သိရှိရသည်။

မျှော်လင့်ချက်ရောင်ခြည်များ

"ခရီးသည်တွေလာလည်ကြတဲ့အခါ ကြိုက်နှစ်သက်မယ်လို့လည်း ယုံကြည်ပါတယ်၊ ဓနလူမျိုးတွေဟာ အနေအေးတယ်၊ ရိုးသားတယ်၊ ပျော်စရာကောင်းတဲ့ သီချင်းလေးတွေကိုလည်း ရေးစပ်သီဆိုလေ့ရှိတယ်၊ အခုလို ရပ်ရွာကိုအကျိုးပြုနိုင်တဲ့၊ အားလုံးနဲ့လည်းသက်ဆိုင်တဲ့ အလုပ်တွေကို လုပ်ရတဲ့အတွက် ပျော်လည်းပျော်တယ်၊ အခုလိုဖွင့်လှစ်ဖို့အတွက် ကျွန်မတို့ အများကြီး ကြိုးစားခဲ့ရတယ်၊ သင်တန်းတွေ တက်ခဲ့ရတယ်၊ ဒေသမှာလည်း ဖြန့်ဝေခဲ့ရတယ်၊ အသီးအပွင့်တွေ အဖြစ် ဒေသကို ဧည့်သည်တွေဝင်ရောက်လာပြီး ဒေသအတွက်လည်း အခွင့်အလမ်းတွေပွင့်လာရင် ပင်ပန်းရကျိုးနပ်တယ်"ဟု ဓနုဒေသ ခရီးသွားဖွံ့ဖြိုးရေးအသင်းမှ မဖြူစင်က ပြောပြသည့်အခါ သူ့မျက်ဝန်းများတွင် ဒေသဖွံ့ဖြိုးလာရန်အတွက် မျှော်လင့်ချက်ရောင်ခြည်များ တစ်လက်လက် တောက်ပနေသည်ကို မြင်တွေ့နေရပေသည်။ ။

ကျွန်တော်နဲ့ တပည့်များ

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် အလွန်ကံကောင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကတည်းက စာသင်ခွင့်ရခဲ့ပြီး ယနေ့အထိလည်း သင်ခွင့်ရတုန်းပါ။ စာသင်ခွင့်ရတာက အမှန်တော့ ထူးကဲတဲ့အခွင့်အရေးပါ။ ကိုယ်သိတာ ကိုယ်နားလည်တာကို မျှဝေခွင့်ရတာက ကံထူးပါတယ်။ ကျောင်းဆရာဘဝကို ၁၉၆၆ ခုနှစ်က စတင်ခဲ့တာ။ ဒီတုန်းက နည်းပြဆရာပေါက်စ။ ပထမဆုံးအကြိမ် အတန်းထဲဝင်ခဲ့တာကို အမှတ်ရမိသေးတယ်။ စိုးရိမ်စိတ်အပြည့်။

ယုံကြည်မှုမြင့်မားလာ

အတန်းထဲမှာ ကိုယ့်ထက်အသက်ကြီးတဲ့သူတွေက ရှိနေတော့ ပိုဆိုးတယ်။ ပညာအစမ်းခံရမှာကိုလည်း စိတ်ပူမိတယ်။ မေးတဲ့ မေးခွန်းတွေ မဖြေနိုင်ရင် အရှက်ကွဲမှာကိုလည်း စိုးရိမ်တယ်။ ဒါပေမယ့် ရဲဆေးသွင်းပြီး အတန်းထဲဝင်ခဲ့ပြီ။ အနှောင့်အယှက်မရှိဘဲ အဆင်ပြေခဲ့လို့ သက်ပြင်းချရတာ။ တစ်ဖက်ကလည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့တယ်။ သင်ရမယ့် သင်ခန်းစာကို ကြေအောင် အဘက်ဘက်က လေ့လာထားတာ။ ကျောင်းသား ကျောင်းသူတွေ နားလည်သဘောပေါက်အောင် ဘယ်လိုသင်ပြရမလဲဆိုတာကို အပြန်အလှန်စဉ်းစားပြီး လေ့ကျင့်ခဲ့တယ်။ တဖြည်းဖြည်း အတွေ့အကြုံရလာတာမို့ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုမြင့်မားလာခဲ့တယ်။ နောက်တော့ အတန်းထဲဝင်ရတာကို မကြောက်တော့ဘဲ ပျော်လာတယ်။

အထူးသဖြင့် ကျောင်းသား ကျောင်းသူတွေရဲ့ တုံ့ပြန်မှုတွေကြောင့် ဖြစ်တယ်။ နည်းပြဆရာဘဝမှာ ကျွန်တော် ငါးနှစ်တိတိ တာဝန်ယူခဲ့တာ။ စာမေးပွဲနီးတဲ့အချိန်မှာ အနီးကပ် သင်တန်းတွေပေးခဲ့တယ်။ ပေးထားတဲ့ တာဝန်မဟုတ်ပေမယ့် လိုအပ်တယ်လို့ထင်တာမို့ လုပ်ခဲ့တာ။ စီးပွားရေးတက္ကသိုလ်ရဲ့ ခန်းမကြီးနှစ်ခုမှာ ခန်းလုံးပြည့်နေရာမရလို့ အခန်းအပြင်မှာ အပင်ပန်းခံပြီး တက်ကြတာ။ အခုလို ကျောင်းသား ကျောင်းသူတွေ အားပေးခဲ့တာကို ကျေနပ်မိတယ်။ ပင်ပန်းတယ်လို့လည်း မမြင်မိဘူး။ ပေးထားတဲ့ တာဝန်ထက် ကျော်လွန်ပြီး လုပ်ခွင့်ရတာကို အားရမိတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ထောက်ခံမှုကြောင့် ကျေနပ်ခဲ့တယ်။ တစ်ဖက်ကလည်း ညပိုင်းမှာ လှိုင်နယ်မြေမှာရှိတဲ့ အမျိုးသားအဆောင်တွေမှာလည်း စာသင်ပေးခဲ့တယ်။ အထူးသဖြင့် အုန်းတောဆောင်မှာ အဆောင်မှူးက ဆရာကြီး ဦးမြတ်သိန်း။ သူ့မိသားစုနဲ့ ရင်းနှီးတယ်။ ဆရာရဲ့ ဇနီးက ကျွန်တော့်ရဲ့ ဆရာမ။ ပထမနှစ် ကျောင်းသားဘဝမှာ ဆုံခဲ့တာ။ ဆရာမရဲ့ အစ်မ ဒေါ်ရီရီမြင့်ဆိုလည်း ကျွန်တော့်ရဲ့ဆရာမတစ်ဦး။ အုန်းတောဆောင်က ကျောင်းသားတွေနဲ့ ခြေလျင်တောင်တက်အသင်းမှာ ရင်းနှီးရင်း အခုလို စာမေးပွဲနီးကပ်တဲ့အချိန်မှာ သွားပြီးစာသင်ပေးခဲ့တာ။ တစ်ဖက်ကလည်း ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ဦးအေးလှိုင်က တာဝန်ပေးတာမို့ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီး အစိုးရအထက်တန်းကျောင်းတွေမှာ အနီးကပ်သင်တန်းတွေ ပေးခွင့်ရပြန်တယ်။ သင်တဲ့ဘာသာက စာရင်းကိုင်သင်တန်း။ ကျွန်တော်က ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ယူတာမို့ သင်ရတဲ့ဘာသာက စာရင်းကိုင်ဘာသာ ပါဝင်တယ်။ စာရင်းကိုင်ဘာသာမှာ အခက်ဆုံးက အရှုံးအမြတ်စာရင်းရေးဆွဲတာနဲ့ လက်ကျန်ရှင်းတမ်း ထုတ်တာဖြစ်တယ်။

ကျောင်းသားအများစုအတွက် အခက်အခဲဖြစ်တဲ့ ကိစ္စ။ ဒီအကြောင်းကို ကျွန်တော်စဉ်းစားပြီး လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်တဲ့ ပုံသေနည်းတစ်ရပ်ကို ဖော်ထုတ်ခဲ့တယ်။ ဒီပုံသေနည်းက သင်ရိုးညွှန်းတမ်းစာအုပ်တွေမှာ ဖော်ပြထားတာ မဟုတ်ဘူး။ ကျွန်တော့်စိတ်ကူးနဲ့ လွယ်လွယ်နားလည်အောင်လုပ်ခဲ့တာဖြစ်တယ်။ ဒီပုံသေနည်းကို နားလည်ရင် ပုစ္ဆာတွေကို လွယ်လွယ်ဖြေရှင်းနိုင်မှာ။

“ကျွန်တော့်ရဲ့ စာသင်မှုခရီးရှည်ကြီးကို ပြန်လည်သုံးသပ်ရင် တပည့်မျိုးစုံနဲ့ ဆုံခဲ့တယ်၊ ထိတွေ့ခဲ့တယ်၊ တပည့်တိုင်းကို တစ်ဦးချင်း တစ်ယောက်ချင်း ကျေးဇူးတင်မိတယ်၊ သူတို့ကြောင့် ကျွန်တော့်ရဲ့ဘဝဟာ ရှင်သန်နေတာဖြစ်တယ်။ သူတို့ရဲ့ မေးခွန်းတွေဟာ ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေဖြစ်တယ်။ သူတို့နဲ့ ထိတွေ့ရတာဟာ ကျွန်တော့်အဖို့ ထူးခြားတဲ့ အခွင့်အရေးတစ်ရပ်ပါ”

အလွန်တန်ဖိုးကြီးတဲ့ သင်တန်းဖြစ်

ကျွန်တော်စာသင်တဲ့ အလုပ်ကို ခြောက်နှစ်တိတိ ရပ်နားခဲ့ရတယ်။ စီးပွားရေးတက္ကသိုလ်မှာ ငါးနှစ်စာသင်ပြီး နိုင်ငံခြားပညာသင် ဆုရခဲ့ပြီး အင်္ဂလန်နိုင်ငံကို သွားရောက်ခဲ့တယ်။ ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံနဲ့ ပါရဂူဘွဲ့တွေ ယူခဲ့တယ်။ ဒါပေမယ့် အခုလို ဘွဲ့လွန်သင်တန်းတွေတက်ရင်း စာသင်ပေးခဲ့တဲ့ ဆရာဆရာမတွေကို လေ့လာခွင့်ရခဲ့တယ်။ အထူးသဖြင့် မဟာသိပ္ပံသင်တန်းတက်စဉ် သင်ကြားမှုဘာသာကိုလည်း တက်ခွင့်ရခဲ့တယ်။ ကျောင်းဆရာ တစ်ဦးအနေနဲ့ အနေအထိုင်၊ အဝတ်အစား၊ အသံနေအသံထား၊ အမူအရာတွေကို လေ့လာခွင့်ရခဲ့တယ်။ ဒီသင်တန်းဟာ ကျွန်တော့်ဘဝအတွက် အလွန်တန်ဖိုးကြီးတဲ့ သင်တန်းဖြစ်ပါတယ်။

အင်္ဂလန်ကပြန်လာပြီး ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ယူတော့ ပါမောက္ခ ဆရာကြီးစောဝီလျံပေါက ကျွန်တော့်ကို ဘွဲ့ကြို သင်တန်းတွေသင်ဖို့သာမက၊ အဲဒီအချိန်က ဖွင့်လှစ်ထားတဲ့ နာမည်ကြီးတဲ့ ဒီအမ်အေ ဘွဲ့လွန်သင်တန်းမှာ တာဝန်ပေးခဲ့တယ်။ သင်တန်းသားတွေက ရာထူးကြီးကြီးယူထားတဲ့ အစိုးရအရာရှိတွေ။ တချို့တွေက ကျွန်တော့်ထက် အသက်ကြီးကြတယ်။ ကျွန်တော်က ပူပူနွေးနွေး ပါရဂူရထားတဲ့သူ။ စိတ်ဓာတ်က တက်တက်ကြွကြွ။ ကိုယ်တတ်သမျှကို သင်ချင်တဲ့စိတ်က ပြင်းထန်တယ်။ စီးပွားရေးမှာတော့ အတန်းကြီးတွေမှာ သင်ခဲ့ရတယ်။ အထူးသဖြင့် နောက်ဆုံးနှစ်သင်တန်းတွေ။ တစ်ဖက်ကလည်း ကျွန်တော် သုတေသနလုပ်ငန်းတွေကို ဇောက်ချလုပ်ခဲ့တယ်။ နယ်ပယ်ကတော့ ကျန်းမာရေးနဲ့ သမဝါယမ။ ဒီတုန်းက သမဝါယမဝန်ကြီးက ဗိုလ်မှူးကြီး စိန်ထွန်း။ သူက စာကိုစိတ်ဝင်စားတယ်။ စာဖတ်တယ်။ လေ့လာတယ်။ ဒါကြောင့်လည်း သူ့ရဲ့ အားပေးမှုကြောင့် သမဝါယမသင်တန်းကျောင်းမှာ စာသင်ခွင့်ရခဲ့တယ်။ ဖောင်ကြီးမှာ ဗဟိုသမဝါယမတက္ကသိုလ်ဖွင့်တော့ သူနဲ့ အတူတူ။ တစ်ဖက်ကလည်း ဆေးတက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတွေမှာ သင်ခွင့်ရခဲ့တယ်။

ကျွန်တော့်အတွက် တပည့်တွေ တဖြည်းဖြည်းများခဲ့တာ။ ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အခုလိုပဲ စာသင်တဲ့အလုပ် သုတေသနအလုပ်တွေနဲ့ အချိန်ကုန်ခဲ့ တယ်။ ၁၉၈၆ မှာတော့ ကျွန်တော်ဘွဲ့လွန်ပါရဂူဘွဲ့ယူဖို့ ဂျာမနီနိုင်ငံကို သွားရောက်ခဲ့တယ်။ နှစ်နှစ်နီးပါး။ ပြန်ရောက်တော့ ၁၉၈၈ အရေးအခင်းပြီးစ၊ တက္ကသိုလ်တွေက ပိတ်ထားတော့ အိမ်မှာပဲ နေရတာ။ အရာရာက တုန့်လှုပ်ချောက်ချားစရာ။ တက္ကသိုလ်နယ်မြေက တိတ်ဆိတ်ပြီး မလှုပ်ရှားနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတော်ရဲ့တာဝန်ပေးမှုကြောင့် ကျွန်တော် တက္ကသိုလ်နယ်မြေက အပြီးအပိုင်ခွဲခွာခဲ့ရတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ တာဝန်ယူခဲ့တယ်။ ညွှန်ချုပ်တာဝန်က အုပ်ချုပ်ရေးတာဝန်ဆိုပေမယ့် အခွင့်အရေးရတိုင်း ကျွန်တော် စာသင်ပေးခဲ့တယ်။ ၁၉၉၂ ခုနှစ်မှာ ကုလသမဂ္ဂ အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ ကလေးများ ရန်ပုံငွေအဖွဲ့မှာ တာဝန်ယူဖို့ နယူးယောက်မြို့ကို သွားရောက်ခဲ့တယ်။ နယူးယောက်မှာ တာဝန်ယူစဉ် ကမ္ဘာ့အနှံ့မှာ သင်တန်းတွေ ပေးခဲ့ရပြန်တယ်။ စာသင်တဲ့ အလုပ်နဲ့ မပြတ်ခဲ့ဘူး။ ၁၉၉၇ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာမြို့မှာ တာဝန်ယူခဲ့တယ်။ အလုပ်လုပ်ရင်း ကလေးများရန်ပုံငွေအဖွဲ့မှာရှိတဲ့ ဝန်ထမ်းတွေကို စာသင်ပေးခဲ့သလို တက္ကသိုလ်တွေမှာလည်း သင်ကြားပို့ချခဲ့တယ်။ ၂၀၀၀ ပြည့်နှစ်ကစပြီး ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူခဲ့တော့ ကုလသမဂ္ဂမှာ တာဝန်ယူနေကြတဲ့ အရာရှိကြီးတွေကို စာသင်ခွင့်ရခဲ့တယ်။ နိုင်ငံခြားမှာ နှစ်ပေါင်း ၁၆ နှစ်ကျော် တာဝန်ယူခဲ့စဉ် အခွင့်ရတိုင်း မြန်မာပြည်ကို ပြန်ခဲ့တယ်။ ရောက်တဲ့ အချိန်မှာလည်း အခွင့်အရေးရတိုင်း စာသင်ပေးခဲ့တယ်။

ဟောပြောပွဲတွေ လုပ်ဖြစ်

အထူးသဖြင့် ဟောပြောပွဲတွေ လုပ်ဖြစ်ခဲ့တယ်။ ဟောပြောပွဲခရီးစဉ်က ဒီတုန်းက စတင်ခဲ့တာ။ ဒီတုန်းက ဟောပြောပွဲလုပ်တာမရှိခဲ့သေးဘူး။ အခုတော့ ပုံစံကပြောင်းနေပြီ။ ၂၀၀၈ ခုနှစ် မြန်မာပြည်ကို အပြီးပြန်လာခဲ့တော့ သင်ကြားရေးအလုပ်တွေ ပိုလုပ်ဖြစ်တယ်။ စီးပွားရေးတက္ကသိုလ် ဘွဲ့လွန်သင်တန်းတွေမှာ သင်ခွင့်ရတယ်။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှာလည်း သင်ခွင့်ရတယ်။ B2B အဖွဲ့သားများနဲ့ ပူးပေါင်းပြီး ဒေသအနှံ့မှာ ဟောပြောပွဲတွေ လုပ်ဖြစ်ခဲ့တယ်။ ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူတဲ့ ဝန်ထမ်းတွေကို စာသင်ခွင့်ရခဲ့။ စီးပွားရေးလုပ်ငန်းတွေမှာလည်း သင်တန်းတွေ ပေးခဲ့တယ်။ အစိုးရဌာနတွေမှာလည်း ပို့ချခွင့်ရခဲ့တယ်။

ကျွန်တော့်ရဲ့ စာသင်မှုခရီးရှည်ကြီးကို ပြန်လည်သုံးသပ်ရင် တပည့်မျိုးစုံနဲ့ ဆုံခဲ့တယ်၊ ထိတွေ့ခဲ့တယ်၊ တပည့်တိုင်းကို တစ်ဦးချင်းတစ်ယောက်ချင်း ကျေးဇူးတင်မိတယ်၊ သူတို့ကြောင့် ကျွန်တော့်ရဲ့ဘဝဟာ ရှင်သန်နေတာဖြစ်တယ်။ သူတို့ရဲ့မေးခွန်းတွေဟာ ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေဖြစ်တယ်။ သူတို့နဲ့ ထိတွေ့ရတာဟာ ကျွန်တော့်အဖို့ ထူးခြားတဲ့ အခွင့်အရေးတစ်ရပ်ပါ။ တစ်နေ့က လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်တော်သင်ကြားခဲ့တဲ့ အမ်ဘီအေကျောင်းသားတွေက ဂုဏ်ပြုညစာစားပွဲတစ်ခု တက်ခဲ့တယ်။ သူတို့ရဲ့ ကျေးဇူးသိတတ်မှုကို အသိအမှတ်ပြုခဲ့ရပါတယ်။

ကျွန်တော့်ဘဝမှာ တပည့်မျိုးစုံနဲ့ ဆုံခဲ့ရပါတယ်။ ကျွန်တော်ကံကောင်းတာက ဆိုးတဲ့တပည့်တစ်ဦးတစ်ယောက်မှ မဆုံခဲ့ရဘူး။ အားလုံးဟာ တပည့်ပီသသူတွေ။ ဒါကြောင့်လည်း ဒီဆောင်းပါးကနေ ကျွန်တော့်တပည့်တိုင်းကို ကျေးဇူးတင်ကြောင်း အသိပေးချင်ပါတယ်။ ။

လှိုင်ကော်မြို့အတွင်း လမ်းမီးတိုင်များ အဆင့်မြှင့်တင် တည်ဆောက်

လှိုင်ကော် စက်တင်ဘာ ၂၃

ကယားပြည်နယ် လှိုင်ကော်မြို့အတွင်း ကန္တာရဝတီလမ်းမကြီးနှင့် ရှားတောလမ်းမကြီးတို့၏ လမ်းလယ် လမ်းမီးဓာတ်တိုင်များအား လျှပ်စစ်မီးအလင်းရောင် ကောင်းမွန်စေရန် ကယားပြည်နယ်အစိုးရအဖွဲ့က အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ညအချိန် လမ်းသွားလမ်းလာများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ညအချိန် လမ်းမီးအလင်းရောင်အားနည်းတော့ အန္တရာယ်တစ်ခုခုများတွေ့ကြုံရမလား စိုးရိမ်စိတ်နဲ့ သွားလာခဲ့ရတယ်။ အခုတော့ အလင်းရောင်အားကောင်းတော့ သွားလာရေး အဆင်ပြေသွားပါတယ်” ဟု လှိုင်ကော်မြို့နယ် မြေနီကုန်းကျေးရွာနေ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ယခု လမ်းမီးဓာတ်တိုင် အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကန္တာရဝတီလမ်းမကြီးတစ်လျှောက် မြို့အဝင်ဆိုင်းဘုတ်မှ ဘီလူးချောင်းတံတား(ရှမ်းပိုင်း) အထိလည်းကောင်း၊ ရှားတောလမ်းမကြီး တစ်လျှောက် ကျောင်းသားကွင်း ကိန္နရီ ကိန္နရာအဝိုင်းမှ စာတိုက် ကိန္နရီ ကိန္နရာအဝိုင်းအထိလည်းကောင်း စုစုပေါင်း ၂ ဒသမ ၅ မိုင်ရှိ လမ်းပေါ်မှ ကွန်ကရစ်ဓာတ်မီးတိုင်များအစား သတ္တုဓာတ်တိုင်များ ပြောင်းလဲစိုက်ထူကာ မြေအောက်လျှပ်စစ်ဓာတ်ကြိုးဖြင့် ဆက်သွယ်လျက် ၁၁၅ ဝပ်အားရှိ LED မီးသီးများကို ထွန်းထားခြင်းဖြစ်ပြီး လမ်းမီးဓာတ်တိုင် စုစုပေါင်း ၁၂၈ တိုင် စိုက်ထူထားရှိကြောင်း ပြည်နယ်လျှပ်စစ်ရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းကို ဩဂုတ် ၅ ရက်မှ စတင်ကာ နေ့ဆိုင်း၊ ညဆိုင်းများဖြင့် အလျင်အမြန် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုအခါ လှိုင်ကော်ဝန်ထမ်းအိမ်ရာစခန်းအနီး ကန္တာရဝတီလမ်းမကြီးပေါ်တွင် ညအချိန် လေညင်းခံလမ်းလျှောက်သူများ၊ လက်ကိုင်ဖုန်းဖြင့် အလှဓာတ်ပုံရိုက်နေသူများ၊ ဓာတ်တိုင်အောက် စကားဝိုင်းဖွဲ့ပြောဆိုနေသူများ၊ ဓာတ်တိုင်အောက်တွင် စာဖတ်နေသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်တားဆီးရေး သန်လျင်၌ အသိပညာပေး

သန်လျင် စက်တင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရွှေစတား အထည်ချုပ်စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က စက်ရုံခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြင့်က အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာ အတွင်းရေးမှူး ဒေါ်နှင်းရည်ကျော်က ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြတ်စိုးက မှုခင်းဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထိုက်က အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

အိမ်မဲမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

အိမ်မဲ စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အင်းတမိကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၂၀ ရက်က နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်ဦးဆောင်သော ကွင်းဆင်းအဖွဲ့(၂) သည် အင်းတမိကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ မိတ္တူထုတ်ပေးခြင်း၊ မွေးတိုး၊ သေဆုံးပယ်ဖျက်ခြင်းတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(မြန်/ဆက်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ပရိတ်ရွတ်ဖတ်

နေပြည်တော်　စက်တင်ဘာ ၂၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်ခြင်းအန္တရာယ် ကင်းစေရန် ရန်ကုန်မြို့ သာကေတမြို့နယ် အောင်သီတာစာသင်တိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တ ဓမ္မာစာရ(ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ) နှင့် သံဃာတော် ကိုးပါး၊ ယောဂီ ၁၀၈ ဦးတို့ဖြင့် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ်(၁)မှ စတင်၍ စက်တင်ဘာ ၂၂ ရက် နံနက် ၅ နာရီတွင် လည်းကောင်း မိုင်တိုင်အမှတ် (၉၀-၁၈၀-၂၇၀-၃၆၀) တို့တွင် ပရိတ်ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာရွတ်ဖတ်ခြင်း၊ အကျွတ် အလွတ် ပွဲများ ပေးလှူခြင်းများပြုလုပ်ပြီး အမျှပေးဝေခြင်းများ ဆောင်ရွက်တော်မူကြကြောင်း သိရသည်။ **မောင်ပု**

သီပေါမဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနီယပွဲနှင့် သံဃာ့ဒါနဆွမ်းလောင်းပွဲကျင်းပမည်

သီပေါ　စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သီပေါမဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်(၁၂၃)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မြို့နယ်လုံးကျွတ်သံဃာ့ဒါနဆွမ်းကြီး လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော်နှင့် ဆွမ်းကြီးလောင်းလှူပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက် ရင်ပြင်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့် မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ပွဲတော်ကျင်းပရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကာ လုပ်ငန်းဆပ်ကော်မတီများအလိုက် တာဝန်များပေးအပ်သည်။

ယမန်နှစ်က မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းကြီး လောင်းလှူပွဲတွင် ရဟန်းသာမဏေ ၁၅၉၃ ပါးတို့ကို ပဒေသာပင်ဆက်ကပ်လှူဒါန်းမှု ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိပြီး ယခုနှစ်တွင်လည်း ဘုန်းတော်ကြီးကျောင်းပေါင်း ၈၅ ကျောင်းမှ ရဟန်းသာမဏေ ၁၆၇၄ ပါးတို့အား စာရေးတံမဲဖောက်၍ ပဒေသာပင်များပြုလုပ်ကာ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ကျင်းပမည်ဖြစ်သည်။

သီပေါမဟာမြတ်မုနိဘုရားကြီးကို မန္တလေးမဟာမုနိဘုရားကြီး၏ ပုံတော်အတိုင်း သီပေါစော်ဘွားကြီး စောကြာခိုင်နှင့် ဆွေတော်မျိုးတော်များက စတင်သွန်းလောင်း၍ ကိုးကွယ်ခဲ့ခြင်းဖြစ်ရာ ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပြီး သီပေါမြို့၏ ကျက်သရေဆောင်လည်းဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ပဲခူးတိုင်းဒေသကြီးအတွင်း၌ မြို့နယ်ဘောလုံး အဖွဲ့ချုပ် ၂၀ ဖွဲ့စည်းထား

ရန်ကုန်　စက်တင်ဘာ ၂၃

မြန်မာ့ဘောလုံး ရွှေခေတ်ဘောလုံးသမားဟောင်းကြီးများဖြစ်သည့် ဦးတင်အောင် (ဂိုး) နှင့် ဦးလုရွှေလေး ဦးဆောင်သည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေးကော်မတီသည် စက်တင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ သွားရောက်ကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းပေးခဲ့ပြီး လက်ရှိအချိန်ထိ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ၂၀ ဖွဲ့စည်းထားပြီးဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ လိုက်လံဖွဲ့စည်းပေးနေခြင်းဖြစ်သည်။

ရွှေခေတ်ဘောလုံးသမားဟောင်းများ ဦးဆောင်သည့်အဖွဲ့သည် ဖြူး၊ အုတ်တွင်း၊ ရေတာရှည်၊ ထန်းတပင်၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်၊ ကဝ၊ ရွှေတောင်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ လက်ပံတန်း၊ မိုးညိုနှင့် မင်းလှတို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းခဲ့ပြီး ကျန်ရှိသည့်မြို့နယ်များတွင် ဆက်လက်ဖွဲ့စည်းပေးမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ ပညာတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မဆောင်းဦးမေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းဦး ၁၃/မဘန(နိုင်)၀၀၀၃၅၄ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ပညာတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မအေးမြတ်မွန်၏ မိခင်အမည်မှန်မှာ ဒေါ်ဆန်းတင် ၅/ကသန(နိုင်)၀၅၅၄၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးတန်းကျေးရွာ အထက(ခွဲ) အ႒မတန်းမှ မောင်ဟန်လင်း ဝေ၏ ဖခင်အမည်မှန်မှာ ဦးနိုင် ၅/အရတ(နိုင်)၀၈၆၃၇၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ အထက ဟံသာဝတီ နဝမတန်းမှ မောင်ရဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/ကလထ(နိုင်)၂၂၃၀၄၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ အထက ဟံသာဝတီ စတုတ္ထတန်းမှ မနွယ်နီဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/ထလန(နိုင်)၀၅၉၅၀၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) သရက်ကန်(န) တက္ကသိုလ်ဝင်တန်းမှ မဝိုင်းဝိုင်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ဦး ၅/ဒပယ(နိုင်)၀၂၉၁၃၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ)၊ သရက်ကန်(န) တက္ကသိုလ်ဝင်တန်းမှ မောင်ရန်နိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင် ၅/ဒပယ(နိုင်)၁၁၂၂၀၇ ဖြစ်ပါကြောင်း။

ပျောက်ဆုံးခြင်း

ကျွန်တော် မျိုးမင်း (ဘ)ဦးကျော်ငြိမ်း ၉/တကန(နိုင်)၁၄၄၃၅၈၏ နိုင်ငံကူး လက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၆၆၉၇၃၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၈-၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ပုသိမ်မြို့၊ ပုသိမ်တံတား အမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် Service Crane, ရေယာဉ်များ(Z-Craft နှင့် တွန်းသင်္ဘော)ငှားရမ်းခြင်းနှင့်၊ Bored Pile တူးခြင်းလုပ်ငန်း၊ Bentonite, 2.3 mm thick Thin Sheet, 4mm thick M.S Plate, Binding Wire,Wire Nail, Welding Rod, 5 Ply Wood, J/Wood, Ready Mixed Concrete, Angle Iron , ကျောက်ဆူးကြိုး စသည့် ပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါလျှောက်လွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၈ရက်မှ ၂၁-၁၀-၂၀၁၈ရက်အထိ

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁၀-၂၀၁၈ရက် နံနက် ၉နာရီ

၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၃-၁၀-၂၀၁၈ရက် နံနက် ၁၀နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပုသိမ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

၆။ **တင်ဒါရွေးချယ်မည့်နေရာ** - တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်အခြေစိုက်ရုံး

၇။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၀၀၈၃၈၉၅၊ ၀၉-၄၂၂၄၅၂၃၃၈တို့သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁၆)
ဖုန်း-၀၉-၄၂၀၀၈၃၈၉၅၊၀၉-၄၂၂၄၅၂၃၃၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၉၁၈၈၅ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော် ၇/ပခတ(နိုင်)၀၄၂၀၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၂၆၄၈၄ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၇/ရတန(နိုင်)၀၀၂၄၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ကင်းမကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထက်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၈/ပမန(နိုင်)၀၇၄၆၄၉ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်**

ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ကောင်းချွန်ကိုယ်ပိုင် အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းမှ မယွန်းဝတီဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၈/ဆဖန(နိုင်)၀၆၄၅၅၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ အထက ကိုင်းလယ်ကျေးရွာ တက္ကသိုလ်ဝင်တန်း(၂၀၁၈-၂၀၁၉ ပညာသင်နှစ်)မှ မဆောင်းနှင်းမေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းမောင် ၈/ပမန(နိုင်)၀၇၉၃၃၈ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းမောင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9418 Nissan Diesel CG45CW Truck (8x4)RT/S ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်အေး ၉/ပကခ(နိုင်)၀၀၀၇၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းရန်

ကြေညာချက်

ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့ စည်းမျဉ်းအပိုဒ် ၂၈ အရ ဂေါပကအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် ဂေါပကအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် အောက်ပါအတိုင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့ စည်းမျဉ်းအပိုဒ် ၁၅တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် ညီညွတ်သူဖြစ်ရပါမည်။

(ခ) လျှောက်လွှာကို သတ်မှတ်ထားသောပုံစံဖြင့် ရုံးချိန်အတွင်း တိုင်းဒေသကြီး ဘုရားဂေါပကများကြီးကြပ်ရေးကော်မတီ (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)သို့ လျှောက်ထားရပါမည်။

(ဂ) လျှောက်လွှာတင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၂၅-၁၀-၂၀၁၈ ရက် ဖြစ်ပါသည်။

(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို တိုင်းဒေသကြီး ဘုရားဂေါပကများ ကြီးကြပ်ရေးကော်မတီ(ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)တွင် ထုတ်ယူနိုင်ပါသည်။

တိုင်းဒေသကြီးဘုရားဂေါပကများ ကြီးကြပ်ရေးကော်မတီ
(ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)
ဖုန်း-၀၅၂-၂၂၀၁၈၄၀၊ ၀၅၂-၂၂၀၀၀၆၉

မိခင်အမည်မှန်

အရာတော်မြို့နယ်၊ အထက သလဲဘာ တက္ကသိုလ်ဝင်တန်းမှ မနန္ဒာဝေ၏ မိခင်အမည်မှန်မှာ ဒေါ်ငြိမ်း ၅/အရတ(နိုင်)၀၃၁၇၀၂ ဖြစ်ပါကြောင်း။ **ဒေါ်ငြိမ်း**

ဖခင်အမည်မှန်

တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ အထက(ဝဲကြီး) တက္ကသိုလ်ဝင်တန်း(B)မှ မပုံပုံချစ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် ၇/ထတပ(နိုင်)၀၇၃၅၇၁ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက ဒီပဲယင်း နဝမတန်းမှ မရီချို အောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၅/မလန(နိုင်) ၀၂၈၄၅၀ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက ရွာသစ် သတ္တမတန်းမှ မောင်ဟိန်းထွဋ်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်မာမာကြည် ၉/မခန(နိုင်)၀၀၄၄၆၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ အထက ကန့်ဒေါင့် တက္ကသိုလ်ဝင်တန်းမှ မဝါဝါထွန်း၏ ဖခင်အမည်မှန်မှာ ဦးကံဆိုင် ၈/မမန(နိုင်)၁၃၂၉၆၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာသစ် အထက အ႒မတန်းမှ မကြည်ကြည်သင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/မခန(နိုင်)၂၁၃၂၆၉ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ ဓမ္မစေတီ)ဦးပိုင်အမှတ် ၄၀(က)၊ ဧရိယာ ၀ဒသမ၁၃၂၈ကေရှိ ဦးကျော်မိုး အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား ဦးကျော်မိုး (ဘ)ဦးကံညွန့် ၉/တကန(နိုင်)၀၂၉၂၄၁မှ ဦးမြင့်လွင်(ဘ)ဦးခင်မောင် ၉/တကန(နိုင်)၀၈၃၃၂၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဦးကျော်မိုး အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဖြူးမြို့၊ အထက(၂)ဖြူး နဝမတန်းမှ မောင်စိုင်းထက်အောင်နှင့် တတိယတန်းမှ မောင်မင်းသန့်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၇/တငန(နိုင်)၁၄၃၉၁၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အထက(ခွဲ)စက်မှုဇုန် အ႒မတန်းမှ မရွှန်းလဲ့ဝေနှင့်သတ္တမတန်းမှ မောင်အာကာဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးဝီလျှံစိုးမိုးနိုင် ၈/ရစက(နိုင်)၂၀၅၈၆၂ ဖြစ်ပါကြောင်း။ **ဦးဝီလျှံစိုးမိုးနိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၁၄-ခ)၊ ဦးပိုင်အမှတ်(၃-က) မြေဧရိယာ(၀ဒသမ၃၄၃)ကေ အကျယ်အဝန်းရှိ မြေကွက်အား ဦးလွင်နိုင်ကျော် ၁၂/တမန(နိုင်)၀၈၄၇၆၈က မြေစာရင်းပုံစံ(၁၀၅-၁၀၆)ရေးကူးခွင့်နှင့် ဂရန်သစ်ထုတ်ပေးရန် တင်ပြလာခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် သူမရှိက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၁၄-ခ)၊ ဦးပိုင်အမှတ်(၂၄) မြေဧရိယာ(၀ဒသမ၁၇)ကေ အကျယ်အဝန်းရှိ မြေကွက်ကို မြို့မြေဂရန်အမှုတွဲအမှတ် (၅၈၄/၉၁-၉၂)အရ ဦးလွင်နိုင်ကျော်အမည်ဖြင့် နှစ်(၃၀)ဂရန် ထုတ်ပေးထားပါသည်။ အဆိုပါမြေဂရန်အမှုတွဲမှာ ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင် (၁က)စားရင်းတွင် ရေးသွင်းထားသော်လည်း ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းတွင် ဝင်ရောက်မှုမရှိပါသဖြင့် ဦးလွင်နိုင်ကျော် အမည်ဖြင့် သက်ဆိုင်ရာဌာနသို့အမည် စာရင်းဖြည့်စွက်နိုင်ရန် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက် ကန့် ကွက်နိုင် ကြောင်းနှင့်ကန့်ကွက်သူမရှိက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၁၄-ခ)၊ ဦးပိုင်အမှတ်(၂၂) မြေဧရိယာ(၀ဒသမ၁၀)ကေ အကျယ်အဝန်းရှိ မြေကွက်ကို မြို့မြေဂရန်အမှုတွဲအမှတ် (၅၈၃/၉၁-၉၂)အရ ဒေါ်ခင်မမစိုးအမည်ဖြင့် နှစ်(၃၀)ဂရန် ထုတ်ပေးထားပါသည်။ အဆိုပါမြေဂရန်အမှုတွဲမှာ ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင် (၁က)စားရင်းတွင် ရေးသွင်းထားသော်လည်း ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းတွင် ဝင်ရောက်မှုမရှိပါသဖြင့် ဒေါ်ခင်မမစိုး အမည်ဖြင့် သက်ဆိုင်ရာဌာနသို့အမည်စာရင်း ဖြည့်စွက်နိုင်ရန် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

(၁) ဦးသန်းထိုက်ညွန့်၊ (၂) ဒေါ်ဝင်းယုဝေ၊ (၃) ဦးဟန်မြင့်မောင်၊ (၄) ဒေါ်သင်းဝတ်ရည်သိန်းထိုက်တို့ (၄)ဦးအမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ် အမှတ် (၁၂/ဘီ-၅)၊ ဧရိယာ ၀ဒသမ၁၀၃ ဧက အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ အမှတ်(၁၂/ဘီ-၅)ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် လွှဲပြောင်းရောင်းချတော့မည်ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာအောင် (LL.B, LL.M)　ဦးညီနပ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၂၅)　အထက်တန်းရှေ့နေ(စဉ်-၂၉၃၆၁)
အမှတ် ၅၆၅၊ အခန်း (၂၀၃/၂)၊ MAC Tower၊ ဒုတိယထပ်၊
ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၁၀၉

မြန်မာနိုင်ငံလုံးဆိုင်ရာ
ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၏
ဦးဆောင်မှုဖြင့် ကျင်းပပြုလုပ်မည့် ဗုဒ္ဓဝဿာတုရားပွဲလုပ်ငန်းတော်မင်္ဂလာ
နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနား

ဖိတ်ကြားလွှာ

ဗုဒ္ဓဝဿာတုရားပွဲ လုပ်ငန်းတော်မင်္ဂလာ၏ (၂၀၀၈-၂၀၂၀)ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မျက်မှောက် (မျက်မှောက်) ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* MD ကိုယ်တိုင်တက်ရောက်ပါရန်နှင့် အကြောင်းကြောင်းကြောင့် မတက်ရောက်နိုင်ပါက မဲပေးပိုင်ခွင့်ရှိသူအား MD ၏ကိုယ်စားလှယ်လွှဲစာဖြင့် တက်ရောက်ပါရန်။
* ဖိတ်စာ(၁)စောင်လျှင် Company မှ တာဝန်ရှိသူ(၂)ဦး တက်ရောက်နိုင်ပါကြောင်းနှင့် ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်။

R.S.V.P

၂၇.၉.၂၀၁၈ (ကြာသပတေးနေ့) နံနက်(၁၀)နာရီမှ နေ့လည်(၂)နာရီအထိ 09-254441411, 09-420087632

ဇမ္ဗူသီရိဗိမာန်တော်၊ နဝဒေးရုပ်ရှင်ရုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊ (၅)ရပ်ကွက်၊ ရွာမ အရှေ့လမ်းနေ ဦးညွန့်ဦး၏သမီး အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မမိုးဦးနှင့် မထက်ထက်မိုးဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မမိုးဦး(ခ)မထက်ထက်မိုးဦး

ဖခင်အမည်မှန်

မြဝတီမြို့၊ (၁)ရပ်ကွက်၊ ခေတ္တာလမ်း၊ ရွှေလဝန်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးကလျာခိုင်၏ ဖခင်အမည်မှန်မှာ ဦးပံသုမိုး ဖြစ်ပါကြောင်း။

အမည်ပြောင်း

မြဝတီမြို့နေ ဦးသိန်းကျော်၏ သား အထက-၃၊ တက္ကသိုလ်ဝင်တန်းမှ မောင်ချမ်းသာအား မောင်အေးကိုဟု ပြောင်းလဲခေါ်ပါရန်။

(၉-၉-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးရဲမြင့်မှ အမွေစား အမွေခံ သားသမီးများအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်တုန့်ပြန်ကြေညာခြင်း

ဦးရဲမြင့် (MME-481844)၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသောသားသမီး (၅)ဦးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဝင်း(S/OKA-၀၇၁၈၅၅)၊ ဒေါ်ဥမ္မာမြင့်(၁၂/ဥကတ(နိုင်)၁၂၅၇၇၄)၊ ဒေါ်နီလာမြင့် (၁၂/ဥကတ(နိုင်)၁၃၉၅၁၁)၊ဦးရဲအောင်(S/OKA-၁၀၄၅၄၃)၊ ဦးထွန်းထွန်းလင်း (S/OKA-၁၀၂၈၈၅) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်တုန့်ပြန် ကြေညာအပ်ပါသည်။

(၁)အချင်းဖြစ်မြေနှင့်အိမ်တို့နှင့် စပ်လျဉ်း၍ အာရုံကြောရောဂါခံစားနေရသည့် ဖခင်ဦးရဲမြင့်အား ဖြားယောင်းသွေးဆောင်ကာ သားသမီး(၈)ဦးစလုံး သဘောတူညီမှုမရှိဘဲ မည်သည့်သား သမီးကမျှ တစ်ဦးတည်းသောသဘောဖြင့် ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်းတို့မပြုလုပ်ရန်တားမြစ်ကြောင်း(၂. ၁၂. ၁၃) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ အများသိရှိစေရန် သတိပေးတားမြစ်ကြောင်း ကြေညာခြင်းကို ထပ်ဆင့်အတည်ပြုကြောင်း၊

(၂)ဦးရဲမြင့်မှ တရားဝင်သားသမီးများအား သွားနုတ္တသားသမီးများဖြစ်ကြောင်း သတင်းစာကြေညာခြင်းကိစ္စနှင့်စပ်လျဉ်း၍ "တရားမဝင်ကြောင်း" တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ကြီး (၄. ၁၀. ၁၄) ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ထည့်သွင်းကြေညာခဲ့ခြင်းကို ထပ်ဆင့်အတည်ပြုကြောင်း၊

(၃)တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ ပြစ်မှုကြီးမှုအမှတ်-၁၀၂/၂၀၁၄ နှင့် အပြန်အလှန်ဖြစ်သည့် ပြစ်မှုကြီးမှုအမှတ်-၁၀၁/၂၀၁၄ ကိုထိန်ချန်တင်ပြခြင်းနှင့် စပ်လျဉ်း၍ ယင်းအမှုတွင် ဒေါ်ကြည်ကြည်ဝင်း၊ သက်နိုင်ဝင်း၊ သက်သက်နိုင် စသည်တို့အပေါ် ပြစ်ဒဏ်(ငွေဒဏ်)ချမှတ်ခြင်းခံရသည်ကို ထိန်ချန်ပြီး တစ်ဖက်သတ်ပြစ်ဒဏ်ကိုသာ ဦးရဲမြင့်ဘက်မှတင်ပြကြေညာခြင်းဖြစ်ကြောင်း၊

(၄) တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၄၅/၂၀၁၄အမှုတွင် ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာမြင့်နှင့် ဦးကျော်ဝင်းတို့မှ အမှုသည်များအဖြစ် လုံးဝပါဝင်ခြင်းမရှိသဖြင့် ဒေါ်နီလာမြင့်ပါ(၂)ဦးမှ ဦးရဲမြင့်ပါ(၅)ဦးတို့အပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၅၅၈/၂၀၁၈ဖြင့် "တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၄၅/၂၀၁၄၊ (၂၁. ၁၀. ၁၈)ရက်နေ့က ချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် တရားလိုများအပေါ် စီးနှောင်ခြင်းမရှိကြောင်း မြွက်ဟကြေငြာပေးစေလိုမှု"ဖြင့် တရားစွဲဆိုထားခြင်းဖြစ်ကြောင်း၊

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ ပါရမီလမ်း၊ ဦးပိုင်အမှတ် (၂၇)၊ မြေချိန်ဇရိယာ ၀ဒသမ၁၁၀ဇကေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ (မိခင်) ဒေါ်တင်ဦးကျန်ရှိရစ်သော ပစ္စည်းများအပေါ်အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ဒေါ်ခင်ဖုန်းနွယ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ (မိခင်)ဒေါ်တင်ဦး၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ် မထုတ်ပေးမီမှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ခင်ဖုန်းနွယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ညီ့ရွှေ)
ဒုတိယခရိုင်တရားသူကြီး(၂)၊ လားရှိုးခရိုင်တရားရုံး

ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၇၉
၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄၅

ဦးဝင်းမောင်ဌေး **နှင့်** ဗိုလ်ကြီးမောင်မောင်သန်း
ဒီကရီအနိုင်ရသူ **တရားရှုံး**

မန္တလေးမြို့၊ အမှတ်(၂)စစ်ကျောရေးနှင့်တည်းခိုရေးစခန်းနေ ဗိုလ်ကြီးမောင်မောင်သန်း (ဘ)ဦးကျော်ဇော (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၅၇၉ တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းမောင်ဌေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၆ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဦး)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘီးလင်းမြို့နယ်တရားရုံးတော်
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၁

ဦးထွန်းရီ **နှင့်** ၁။ ဒေါ်မြင့်ကြည် ၂။ ဦးအောင်ဆန်း ၃။ ဒေါ်အေး(ခ)ဒေါ်မာမာအေး ၄။ ဒေါ်တင်ရီ(ခ)ဒေါ်မျိုးဆွေ ၅။ ဒေါ်တိုးတိုးလှိုင် ၆။ မနှင်းဝေလှိုင် ၇။ မနှင်းထက်ဝေ ၈။ မောင်ကျော်ဇင်ရှိန်း ၉။ ဒေါ်ဆုမွန်အောင်

တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ မရမ်းကုန်းကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာနေ အမှတ်(၂) တရားပြိုင် ဦးအောင်ဆန်း(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းရီကအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဇော်)
ဒုတိယမြို့နယ်တရားသူကြီး
ဘီးလင်းမြို့

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးခရိုင်တရားရုံး

၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်- ၁၃၄

မန်နေဂျာ	နှင့်	၁။ ဦးအောင်အောင်
မြန်မာ့စီးပွားရေးဘဏ်(၁)		၂။ ဒေါ်ဝေဝေလွင်
မန္တလေးမြို့		
တရားနိုင်		တရားရှုံးများ

မန္တလေးခရိုင်တရားရုံးတော် တရားမကြီးမှုအမှတ် ၅၅၁/၂၀၁၇အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ခုနှစ် အောက်တိုဘာ ၂၂ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃/က)၊ ဦးပိုင်အမှတ် (၁၃-င)၊ ဧရိယာ ၀ဒသမ၀၆ဧကရှိ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၂၆×၇၆)ပေရှိ သုံးထပ် Steel Structure တိုက် အဆောက်အအုံ။

လေလံကြမ်းခင်းဈေးကျပ်သိန်း ၇၀၀၀ (ကျပ်သိန်းခုနစ်ထောင်တိတိ)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(နေစိုး)
တွဲဖက်ခရိုင်တရားသူကြီး (၁)
မန္တလေးခရိုင်တရားရုံး

---

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ကိုအောင်သန်းနိုင်

(ဒု-အကောက်ခွန်မှူး)

ချစ်လှစွာသောသား အောင်သန်းနိုင် ကွယ်လွန်သွားခဲ့သည်မှာ လေးနှစ်ပြည့် မြောက်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေဆဲပါ။ အမြဲမပြတ်ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့အား အမျှပေးဝေပါသည်။ ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ဘဝဆက်တိုင်း အသက်ရှည်၊ အနာကင်း၊ ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ-

သားလေးမြင့်မြတ်တဲ့ ဘဝကိုရရှိခံစားနိုင်ပါစေ-

မေမေ-ဒေါ်သန်းရီနှင့် မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
ကျန့်တိတ်ဘုရားကျောင်း(ဗဟို)၊ ဥက္ကဋ္ဌ
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပ စက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ (ဦးချိန်ဗုမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏သား၊ (ဦးခင်းယား-ဒေါ်ပို-ဒေါ်ကျင်မြိုင်)၊ (ဦးထွန်းအောင်-ဒေါ်စောကြူ)တို့၏သားသမက်၊ [ဒေါ်ကျင်စု(ခ)ယူအိုက်စူ]၊ ဒေါ်ခင်စန်းဝင်းတို့၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်အေးသန်း၊ ဒေါက်တာထွန်းမြင့်-ဒေါက်တာသူဇာမြရွှေ၊ ဦးသန်းဦး-ဒေါ်လှလှဝင်း၊ (ဦးစံဝင်းလှိုင်)-ဒေါ်နီနီဝင်း၊ ဦးကျော်မိုးချစ်၊ ဦးမိုးကိုဇော်-ဒေါ်တင်တင်ဝင်းတို့၏ဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘေးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အမည်မှန်

ပင်းတယမြို့၊ ရွှေပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မစုရီဖြိုး၏ အမည်မှန်မှာ မစုရည်ဖြိုး ၁၃/ကလန(နိုင်)၁၄၅၃၂၂ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H-7453 ယာဉ် လက်ဝယ်ရှိသူ Nissan Venette ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်အေး ၁၃/ညရန(နိုင်)၀၁၅၅၅၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
ကျန့်တိတ်ဘုရားကျောင်း(ဗဟို)၊ ဥက္ကဋ္ဌ
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ (ဦးချိန်ဗုမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏သား၊ (ဦးအော်ကွား-ဒေါ်ခွေးမ)၊(ဦးမောင်မောင်)-ဒေါ်ရှမ်းမ၊(ဦးရွှေဟိုး-ဒေါ်ရုပ်ဟုန်)တို့၏ညီ/မောင်၊ (ဦးဟုန်-ဒေါ်ရုပ်တီ)၊ [ဦးတင်စိန်(ခ)ဦးတီဘန်း-ဒေါ်ရှုဝေ]၊ (ဦးလှသိန်း)-ဒေါ်ရုပ်လွမ်၊ ဦးထွေး-ဒေါ်ရီ၊ ဦးအေး-ဒေါ်ခင်မျိုးလှ၊ (ဦးမောင်သိန်း)၊ဦးစိန်မင်း-ဒေါက်တာမင်းမင်းပိုက်၊ဒေါက်တာစုပင်-ဒေါ်ရင်နွဲ့၊ဒေါက်တာရဲလှိုင်-ဒေါ်ဖြူဖြူနွယ်တို့၏အစ်ကို၊ တူ၊ တူမ ၁၀၆ယောက်တို့၏ဦးလေး၊ မြေး ၁၃၆ယောက်တို့၏အဘိုး၊ မြစ် ၅၃ယောက်တို့၏အဘေးသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၄၄၈၊ မြေကွက်တည်နေရာအမှတ်-၄၄၈၊ အောင်သစ္စာလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဦးတင်လေး (PME-၀၂၇၆၀၅) ၁၂/ဗဟန(နိုင်)၀၇၃၄၉၀၊ ဒေါ်ရှုဘီကြိုင် (K/RGN-၀၂၂၅၃၇) ၁၂/ဗဟန(နိုင်) ၀၇၄၂၁၀ကို အမည်ပေါက်နှစ် ၆၀ဂရန်မြေအား ဂရန်အမည်ပေါက်များကိုယ်တိုင်မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားရာ မြေစာရင်းတွင် ၂-၉-၀၉ ရက်စွဲဖြင့် ဦးတင်လေး၊ ဒေါ်ရှုဘီကြိုင်တို့မှ ဘဏ်ချေးမြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ၁၀-၉-၁၈ရက်စွဲဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ၂၀၀၉ခုနှစ် လျှောက်ထားခဲ့သော ဘဏ်ချေးအမှုတွဲအား ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ မှန်ကန်ကြောင်းနှင့် ဘဏ်ချေး မြေပုံထုတ်ယူရရှိခဲ့ခြင်းမရှိသည်မှာ မှန်ကန်ကြောင်း အဆိုပါ မြေကွက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပါကြောင်း အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၁၀-၉-၁၈ ရက်စွဲဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုထားသောကျမ်းကျိန်လွှာဖြင့် ဝန်ခံကတိတင်ပြလာပြီး အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၀၃၆)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးမင်းမင်းစိုး (ဘ)ဦးဘို ၉/လဝန(နိုင်)၁၄၅၃၅၃ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမာဘရန် (ဘ)ဦးဘရန်အောင် ၁၃/ကခန(နိုင်) ၀၇၆၈၀၉ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းရွှေ(ခ) အွန်တီဝမ်း (သုံးခွမြို့)
ကျန့်တိတ်ဘုရားကျောင်း(ဗဟို) ဥက္ကဋ္ဌ
အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပ စက်မှုဇုန်၊ ၂လမ်း၊ အမှတ် ၁နေ ကိုမင်းမင်းအောင်-မမိုးစန္ဒာကျော်၊ ကိုအောင်ဇော်လတ်-မမြတ်စန္ဒီကျော်၊ ကိုဘိုဘိုအောင်ကြည်-မနွယ်နီစိုးကျော်၊ ကိုအောင်သူ-မဇင်ငြိမ်းငြိမ်းကျော်၊ ဒေါက်တာဖြူပြာစိုးကျော်၊ မသူသူနွေကျော်၊ မသင်းယုယုကျော်၊ ဒေါက်တာမင်းခန့်ကို၊ မခိုင်ရည်မွန်သန့်၊ မထက်သီရိအောင်၊ မခင်ရတနာဆု၊ မောင်ဘုန်းခန့်ကျော်၊ မထက်ရည်မွန်ဝင်း၊ မလဲ့ရည်မွန်သင်း၊ မောင်ထူးအောင်၊ မအေးချမ်းမိုး၊ မဇင်သူမိုးတို့၏အဘိုး၊ မဖူးပွင့်ဖြူ၊ မယွန်းမြတ်အိမ်၊ မောင်လွင်ရဲလင်း၊ မအိန္ဒြာမိုးမြင့်၊ မောင်လင်းမြတ်မင်းတို့၏အဘေးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

ကားမောင်းသင်ပေးသည်

အိမ်တိုင်ရာရောက်
အိမ်စီးကားများအတွက်
အမျိုးသမီးသီးသန့်

ဖုန်း- ၀၉-၇၉၅၂၅၈၆၈၃၊
၀၉-၇၉၅၂၅၁၇၀၇

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

မော်လမြိုင်ခရိုင်တရားရုံး

၂၀၁၈ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၂

ကွယ်လွန်သူ ဒေါ်ယု၏ ကျန်ရှိရစ်သည့်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ အမှတ်-(E/20)၌ နေထိုင်သော ကွယ်လွန်သူ ဒေါ်ယု ကျန်ရှိသောပစ္စည်းများအပေါ်၌ သေတမ်းစာ အတည်ပြုလက်မှတ်ထုတ်ပေးရန် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်-(၁၀၄၃)နေ ဒေါ်တင်နီလာစိုးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ယု၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် (လာရောက်ဆိုင်ဆိုရန် သင့်လျော်သည်ဟု ထင်မြင်လျှင်)ဆိုခဲ့သည့် ၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ရက်) နံနက် ၁၀ နာရီ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်နီလာစိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမွန်စမ်း)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ခွဲ)ညောင်ကန်၊ တက္ကသိုလ်ဝင်တန်းမှ မောင်မြင့်အေးနှင့် နဝမတန်းမှ မစိုးမြတ်သူဇာ၊ မကွေးမြို့နယ်၊ အလက(ကန်ဦး) သတ္တမတန်းမှ မရီရီဝင်း၊ အမက(သပြေရင်)စတုတ္ထတန်းမှ မောင်ပြည့်ဖြိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေခဲ ၈/မကန(နိုင်)၂၁၄၉၅၃ ဖြစ်ပါကြောင်း။

ဦးရွှေခဲ

ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ခွဲ) အလယ်ဘို၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၈/မကန(နိုင်) ၂၄၈၈၆၁ဖြစ်ပါကြောင်း။

ဦးသန်းအောင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးဆွေ ၈/ရစန(နိုင်)၂၁၃၇၀၉၁၏ သင်္ဘောသားစာအုပ်အမှတ် ရန်-၄၁၆/၇၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၁၅၆၂၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၆၊ အင်းအမှတ် ၅၃၊ မြေကွက်အမှတ် B-၁၁ အမည်ပေါက်ဦးသန့်ဇင်(ခ) ဦးဇင်ဝိုင်း ထံမှတစ်ဆင့် ဝယ်ယူထားသူ ဒေါ်နှင်းခါး ၁၃/မရန(နိုင်)၀၄၈၉၆၂၉ အမည်ဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း ဤဌာနသို့ ကိုယ်တိုင်သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေငှားစာချုပ်ထုတ်ပေးသွား မည် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ မြေကွက်အမှတ်(၄၇၁/ခ)၊ မြေကွက်အမှတ်(၁၂၈)၊ ဦးပိုင်နံပါတ်(၁၅) [illegible] အမည်ပေါက် [illegible] ထံမှ တစ်ဆင့် ဝယ်ယူထားသူ [illegible] ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း [illegible] ကန့်ကွက်နိုင်ကြောင်း [illegible]

ရှေ့နေအဖွဲ့ကိုယ်စား

ဦးဝင်းထိုက် LL.B, D.B.L. **ဒေါ်နှင်းဝတ်ရည် LL.B**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၁) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၆၀)

အမှတ်(၈၅၇/က)၊ ဖြာရုပ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉၄၃၁၄၂၂၂၅၊ ၀၉၂၅၄၁၃၅၈၂၂၊ ၀၉၂၅၄၂၀၈၁၂၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဆေးရုံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁/အလောင်းဘုရား)၊ ဦးပိုင်အမှတ် ၁၄၂၊ ဧရိယာ ၀ဒသမ၀၁၉ဧကရှိ ဦးမျိုးမြင့်လွင်(ဘ) ဦးစောလှိုင် ၉/တကန(နိုင်)၁၁၄၀၇၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်(၁၈၁/၂၀၁၈)၊ မြေတွင်းမြေ အဆင့်ပေးမေးခွန်းခြင်းစာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဆင်ဖြူရှင်)၊ ဦးပိုင်အမှတ် (၄၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကအား ဦးဝင်းအောင်(ဘ) ဦးခင်မောင်လေး ၉/ကပတ(နိုင်)၀၀၇၃၆၂ မှ တပ်ကုန်းမြို့နယ်တရားရုံး၏မှတ်ပုံတင်ကျမ်းကျိန်လွှာအမှတ် (၃၂/၂၀၁၃)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၄၅၂၅)၊ ဦးကျော်လှ ၉/ပမန(နိုင်) ၁၄၀၂၇၅ (ဘ)ဦးထွန်းကြွယ် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးသိန်းငွေ ၉/မနမ(နိုင်)၀၇၆၈၁၉ (ဘ)ဦးညိုမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်း တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဦးသိန်းရွှေ(ခ) အွန်တီဝမ်း (သုံးခွမြို့)
ကျန့်တိတ်ဘုရားကျောင်း(ဗဟို)၊ ဥက္ကဋ္ဌ
အသက်(၉၀)

ဦးသိန်းရွှေ(ခ)အွန်တီဝမ်း(အဖ ဦးချိန် ဗုမ်း)သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေး(ဖုကျန့်တရုတ်) သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မြန်မာပြည်တစ်လွှားရှိ ကျန့်တိတ် ညီအစ်ကိုများ၊ နောင်တော်များသိစေရန်နှင့် လိုက်ပါပို့ဆောင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန့်တိတ်ဗဟိုအဖွဲ့ချုပ်
(၄၉/၅၁)၊ လသာလမ်း

ခရစ်တော်၌အိပ်ပျော်ခြင်း

Steven Mang Sawm Pau အသက်(၆၇)နှစ်

တပ်ကြပ်ကြီး (စာရေး-ငြိမ်း)၊ (Sukte Beh, Gamngai)

(Yangon Chin Catholic Fellowship)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နေ ဂမ်ငိုင်ရွာသူကြီး(Pu Khup Za Mang-Pi Ciin Khaw Lun)တို့၏မြေး၊ (Pu Khup Khan Pau - Pi Kai Za Ciin) တို့၏သား၊ (ဗိုလ်ကြီးမာတန်နှင့်ဒေါ်ထူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကုန္တာသယလမ်း၊ တိုက် ၅၂ (အပေါ်ဆုံးထပ်)နေ ဒေါ်ခွန်းရီ(ခ) Pi Man Khaun Niang ၏ ချစ်လှစွာသောခင်ပွန်း၊ Pa Pau Thawn Mung @ အောင်အောင် - Nu Cin Lam Man, Pa Thawng Lam Cin @ နော်အောင် - Nu Lun San Kim, Tg.Mang Suan Khai @ ဂျိုးဆက်၊ Lia Ciin Man Lian @ လျှန်နူး, Lia Cing Ngaih Nuam @ လုမိုင်, Lia Lun Muan Kim@ ကိင်မ်နူး, Tg.Mang Sian Kop @ ကွပ်ပီးတို့၏ချစ်လှစွာသောဖခင်၊ Lia Lun Tul Niang ၏မောင်၊ Pi Zam Suan Cing (နယူးဇီလန်)-(Pu Lian Suan Mang), Pi Man Lian Lun-Pu Suan Khaw Thang (စစ်တောင်းရိပ်မွန်) တို့၏အစ်ကို၊ မြေးလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၈ရက် နံနက် ၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရှိ Our Lady of Fatima Church ၌ ဝတ်ပြုဆုတောင်းပြီးနောက် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်ကွေ့မှတ်တိုင်မှ နံနက် ၁၁း၃၀နာရီနှင့် ဆူးလေဗဟန်းလမ်းဆုံ မွန်းလွဲ ၁၂း၃၀နာရီတို့တွင်ကားများ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တစ်ဦးတည်းဖြစ်ပါကြောင်း

ဆီဆိုင်မြို့နယ်၊ တဘက်ကျေးရွာအုပ်စု၊ ပန်းကန်ကျေးရွာနေ အိမ်ထောင်စုစာရင်းအရ ဦးစိုင်းမောင်ကြီးနှင့် ဦးဝါလိန္တ ၁၃/ဆဆန(နိုင်) ၀၁၂၂၅၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဆီဆိုင်မြို့နယ်၊ တဘက်ကျေးရွာအုပ်စု၊ ပန်းကန်ကျေးရွာနေ ဦးစိုင်းမောင်ကြီး (ခ) ဦးဝါလိန္တ၏သမီး လယ်/ပြ ဒေါ်နန်းမို့မို့လွင် ၁၃/ဆဆန(နိုင်) ၀၃၉၈၀၄၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၁-၁၉၈၀ ဖြစ်ပါကြောင်း။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးချောက်ချက်(ခ)တန်လျှောင်ဘင် (မြိတ်)
အသက်(၉၃)နှစ်

မြိတ်မြို့နေ (ဦးစစ်ရှော်-ဒေါ်ယုံ)တို့၏သား၊ (ဦးအုံကာခက်-ဒေါ်ချို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ၁၁/၄နေ ဒေါ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်သီတာဝင်း(USA)၊ ဦးအေးသင်(ဒါရိုက်တာ-အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက်)-ဒေါ်စန်းစန်းနွယ်၊ ဦးသိန်းနိုင်-ဒေါ်စန်းစန်းမို၊ ဦးထိန်လင်း(Sri Asia Travels & Tours)-ဒေါ်ပို့စီ၊ ဦးကျော်နိုင်(ခ)ဦးကြုံရှင်(MD-Ei Phyo Yadanar Manufacturing)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်(ခ)ဦးအုံးတုန်း(ဆန်းသစ်လွင်ကုန်မာဆိုင်၊ မြိတ်)-ဒေါ်အေးအေးစီ၊ ဒေါက်တာအောင်လွင်(ဥက္ကဋ္ဌ၊ ပြည့်ဖြိုးထွန်းနှင့်အောင်မြတ်ဖြိုး အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)-ဒေါ်သက်စန္ဒာ(ခ)ဒေါ်ဂင်စီ၊ ဦးဝင်းကြူ(နိုင်ရတနာပွဲရုံ)-ဒေါ်မေစီ၊ ဒေါ်စန္ဒာစီ(ခ)မမီစန်းတို့၏ဖခင်၊ Mr.William Wolf-မအဏ္ဏဝါနိုင်(USA)၊ ကိုဖြိုးနိုင်-Mrs.Sandra Ryu(USA)၊ ကိုသော်ဇင်-ဒေါက်တာဖြူဖြူအေး၊ မပြုံးပြုံးပိုင်၊ ကိုအောင်ဖြိုး-မစုယဉ်မင်း၊ မပွင့်ဖြူ၊ ကိုမြတ်ကို(UK)၊ ကိုမြတ်ထူး၊ ကိုမြတ်ထွန်း၊ ကိုစိုးမင်းထက်-မဖြူဖြူအေးလှိုင်၊ ကိုဘုန်းပြည့်ကျော်၊ မဟန်နီလင်း၊ ကိုအောင်မြတ်ဖြိုး၊ ကိုအောင်ကိုထိုက်၊ ကိုစိုးလင်းအောင်-မအေးမွန်မြတ်ဦး၊ မဆုသီရိနွယ်၊ မမြတ်သီရိခိုင်၊ မောင်ကျော်စည်သူ (ခေတ္တ-Australia)၊ ကိုဇော်ဝင်းထွန်း-မဆုမျက်ချယ်၊ မဝင်းသီရိမေ၊ မအိချယ်ရီမေတို့၏အဘိုး၊ မြစ် ၁၁ ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၉-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈း၀၆နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးချောက်ချက်
အသက်(၉၃)နှစ်

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်-ဒေါ်သက်စန္ဒာ(ခ)ဒေါ်ဂင်စီတို့၏ဖခင် ဦးချောက်ချက်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးချောက်ချက် (မြိတ်)
အသက်(၉၃)နှစ်

မြန်မာနိုင်ငံ ငါးဖမ်းလှေများအသင်း အတွင်းရေးမှူး ဦးကျော်နိုင်(ခ)ဦးကြုံရှင်၏ဖခင် ဦးချောက်ချက်သည် ၂၁-၉-၂၀၁၈ရက်တွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြိတ်ခရိုင်ကင်းမွန်လုပ်ငန်းရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဦးဝင်းနိုင်ဦး-ဒေါ်တင်သန်းဦး (MAPT)တို့၏ မိခင် ဒေါ်တင်စန်း အသက်(၈၆)နှစ်သည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၃၈၇ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ
စီမံ(၁)နှင့် ပညာရှင်(၃)
1st Batch (1981-82), MAPT

ဦးမောင်စိန်
မြန်မာ့စိုက်ပျိုးရေး (လက်ထောက်မန်နေဂျာ၊ ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၇၁၄နေ (ဦးအဆုံ-ဒေါ်စိန်)တို့၏သား၊ (ဦးညီမောင်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်တင်လှိုင်၊ ဦးကောက်ဟန်-(ဒေါ်ကြင်မွေး)၊ဦးဉာဏ်ထွန်း-ဒေါ်စိန်သန်းရီ၊ ဦးမြင့်သောင်း-ဒေါ်ကြင်အေး၊ ဦးမြအောင်(ခ)ဦးဝီဆင်း-ဒေါ်ခင်မျိုးမြင့်၊ ဦးစိန်ဝင်း(ခ)ဦးဝီရိ-ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကို၊ ဒေါ်နုနုအေး၊ ဦးလှဘုန်း-ဒေါ်သိန်းသန်းငွေး၊ ဦးရဲခေါင်-ဒေါ်အေးအေးဟန်၊ ဗိုလ်ကြီးပြည့်သိမ်း-ဒေါ်မွန်မွန်စိန်၊ ကိုနွေဦးလွင်(Y.A.G)-မခိုင်ငြိမ်းအေး(5-PLUS)တို့၏ဖခင်၊ ဒေါ်အေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက် (စနေနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကြည်ဆန်းထက်
မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ်
အသက်(၅၀)

ဆရာကြီး ဒေါက်တာ ဦးမြင့်ကြည်(ညွှန်ကြားရေးမှူး၊ ငြိမ်း)၊(မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်)-ဒေါ်တင်တင်မြင့် တို့၏သား၊ ဒေါ်မိုးသီတာ၏ခင်ပွန်း ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)ဒေါက်တာစိုးနိုင်၊ ပါမောက္ခ ဒေါက်တာဝေဝေမြင့်နှင့်
မြန်မာစာဌာနမှ ဆရာ ဆရာမများ
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၈ရက် စာမျက်နှာ ၃၁ ပါ ဒေါ်ကြည်ကြည်မာ(ခ)ဒေါ်ကြည်ကြည်နွဲ့ အသက်(၈၃)နှစ် နာရေးအထူးကျေးဇူးတင်ကြော်ငြာတွင် အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာ ဦးအုန်းမြင့် (မြောက်ဥက္ကလာပပြည်သူ့ဆေးရုံ) အစား (အရှေ့အနောက် ပါရမီဆေးရုံ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးကျော်အေး အသက်(၇၇)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့၊ ယွန်းဒလင်းကုန်းကျေးရွာနေ(ဦးတင်ဦး-ဒေါ်လှရင်)တို့၏သား၊ (ဒေါက်တာဉာဏ်မိုး) - ဒေါ်လေဝှား တို့၏ညီ၊ ဒေါ်အေးအေးဝင်း၏ချစ်လှစွာသောခင်ပွန်း၊ကိုကျော်ကျော်သွင်-မဝင်းဝင်းသွယ်၊ ကိုငြိမ်းချမ်း-မမျိုးမျိုးသွယ်၊ ကိုကျော်ဝေလင်း - မလဲ့ဇာခြည်မင်း၊ မသင်းသင်းသွယ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည်၂၃-၉-၂၀၁၈ရက် နံနက် ၅း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ် ၄၁-A နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Daw Ciin Lian Niang
(ခ)ဒေါ်ကျင်လျင်းညဏ်
(Khuodai-Taithul Beh)
ဆည်မြောင်း(စက်မှုကျွမ်းကျင်-၅)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ E 4 F ဆည်မြောင်းဝင်းနေ (U Thang Suan Hang)-Daw Ngai Khan Vung တို့၏သမီး၊ U Lian Sian Kim - ဒေါ်သက်သက်ကြူ (မောင် Langh Khan Khai)၊ U Dim Khen Thawng၊ ဆရာ Thang Khen Thawng၊ မ Lian Lam Cing တို့၏အစ်မ၊ မောင် Sian Thang၏အဒေါ်သည် ၂၃-၉-၂၀၁၈ရက် နံနက် ၉း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မောနွေလဘုရားကျောင်း၊ မြောက်ဒဂုံ ၇/၈လမ်းဆုံနှင့် အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဂါဗြီအဲ(လ်)(ခ)ဦးသန်းမောင်
ကျောင်းဆရာ(ငြိမ်း)
အထက(၄)မင်္ဂလာတောင်ညွန့်၊ ယခင်ပွင့်ကောင်းကျောင်းမြောက်ဥက္ကလာပ
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ် (၂၇၈/ခ)နေ ဒေါ်ဖီလိုမီနား၏ခင်ပွန်း၊ စီစီလျား(ခ)ဒေါ်အေးအေးလွင်၊ ဦးလှမျိုးအောင်-ရိုစလင်း(ခ)ဒေါ်မြင့်ဦးလွင်၊ ခရစ္စတိုဖာ(ခ)ဦးငွေစိုး-(နန့်မာဂရတ်)-Winifed Hilda Black(a)Nwe Lay၊ အန်မေရီ(ခ)ဒေါ်နီနီသွယ်ထွန်း(မြဝတီဘဏ်)၊[ဂျိုးဇက်(ခ)ကိုမြသန်း]၊ကိုကျော်ကျော်ဦး-ဇလီဇဘက်(ခ)မစိန်စိန်လွင်၊ ဒယ်နီရဲ(ခ)ကိုအောင်ထွေးလွင်-ဂျက်စင်တား(ခ)မချယ်ရီသင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက် မွန်းလွဲ ၂း၂၀နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် သဃ်န်းကျွန်းမြို့နယ် စိန့်ဂျိုးဇက်ကက်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်စန်း(ခ)ဒေါ်ရင်စန်း
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၃၉ (မြေညီထပ်)နေ (ဦးတူး-ဒေါ်ငြိမ်းမေ)တို့၏သမီး၊ ဦးလှတင်-ဒေါ်နုယဉ်၊ (ဒေါ်ရင်ရွှေ)တို့၏ညီမ၊ (ဦးဝင်းတင်)-ဒေါ်ခင်ဆွေတို့၏အစ်မ၊ (ဦးညွန့်မောင်)၏ဇနီး၊ ကိုနိုင်ဝင်းသန့်-မစပယ်တို့၏မိခင်၊ ကိုဝင်းထွေး-မသင်းသင်းထိုက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်ထွေး အသက်(၇၉)နှစ်
(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၇နေ (ဦးဘိုးထိန်-ဒေါ်ခင်မေ)တို့၏သမီး၊ (ဦးတင်ဦး)၏ဇနီး၊ ဦးဇော်ဦး-ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်ဝေဝေဦးတို့၏မိခင်၊ မယွန်းဝတီဦး၏အဘွားသည် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၅း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၈ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်မြင့် (ကဝမြို့)
အငြိမ်းစားကျောင်းအုပ်ဆရာကြီး
အထက ကဝမြို့၊ ကန်တော့ခံဆရာကြီး
B.A, B.Ed, HGP.RL
အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ (ဦးသန်းမောင်-ဒေါ်ကျင်မေ)၊ (ဦးကျော်ငြိမ်း-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဦးမင်းမင်း-ဒေါ်ချိုချိုမြင့်၊ ဦးကိုကိုလွင်-ဒေါ်မိုမိုမြင့်၊ ဦးထင်ကျော်မြင့်-ဒေါ်လဲ့လဲ့ခိုင်၊ ဦးထင်ဇော်မြင့်-ဒေါ်အိအိစိန်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ညွန့်ကြည်၏ခင်ပွန်း၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၃-၉-၂၀၁၈ရက် နံနက် ၉နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကဝမြို့ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းဝင်း (B.A .Myanmar)
ပြည်သူ့ဆေးရုံ(ကော့မှူး)မြို့နယ်
အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၃နေ ဦးဝင်းစိန်(စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်ညွန့်ရီတို့၏သမီး၊ ဦးအောင်သက်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ဘိုကလေးမြို့နယ်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်လတ်လတ်ဝင်းတို့၏ညီမ၊ မခိုင်သွယ်ထက်၊ မောင်ဝဏ္ဏဘုန်းရှိန်တို့၏အဒေါ်သည် ၂၂-၉-၂၀၁၈ရက် ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကော့မှူးမြို့နယ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၉-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
မညို့ဖူးမြတ်သွယ်(ဖူးဖူး)
Grade 11 (YIS)
အသက်(၁၇)နှစ်

၁၅-၉-၂၀၁၈ရက် (စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားသော သမီးငယ်လေး မညို့ဖူးမြတ်သွယ်(ဖူးဖူး)၏ နာရေးကိစ္စအဝဝတွင် မိသားစုနှင့်ထပ်တူထပ်မျှ မေတ္တာစေတနာအပြည့်အဝဖြင့် ကူညီပံ့ပိုးပေးခဲ့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများဖြစ်သော YIS ကျောင်းဥက္ကဋ္ဌကြီး ဦးတင်မောင်ဝင်းနှင့်တကွ ကျောင်းအုပ်ဆရာကြီး၊ သင်ကြားပြသပေးသော ဆရာ၊ ဆရာမများ၊ YIS မိသားစုဝင်များ၊ ILBC မိသားစုဝင်များ၊ ဖူးဖူး၏ ချစ်သူငယ်ချင်းများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ပေးပို့ကြသော ချစ်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်းပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ သမီးလေးအား ရည်စူးကုသိုလ်အတွက် လှူဖွယ်ပစ္စည်းများပို့ဆောင်ပေးကြသော မိတ်ဆွေသင်္ဂဟများနှင့် လသာ(၂)မှ ချစ်သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

(ပူဆွေးကြေကွဲမှုများကြောင့် ဧည့်ဝတ်မကျေ အဆင်မပြေမှုများရှိခဲ့ပါကလည်း ခွင့်လွှတ်နားလည်ပေးပါရန် အထူးတောင်းပန်အပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယကာကြီး
ဆရာကြီး ဦးသိန်းဟန်(ခ)ဦးမြခင် အသက်(၁၀၂)နှစ်
(စ)ရပ်ကွက်လုံးဆိုင်ရာသက်ကြီးပူဇော်ကန်တော့ခံ
အမက(၄)၊ ကျောင်းအုပ်(ငြိမ်း)၊ စ/သန္တာဓမ္မာရုံ(ဥက္ကဋ္ဌ)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ခြံကြီးအရှေ့ကျေးရွာနေ(ဦးစိုး-ဒေါ်မကြီး)တို့၏သား၊ (ဦးစိန်ကြယ်-ဒေါ်စောရွှေ)တို့၏သားသမက်၊ ဒေါ်သိန်းကြည်၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ ဖလမ်း၊ အမှတ် ၄၁၀နေ (ဒေါ်သိန်းမြင့်)၏ခင်ပွန်း၊ ဦးမြင့်လွင်-ဒေါ်ခင်စန်းမြင့်၊ ဦးတင်စိုး-ဒေါ်သန်းသန်းရီ၊ ဦးစိုးမောင်-(ဒေါ်သင်းသင်းရှိန်)၊ ဦးမြင့်တင်-ဒေါ်သိန်းသိန်းရီ၊ ဒေါ်ခင်စန်းတင့်၊ ဒေါ်ခင်စန်းဝင်း(စိမ့်စိမ့်-စတိုး)၊ ဦးညီညီအောင်-ဒေါ်ခင်စန်းထွေး၊ ဦးသန်းအောင်-(ဒေါ်သင်းသင်းခိုင်)တို့၏ဖခင်၊မြေးကိုးယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမောင်စိန်(ခ)ဦးစိန် (မိုဟာမက်ဟူစိန်)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုဥပဒေရုံး(ရန်ကုန်)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၄လမ်း၊ တိုက် ၂၅၊ မြေညီ(ယာခန်း)နေ (ဦးအလီ-ဒေါ်ဖွားတီ)တို့၏သား၊ (ဦးဘိုလီ-ဒေါ်မကြီး)တို့၏သားသမက်၊ ဒေါ်ဝိုင်းမမ(ခ)ဒေါ်လှဝိုင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မမဦး(မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးခင်မောင်ကြီး(ပညာရေး၊ ငြိမ်း)၊ ဒေါ်ခင်လှလှဦး(ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်)၊ ဦးခင်အောင်ကြီး၊ ဦးအောင်ကျော်ဇော၊ ဦးသူရထူးစိန်(အထက်တန်းရှေ့နေ) - ဒေါ်ကေသွယ်မိုး(Nursing)၊ ဒေါ်ခင်နီလာဦး(ကုန်းဘောင်အထူးကုဆေးခန်း)တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၉-၂၀၁၈ရက်(စနေနေ့)နံနက် ၁း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဗိုဟိုရ်နာမာဇ်အပြီးတွင် ရေဝေးစွန္နီမွတ်စလင်မ်ကဗာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
မန်းမျိုးဝင်းထွန်း
လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း)
အလယ်တန်းပြ(ငြိမ်း)
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ ရေတိမ်ကျေးရွာနေ (မန်းထွန်းလူ-ဂါ့သိန်းမြ)တို့၏သား၊ (မန်းကွန်းလွင်စံဌေး)-ဂါ့စိန်ဝင်းကြည်(သူနာပြုဆရာမကြီး၊ ငြိမ်း)တို့၏မောင်၊ မန်းကြည်ထွန်း(ကျောင်းအုပ်၊ ငြိမ်း)-ဂါ့မာရီကူးကူတို့၏အစ်ကို၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ (၂)ရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၁၈နေ ဂါ့ခင်အေးမြင့် (သူနာပြုဆရာမကြီး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ နမ့်ခင်မျိုးအေး၊ မန်းမျိုးအောင်-နော်ရီထားအေး၊ ဦးပီတာဖိုး-နမ့်မိုးစန္ဒာဝင်း၊ မန်းမျိုးသူရ-နမ့်ဇူဇိုင်နာဝင်း၊ ဦးငြိမ်းဖြိုးဝေ-နမ့်ဥမ္မာမျိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက် (စနေနေ့) ည ၁၀း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ကျောင်းကုန်းမြို့ ပိုးကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ကျောင်းကုန်းမြို့ ကြို့ကုန်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းဝင်းလှိုင်(ခ)ဦးလှလေး
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၃၇နေ (ဦးစော-ဒေါ်ဝက်)တို့၏သား၊ သုံးခွမြို့၊ ဆယ်ရွာကျေးရွာနေ (ဦးချစ်တင်-ဒေါ်မြမြ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ကိုတင်ထိုက်ဝင်း-မတင်တင်ခိုင်၊ ကိုတင်ထိုက်လင်း၊ ကိုသန့်ဇင်အောင်-မတိုးတိုးခိုင်၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန ၁လမ်း၊ အမှတ် ၃၂၉နေ ကိုသက်နိုင်ဦး(အဲဗားဂွတ်)-မမြမွန်သန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၈ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးမြင့်သန်း
(ဒု-အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ငြိမ်း)
အသက်(၆၅)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ဇော်ဂျီလမ်းနှင့်ကံကော်လမ်းထောင့်၊ အမှတ် ၁၈၃၆နှင့် တောင်ငူမြို့နယ်၊ ငါးဖယ်အင်းကျေးရွာနေ (ဦးအုန်းမောင်)-ဒေါ်ခင်ကြည်တို့၏သား၊ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ ဗိုလ်မှူး/ဗက သက်အောင်-မချောစုစုနိုင်၊ မသက်စုစုလှိုင်(ဒု-ဦးစီးမှူး၊ နေပြည်တော်၊ ဓာတ်အားစနစ်)၊ (မောင်ကောင်းခန့်ဇင်)တို့၏ဖခင်၊ မောင်မင်းသုတကို၏အဘိုးသည် ၂၂-၉-၂၀၁၈ရက်(စနေနေ့) ည ၈း၅၀နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)အအေးတိုက်မှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နွယ်နွယ်ထွေး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်၊ ငွေလရောင်လမ်း၊ အမှတ် ၂၈နေ (ဦးချစ်ခင်-ဒေါ်ညိုခင်)တို့၏သမီး၊ (ဦးပုညလှိုင်)-ဒေါ်ခင်မာရီ၊ ဦးအေးသောင်း-ဒေါ်နွယ်နွယ်အေးတို့၏ညီမ၊ မေသဉ္ဇာ၏မိခင်၊ ဦးကျော်ကျော်ဦး (ကိုလတ်ကြီး ကားမှန်ဆိုင်)၏ ချစ်လှစွာသောဇနီးသည် ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် လာရောက်လည်ပတ်သူများဖြင့် နေ့ည စည်ကားလျက်ရှိ

မိတ္ထီလာ စက်တင်ဘာ ၂၃

မိတ္ထီလာမြို့(၁၃၅)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ ဒေသခံများသာမက ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ တောင်သာ၊ မြင်းခြံဒေသများမှ လာရောက်လည်ပတ်သူများဖြင့် နေ့အချိန်သာမက ညအချိန်တွင်လည်း စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

"(၁၃၄)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို မနှစ်က ကျင်းပတယ်ဆိုပေမယ့် H1N1 ရောဂါကူးစက်ပြန့်ပွားမှုကို မရှိအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ စျေးဆိုင်ခန်းတွေ ခင်းကျင်းတာမျိုး၊ ပျော်ပွဲရွှင်ပွဲတွေ ထည့်သွင်းကျင်းပတာမျိုးမရှိခဲ့ဘဲ မြန်မာ့ရိုးရာလောင်းလေ့ပြိုင်ပွဲပဲ ကျင်းပခဲ့ရတယ်။ ဒါကြောင့် မြို့နေရပ်ကွက်ကျေးရွာတွေက ဒေသခံတွေအနေနဲ့ ဖောင်တော်ဦးဘုရားပွဲတော်ကို မနှစ်က မလည်ပတ်နိုင်ခဲ့တာတွေကြောင့် ဒီနှစ်ဘုရားပွဲတော်မှာ စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက်နဲ့ လာရောက်လည်ပတ်ကြတာတွေ့ရတယ်။ မိတ္ထီလာ ဒေသခံတွေသာမကဘူး အနီးပတ်ဝန်းကျင်က မြို့တွေဖြစ်တဲ့ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ တောင်သာ၊ မြင်းခြံဒေသတွေကလည်း လာရောက်လည်ပတ်ကြတယ်။ ဘုရားပွဲတော်က နေ့အချိန်မှာပဲ လာရောက်ပတ်သူတွေနဲ့ စည်ကား *စာမျက်နှာ ၂ ကော်လံ ၁* ❁

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၁၉ အာရှ ယူ-၁۶ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(၄)နောက်ဆုံးနေ့ကို နီပေါနိုင်ငံ၌ မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းက ဖိလစ်ပိုင် ယူ-၁۶ အမျိုးသမီးအသင်းကို ၈းဝိုး-တစ်ဝိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းသည် သရေကျန်ခဲ့ခြင်းဖြင့် ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည် ဖြစ်သော်လည်း ဂိုးပြတ် အနိုင်ရလဒ်ဖြင့် ရာနှုန်းပြည့် နိုင်ပွဲရယူခဲ့သည်။ မြန်မာအသင်းသည် သုံးပွဲနိုင်ကိုးမှတ်ဖြင့် အုပ်စုပထမရပြီး ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သည်။ မြန်မာ ယူ-၁۶ အမျိုးသမီးအသင်းသည် အမာခံ ကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး *စာမျက်နှာ ၈ ကော်လံ ၁* ◆

MNL ချန်ပီယံဆု ရန်ကုန်အသင်း ငါးကြိမ်မြောက်ဆွတ်ခူး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ ရန်ကုန်အသင်းအား ချန်ပီယံဆုဖလားချီးမြှင့်စဉ်။
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကွင်းငါးကွင်း၌ ကျင်းပရာ ရန်ကုန်အသင်း နိုင်ပွဲရယူပြီး ချန်ပီယံဆုအား ငါးကြိမ်မြောက် ရယူနိုင်ခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Southern အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် ရန်ကုန်အသင်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး *စာမျက်နှာ ၈ ကော်လံ ၄* ✪

မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ထိုးသတ်သည့် ဂျပန်နိုင်ငံသား ခနဲ့ကို ထိုင်းနိုင်ငံသား ဖစ်(ခ) ဆန်ခွန်းကို အလဲထိုးဖြင့်ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Lethwei Nation Modern Myanmar Synergy နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သည့် Lethwei Nation Championship ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သော ဂျပန်နိုင်ငံသား ခနဲ့ကို မွေထိုင်းလက်ဝှေ့ကျော် ဖစ်(ခ) ဆန်ခွန်းကို အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်သည့် ဂျပန်နိုင်ငံသား ခနဲ့ကို(ခ)ရှေ့ကို(သတ္တိကလပ်)သည် ယခင် MMAနှင့် ကစ်ဘောက်စင် အားကစားသမားအဖြစ် ရပ်တည်ရာမှ ပြီးခဲ့သော ၂၀၁۶ ခုနှစ်မှ စတင်ကာ ရိုးရာလက်ဝှေ့လောကသို့ ချင်းနင်းဝင်ရောက်လာသူဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❖

အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက်
စာစီစာကုံး ပုဒ်ရေ ၁၀၀ ပါဝင်သည်။

ဦးရဲဝေ (မြန်မာစာ)

ပညာ့ကြယ်ပွင့်စာစီစာကုံးများ

(အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးများ)

စာစီစာကုံး ပုဒ်ရေတိုင်းတွင် နိုင်ငံကျော် ကာတွန်းပညာရှင်များ သရုပ်ဖော်ရေးဆွဲထားသည့် ရုပ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

စံပယ်ပွင့်စာပေ